# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**နိဗ္ဗာန်၌သာမွေ့လျော်ကြကုန်**

လူမိုက်တို့သည် အသပြာမိုးရွာသွန်းပေးသဖြင့်လည်း ကာမမှုတို့၌ ရောင့်ရဲတင်းတိမ်မှုတို့သည် မရှိကုန်။ အမြဲ လိုအပ်လျက်သာ ရှိကုန်၏။ မြတ်စွာဘုရား၏ တပည့် ဖြစ်ကုန်သော ပညာရှိတို့သည်ကား နတ်၌ဖြစ်သော ကာမတို့၌လည်း မွေ့လျော်ခြင်းမရှိကြကုန်။ တဏှာ ကုန်ရာ နိဗ္ဗာန်၌သာလျှင် မွေ့လျော်ကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၇)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday , 27 October 2016 (၈၇၂၇)


# (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲကျင်းပ

## ဒေသတွင်းစီမံကိန်းများ ထိရောက်စွာအသုံးပြုနိုင်ရေးလိုအပ်ကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော် အဖွင့်မိန့်ခွန်းပြောကြား

**ဟနွိုင်း အောက်တိုဘာ ၂၆**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် အမျိုးသားကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်က ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆိုလစ်တို့က မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာတွင် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များအား

**စာမျက်နှာ ၉ ကော်လံ ၁ သို့**




(၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# တန်ချိန် ၂၀၀ ကျော်ရှိ မြန်မာ့ကျောက်စိမ်းအရိုင်းတုံးကြီး ရောင်းချသွားမည်



**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်လျက်ရှိသည့် ရတနာတောင်တန်း ကျောက်မျက်ကုမ္ပဏီ၏ ဖားကန့်ရတနာမြေ မက်လင်ချောင် အကျိုးတူ (၂) လုပ်ကွက်အတွင်းမှ ထွက်ရှိသည့် အလေးချိန် စုစုပေါင်းကီလို ၂၀၀၀၀၀ (တန်ချိန် ၂၁၀)ခန့်ရှိ လုံးစွပ်ကျောက်စိမ်းအရိုင်းတုံးကြီးကို ခွဲစိတ်ပြုပြင်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျောက်စိမ်းတုံးကြီးသည် မြန်မာ့လုံးစွပ် ကျောက်စိမ်းသမိုင်းတွင် အကြီးမားဆုံးဖြစ်ကြောင်းသိရပြီး လျှိုနာကြီးများပါဝင်၍ ကတေခွံမဲ(လုံးစွပ်) ဖြစ်ကာ ယမ်းညက်၊ ယမ်းလတ်ရောနှောပါဝင်ဖွဲ့စည်းထားကြောင်း၊ ကျောက်သားမညီသည့် ဖြူကြည်အသားခံတွင် ပဲကန်စွန်းကြိုးမျှင်နှင့် ပဲကန်စွန်းလန့်ရိပ်တို့ ပါဝင်ကြောင်း၊ ကွမ်းသွေးကဲ့သို့ အနီရောင်နှင့် အနက်ရောင် အစက်အပြောက်များ ပါဝင်ကြောင်းနှင့် အသားဖြူတွင်အဖြူဆံထိုးမည့် လက္ခဏာများပါဝင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




ကြေးမုံ

# တည်တံ့ခိုင်မြဲမည့် အမွေအနှစ်

ဒီမိုကရေစီစနစ်သို့လျှောက်လှမ်းရာတွင် လူတိုင်းလူတိုင်း၌ ကိုယ်စီတာဝန်ရှိကြပါသည်။ လွတ်လပ်စွာနေထိုင်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာ တွေးတောကြံဆ တီထွင်ဖန်တီးနိုင်ခွင့်များမှာ ဒီမိုကရေစီစနစ်တွင်သာ ရရှိနိုင်သည့်အခွင့်အရေးများဖြစ်၍ လူတိုင်းတွင်တာဝန်ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ယခုအခါ ဒီမိုကရေစီအစိုးရ သက်တမ်းကာလ ခုနစ်လခန့်အတွင်း အချို့နယ်ပယ်များ၊ အထူးသဖြင့် စီးပွားရေး၊ လူမှုရေးနယ်ပယ်များတွင် လိုအပ်ချက်များရှိနေသေးသည်ကို အချို့သောသူများက ထမင်းရည်ပူလျှာလွှဲ၊ ယိုးမယ်ဖွဲ့ပြောဆိုနေကြသည်ကို ကြားသိနေရပါသည်။ အမှန်တွင် အစိုးရဟူသည်မှာ မူဝါဒ၊ လုပ်ငန်းစဉ်၊ ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများသာ ချမှတ်ပေးသူဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ရာ၌ ပြည်သူပြည်သားများ၊ ဝန်ထမ်းများ၏အခန်းကဏ္ဍများမှာ အရေးကြီးပါသည်။

ဥပမာအားဖြင့် နိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို စွန့်ပစ်ပစ္စည်းများမှာ အလွန်ပေါများလှပြီး ပတ်ဝန်းကျင်အတွက် အရုပ်ဆိုးအကျည်းတန်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုပစ္စည်းများကို သိမ်းဆည်းရန်မှာ သက်ဆိုင်ရာစည်ပင်သာယာတို့တွင်သာ တာဝန်ရှိသည်ဟု တစ်ထစ်ချမှတ်ယူထားပြီး မိမိတို့အနေဖြင့် ထိုပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်း၊ ထားသိုခြင်း၊ ပြန်လည်အသုံးချရန် တွေးတောကြံဆခြင်းတို့ အလျဉ်းမရှိနိုင်ကြသေးချေ။

အခြားနိုင်ငံများတွင် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချသည့် လုပ်ငန်းများရှိနေပြီး စီးပွားရေးဆန်ဆန် ဝင်ငွေများပင်ရရှိနေရာ အမှိုက်ထဲကရွှေထွက်သည့် သဘောကိုဆောင်နေသည်။ မြန်မာနိုင်ငံတွင် အမှိုက်ကို အမှိုက်ဟုသာ သဘောထားပြီး ရွှေဖြစ်အောင် တီထွင်ကြံဆ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန် မည်သူမျှ အားမထုတ်နိုင်ကြသေးချေ။ ချက်ချင်းလက်ငင်းရွှေဖြစ်နိုင်မည့် ရေမဆေးကျောက်ကဲ့သို့ အမှိုက်ရှာသည့်နေရာများတွင်သာ လူငယ်လူရွယ်များ ဘဝနှင့်ရင်း၍ စီးပွားဥစ္စာရှာဖွေနေကြသည်။

နိုင်ငံသားများအနေဖြင့် မိမိပတ်ဝန်းကျင်အတွက် မိမိကိုယ်တိုင်တာဝန်ယူမှု၊ တီထွင်ကြံဆ အကောင်အထည်ဖော်နိုင်မှုဟူသည့် စိတ်ဓာတ်ပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့ရသည်။ မိမိတို့ဘဝကို ပြောင်းလဲရန်မှာ ယနေ့အချိန်မှစတင်၍ ပြောင်းလဲဆောင်ရွက်လိုက်ဖို့ဖြစ်သည်။ မိမိပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် မိမိကိုယ်တိုင်တာဝန်ယူပါသည်ဟူသော အချက်မှစတင်လိုက်ဖို့ဖြစ်သည်။ စွန့်ပစ်ပစ္စည်းဆိုသည်မှာ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်အရာ မဟုတ်ဘဲ မိမိတို့နိုင်ငံအတွက် မည်မျှအသုံးကျစေမည့် အရာဖြစ်လာစေရန် မည်သို့ဆောင်ရွက်ရမည်ကို လေ့လာဆည်းပူးတီထွင်ကြံဆ လုပ်ကိုင်ကြဖို့လိုမည်ဖြစ်သည်။ ယင်းသည် မှန်မြတ်သောအလုပ်၊ ကောင်းမွန်သော၊ သန့်ရှင်းသောအလုပ်ဖြစ်ပြီး မိမိအစွမ်းအစနှင့် လုပ်ရည်ကိုင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့် မိမိပတ်ဝန်းကျင်၊ မိမိအသိုက်အဝန်းနှင့် မိမိ နိုင်ငံကို အကျိုးပြုစေမည့် လုပ်ဆောင်မှုမျိုးဖြင့် တက်လှမ်းစေချင်ပါသည်။

ဤနေရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းမှာလည်း အရေးကြီးသည်။ လုပ်ငန်းရှင်များ၊ မတည်ထူထောင်ပေးနိုင်သူများအနေဖြင့်လည်း လူငယ်လူရွယ်များနှင့်ပူးပေါင်းလက်တွဲကာ မိမိနိုင်ငံအနာဂတ် တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်စေချင်ပါသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတကာ၏ ကူညီထောက်ပံ့ပေးနိုင်မှု အခွင့်အလမ်းများ ရှိနေပြီဖြစ်သည်။

ယခုအခြေအနေကဲ့သို့ အစိုးရအပိုင်း၊ လုပ်ငန်းရှင်များအပိုင်းတို့ ပူးပေါင်းဆောင်ရွက် ညှိနှိုင်းအဖြေရှာခြင်းများကို မကြာခဏဆောင်ရွက်ခြင်းအားဖြင့် လူငယ်လူရွယ်များအတွက် အခွင့်အလမ်းကောင်းများကို ထည့်သွင်းစဉ်းစား အကောင်အထည်ဖော် ပေးသွားကြရမည်ဖြစ်သည်။ ထိုလုပ်ဆောင်ချက်များသည် လူငယ်လူရွယ်များအတွက် အမှန်တကယ်တန်ဖိုးရှိပြီး အနာဂတ်အတွက် တည်တံ့ခိုင်မြဲမည့် အမွေခံကောင်းများကို ဖြစ်လာစေနိုင်သည်။

သို့ဖြစ်ရာ မိမိတို့ဘဝ၊ မိမိတို့နိုင်ငံ အမှန်တကယ်ပြောင်းလဲလာစေလိုလျှင် မည်သူ့ကိုမျှအပြစ်တင်မနေဘဲ မိမိတို့လုပ်နိုင်သည်များကို ယခုအချိန်မှစတင်ကာ လုပ်ဆောင်ခြင်းဖြင့် ကောင်းသောအနာဂတ်ကို ဝိုင်းဝန်းပါဝင်တည်ဆောက်ကြဖို့ လိုအပ်မည်ဖြစ်ပါသည်။ ။

## ညောင်တုန်းမြို့အတွင်း သက်တမ်းကုန်မုန့်များစစ်ဆေး

**ညောင်တုန်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး မြို့ပေါ်အထက(၂) နတ်ပေးကျေးရွာ အထကတို့တွင် ရောင်းချနေသော မုန့်ဈေးတန်းများအား အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ကွင်းဆင်းလေ့လာစိစစ် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းမုန့်ဈေးတန်းများ၌ ရောင်းချနေသော မုန့်များတွင် သက်တမ်းကုန်မုန့်များနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စားသုံးရန်မသင့်ဟု ကြေညာထားသော မုန့်များ စစ်ဆေးတွေ့ရှိ၍ ယင်းအဖွဲ့က စနစ်တကျသိမ်းဆည်းပြီး ကျောင်းအုပ်ဆရာမကြီးများထံအပ်နှံကာ နောင်တွင် အဆိုပါ သက်တမ်းကုန် မုန့်များအား မရောင်းချရေးကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

အဆိုပါ မုန့်ဈေးတန်းများတွင် ရောင်းချနေသော ဆိုင်ရှင်များအား ခေါ်ယူ၍ မုန့်များဝယ်ယူရောင်းချရာတွင် မုန့်ထုပ်များတွင်ပါဝင်သည့် သက်တမ်းကုန်ရက်စွဲများအား စနစ်တကျကြည့်ရှု ဝယ်ယူရောင်းချကြရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**




## ကလေးစာပေပွဲတော် အောင်မြင်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့် ကလေးစာပေပွဲတော် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေးနှင့် တက္ကသိုလ်ဝင်တန်းအဆင့် အောင်ချက်မြင့်မားရေး တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူး ဦးစိုးဝင်းက တက္ကသိုလ်ဝင်တန်းအဆင့် အောင်ချက်မြင့်မားရေးအတွက် တာဝန်ရှိသော ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဘာသာရပ်သင် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏လုပ်ငန်းများ တိကျသေချာစွာ ဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများအပေါ် မှန်ကန်သောဆုံးဖြတ်ချက်များ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ကြရန်မှာကြားပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ကလေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျင်းပပေးမည့် ကလေးစာပေပွဲတော်ကို မိမိတို့ပညာရေးဝန်ထမ်းများအနေဖြင့်လည်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရေး အခြေခံပညာကျောင်းများအလိုက် ကြိုတင်ဆောင်ရွက်ထားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဒက္ခိဏသီရိခရိုင်ပညာရေးမှူး ဦးဝင်းသိန်း၊ ဥတ္တရခရိုင်ပညာရေးမှူး ဦးကြည်ရွှင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**သန့်မောင်**

## ရော်ဘာရောင်းသူ၊ ဝယ်သူတွေ့ဆုံပွဲနှင့် ထုတ်ကုန်ပြပွဲပြုလုပ်

**မော်လမြိုင် အောက်တိုဘာ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ ငွေမိုးဟိုတယ်ခန်းမ၌ ရော်ဘာရောင်းသူ၊ ဝယ်သူတွေ့ဆုံပွဲနှင့် ထုတ်ကုန်ပြပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

တွေ့ဆုံပွဲတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့် GRO စီမံကိန်း ဒါရိုက်တာ Fabad Mobz တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဒေါက်တာ အေးအေးခိုင် (Assistant Professor) က Robber Outlook ခေါင်းစဉ် ဖြင့်လည်းကောင်း၊ Sri Trang Company ကလည်းကောင်း တင်ပြဆွေးနွေးခြင်းများ ပြုလုပ်သည်။

ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းက ရော်ဘာစိုက်ပျိုးရေးပြခန်း၊ ရော်ဘာခြံသုံး ပစ္စည်းပြခန်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ပြခန်း၊ အဆင့်မြင့်မှိုင်းခံ ရော်ဘာပြားထုတ်စက်ရုံပြခန်း၊ NRE ENGINEERING ပြခန်း စုစုပေါင်းပြခန်း ၁၀ ခန်းအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**




## မှုခင်းအသိပညာပေးယာဉ် ခေတ်အေးကျေးရွာ၌ ရောက်ရှိပြသ

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာ၌ ရွှေတွင်းကုန်း ရဲစခန်းမှ ဒု-ရဲမှူးတင်ထွေးဦးစီးသော အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒု-ရဲအုပ်ဇေယျာလင်းနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော မှုခင်းပညာပေး ပြခန်းယာဉ်သည် နယ်လှည့်အစီအစဉ်ဖြင့် အောက်တိုဘာ တတိယပတ်က ခေတ်အေးကျေးရွာစာကြည့်တိုက်သို့ ရောက်ရှိရာ ကျေးရွာနေပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ခရီးသွားပြည်သူ ၃၀၀ ခန့် လာရောက်လေ့လာကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ မှုခင်းအသိပညာပေးယာဉ်သည် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လှည့်လည်ပြသလျက်ရှိရာ အခြားကျန်ရှိနေသောကျေးရွာများသို့လည်း လှည့်လည်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မေသုခ**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများအကြား တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာန ခုနစ်ခုမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာဖြစ်ကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ် အချိန်ဇယားကိုလည်း ထုတ်ပြန်ပေးပြီးဖြစ်ကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းကို ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ မဲစာရင်းအား အခြေခံဆောင်ရွက်ရန် ဥပဒေတွင် ပြဋ္ဌာန်းထား၍ အဆိုပါမဲစာရင်းကိုအခြေခံပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် Door to Door စိစစ်ကောက်ယူသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၅ ရွေးကောက်ပွဲ၏ အားနည်းချက်များကိုသုံးသပ်ပြီး အဆင်ပြေချောမွေ့စေရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လစ်လပ်မဲဆန္ဒနယ်များရှိ ယခင်မဲရုံပြုလုပ်ခဲ့သည့် စာသင်ကျောင်းများတွင် မဲရုံများပြုလုပ်နိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းအများစုကိုလည်း ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများကိုသာ ခန့်ထားဆောင်ရွက်မှာဖြစ်၍ ကြိုတင်လျာထား ဆောင်ရွက်ပေးစေလိုကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို စောင့်ကြည့်လေ့လာခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတပြီး ပြည်သူ့ဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲဖြစ်အောင် ကျင်းပပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ၌ ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များ၊ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အစီအမံများအား အသေးစိတ်ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ဆောင်ရွက်ခဲ့ရာတွင် တွေ့ကြုံခဲ့ရသည့် အားနည်းချက်များအား အကြံပြုဆွေးနွေးတင်ပြ၍ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

# ပြည်ပနိုင်ငံများသို့ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးလုပ်ငန်းစဉ်များ အသိပေးကြေညာထား

**နေပြည်တော် အောက်တိုဘာ ၂၆**

ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားအသစ်များအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများအနက်မှ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ အလုပ် (PJ) (Passport for Job) ဖြင့် သွားရောက်လုပ်ကိုင်နိုင်ရေးလုပ်ငန်းစဉ်သည် အလုပ်သမားအသစ်များအတွက် တစ်ဆင့်ခံပွဲစားများ၏ လိမ်လည်လှည့်ဖြားမှုအန္တရာယ်မှ ကင်းဝေးစေရေး၊ ပြည်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများ၏စာရင်းနှင့် သတင်းအချက်အလက်များရရှိနိုင်ရေး၊ ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရေးနှင့် ပြည်ပနိုင်ငံများရှိပြဋ္ဌာန်းထားသည့်ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးများရရှိနိုင်စေရေး ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ အလည်အပတ် (PV) (Passport for Visit)ဖြင့် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများသည် နိုင်ငံကူးလက်မှတ်သက်တမ်းတိုးရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရနိုင်ခြင်း၊ အလည်အပတ်ဗီဇာ၏ ခွင့်ပြုကာလသက်တမ်းကုန်ဆုံးချိန်၌ ပြည်ပနိုင်ငံများတွင် ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြင်း၊ အလုပ် (PJ) (Passport for Job) ကိုင်ဆောင်ထားခြင်းမရှိသည့်အတွက် လုပ်ငန်းခွင်လုံခြုံမှုမရှိနိုင်ခြင်း၊ ပြည်ပနိုင်ငံများသို့ အလည်အပတ်သွားသူများနှင့် အလုပ်လုပ်ကိုင်ရန် သွားရောက်သူများခွဲခြားရန်ခက်ခဲမှုရှိခြင်းတို့အပြင် လူပွဲစားများက ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် အလည်အပတ် (PV) (Passport for Visit) များကိုကြိုတင်ပြုလုပ်၍ နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားပြီး ကုန်ကျငွေများ ပိုမိုတောင်းခံနေမှုကြောင့် မလိုလားအပ်သည့်ပြဿနာများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အလည်အပတ် (PV) (Passport for Visit) ဖြင့် သွားရောက်ရာတွင် ပြည်ပနိုင်ငံများရှိလေဆိပ်များ၌ ထိန်းသိမ်းခံရခြင်း၊ အရေးယူခံရခြင်းများရှိနေပြီး အလုပ် (PJ) (Passport for Job) ဖြင့် ပြည်ပသို့တရားဝင်သွားရောက်ခြင်း မရှိသဖြင့် ပြည်ပနိုင်ငံများတွင် ဒုက္ခရောက်ရသကဲ့သို့ မလိုလားအပ်သည့် ပြဿနာများဖြစ်ပေါ်နေခြင်းကြောင့် လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ တရားဝင်အလုပ်သမားအသစ် စေလွှတ်မှုများအား အလုပ် (PJ) (Passport for Job) များဖြင့်သာ ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အလုပ်ခေါ်စာ (Demand Letter) ရရှိထားပြီး နှစ်နိုင်ငံအလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များကြောင့် သတ်မှတ်ချိန်အတွင်း စေလွှတ်နိုင်မှုမရှိသူများအား ၂၀၁၇ ခုနှစ် ဇွန်လ ၁ ရက်အထိ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားများပြုလုပ်၍ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစဉ်တွင် ထိုင်းနိုင်ငံ၌ နိုင်ငံတော်အစီအစဉ်ဖြင့် အထောက်အထားထုတ်ပေးထားသည့် ယာယီနိုင်ငံကူးလက်မှတ်၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity -CI) ကိုင်ဆောင်ထားသော အလုပ်သမားများ၊ ပြည်ပနိုင်ငံသို့ ယခင်ကတည်းက ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ပြန်လာကြောင်းခိုင်မာသည့် အထောက်အထားပြနိုင်သည့် အလုပ်သမားများ အကျုံးဝင်မှုမရှိကြောင်း သိရသည်။

အသေးစိတ်သိရှိလိုသည့် အချက်များနှင့် အခက်အခဲရှိပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ ဖုန်းအမှတ်-၀၆၇-၄၃၀၁၈၆၊ ၄၃၀၁၈၃၊ E-mail – dolmigration@gmail.com သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၂၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟို အလုပ်အမှုဆောင်အဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ်ရှိ အဆိုပါ ပါတီဌာနချုပ်တွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ နာယက ဦးတင်ဦးက အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းလုပ်ဆောင်ကြရန်နှင့် ပါတီအောင်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များသည် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဦးဉာဏ်ဝင်းတို့က ဆွေးနွေးတင်ပြကြသည်။

တက်ရောက်လာကြသော ကိုယ်စားလှယ်များက ရန်ကုန်တိုင်းဒေသကြီးအတွင်း လစ်လပ်မဲဆန္ဒနယ်မြေ ငါးနေရာအတွက် ရွေးကောက်ပွဲ အနိုင်ရရှိရေး ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မည့် အခြေအနေများ၊ လက်ရှိစည်းရုံးရေးဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပါတီဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **ကိုလတ်(သတင်းစဉ်)**

❒ တန်ချိန် ၂၀၀ မှ

ကျောက်စိမ်းတုံးကြီးကို တူးဖော်စဉ် လျှိုနာများ ပဲ့ထွက်၍ အလေးချိန်ကီလို ၁၇၄၆၀၀ (၁၇၄ ဒသမ ၆၀ တန်)ခန့်၊ ၉၃၂၅ ကီလို (၉ ဒသမ ၃၂ တန်ခန့်)၊ ၁၀၂၇၅ ကီလို (၁၀ ဒသမ ၂၇ တန်ခန့်)၊ ၅၂၈၀ ကီလို (၅ ဒသမ ၂၈ တန်ခန့်)၊ ၆၈၂၀ ကီလို (၆ ဒသမ ၈၂ တန်ခန့်) နှင့် ကီလို ၃၇၀၀ (၃ ဒသမ ၇၀ တန်ခန့်) ရှိ အစိတ်အပိုင်း ခြောက်ပိုင်း ကွဲထွက်ခဲ့သည်။

အဆိုပါ ကျောက်စိမ်းရိုင်းတုံးများအား မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် တန်ဖိုးဖြတ်အဖွဲ့က တန်ဖိုးငွေကျပ် ၇ ဒသမ ၂၇၈၃ ဘီလီယံသတ်မှတ်ခဲ့ပြီး နိုင်ငံတော်မှ ရတနာခွန် (တွင်းဝခွန်) ငွေကျပ် ၁ ဒသမ ၄၅၅၆ ဘီလီယံရရှိမည်ဖြစ်သည်။

ထို့ပြင် အခွန်အခများ ပေးသွင်းပြီးနောက် အကျိုးတူစာချုပ်အရ နိုင်ငံတော်မှ ၂၅ ရာခိုင်နှုန်းနှင့် ကုမ္ပဏီမှ ၇၅ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြသရောင်းချပြီးပါက နိုင်ငံတော်အနေဖြင့် အထူးကုန်စည်ခွန် ၂၀ ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းနှင့် ပြပွဲဝန်ဆောင်ခ သုံးရာခိုင်နှုန်း ရရှိမည်ဖြစ်သည်။

**မင်းမင်းဇော်(ကလေး)**

**ဓာတ်ပုံ-မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း**

# ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဩဂုတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၇ ဒသမ ၃၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၉ ဒသမ ၅၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၇၆ ဒသမ ၉၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၀၇ ဒသမ ၁၆ သန်း၊ နယ်စပ်သွင်းကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၇၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၅၃ ဒသမ ၈၇ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဩဂုတ်လအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၃၀ ဒသမ ၈၄ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၉၀ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၁၀၈ ဒသမ ၀၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၅၄ ဒသမ ၄၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၆၂ ဒသမ ၄၇ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၂၇၈ ဒသမ ၂၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၆ ဒသမ ၀၉ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၂၄ ဒသမ ၃၁ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁၁၃၈၆ ဒသမ ၇၈ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဩဂုတ်လအတွင်း စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၆၁ ဒသမ ၈၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

# ကလင်တန်၏ ဆီးရီးယားမူဝါဒကြောင့် တတိယကမ္ဘာစစ်ဖြစ်ပွားနိုင်ကြောင်း ထရန့်ပြောကြား

**နယူးယောက် အောက်တိုဘာ ၂၆**
ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်က ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်၏ ဆီးရီးယားမူဝါဒမှာ နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် ရုရှားနိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားနိုင်ဖွယ်ရှိမှုကြောင့် တတိယကမ္ဘာစစ်သို့ဦးတည်နိုင်ကြောင်း အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားသည်။

အမေရိကန်၏မူဝါဒများ ကာလရှည်စွာ ကျဆုံးရခြင်းမှာ အိုင်အက်စ်တို့ကို တိုက်ခိုက်ချေမှုန်းရေးထက် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ် ဖြုတ်ချရေးကို ပိုမိုဦးစားပေးနေခြင်းကြောင့်ဖြစ်ကြောင်း ထရန့်က နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်သည့် တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ပြောကြားသည်။

ထရန့်က ကလင်တန်အနေဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မည်ကဲ့သို့စေ့စပ်ညှိနှိုင်းမလဲဟု မေးခွန်းထုတ်ခဲ့သကဲ့သို့ သမ္မတ အိုဘားမားကိုလည်း ဖိလစ်ပိုင်သမ္မတသစ် ရိုဒရီဂို ဒူတာတေးလက်ထက်တွင် အမေရိကန်နှင့် ဆက်ဆံရေးအကျဘက်ရောက်ရှိနေမှုကို ပြစ်တင်ဝေဖန်ခဲ့သည်။ ထို့ပြင် ထရန့်က ရီပတ်ဘလီကန်ပါတီ၏ စည်းလုံးညီညွတ်မှုမရှိခြင်းကိုလည်း ညည်းညူခဲ့ပြီး ပါတီခေါင်းဆောင်များကသာ သူ့ကိုထောက်ခံခဲ့လျှင် ရွေးကောက်ပွဲကို အလွယ်တကူအနိုင်ရရှိနိုင်ကြောင်း ပြောကြားသည်။



ဆီးရီးယားပြည်တွင်းစစ်နှင့်ပတ်သက်ပြီး ကလင်တန်သည် အမေရိကန်နိုင်ငံကို ကမ္ဘာ့စစ်ပွဲအတွင်းသို့ ဆွဲသွင်းသွားနိုင်ကြောင်း ထရန့်က ပြောကြားသည်။ ကလင်တန်က ဆီးရီးယားတွင် လေယာဉ်မပျံသန်းရဇုန် သတ်မှတ်ပေးရန် တောင်းဆိုခဲ့ပြီး အဆိုပါ လေယာဉ်မပျံသန်းရဇုန်သတ်မှတ်ခြင်းသည် အမေရိကန်အနေဖြင့် ရုရှားတိုက်လေယာဉ်များနှင့် တိုက်ရိုက်ပဋိပက္ခဖြစ်ပွားနိုင်ကြောင်း လေ့လာသူအချို့က သုံးသပ်ကြသည်။ **ရိုက်တာ။**

# မိန့်ခွန်းစာလွှာစာတမ်းများ ပေါက်ကြားမှု တောင်ကိုရီးယားသမ္မတ ဝန်ချတောင်းပန်

**ဆိုးလ် အောက်တိုဘာ ၂၆**
မိတ်ဆွေတစ်ဦးအား မိန့်ခွန်းမူကြမ်းများကို ပြသကာ အကြံဉာဏ်ရယူခဲ့ခြင်းအတွက် တောင်ကိုရီးယားသမ္မတ ပတ်ကွမ်ဟေးက ပြည်သူလူထုကို ဝန်ချတောင်းပန်လိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတပတ်၏ မိတ်ဆွေ ချိုင်ဆွန်းဇီ၏ ကိုယ်ပိုင်ကွန်ပျူတာ ဖိုင်များအတွင်း ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အစောပိုင်းကာလအထိ သမ္မတ၏ မိန့်ခွန်းမူကြမ်းများကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း တောင်ကိုရီးယား ဂျေတီဘီစီ ရုပ်မြင်သံကြားဌာနက အောက်တိုဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်ကြေညာခဲ့ပြီးနောက် သမ္မတ ပတ်က ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ဝမ်းနည်းမိသည်ဟု ပြည်သူများအား တောင်းပန်ခဲ့သည်။

သမ္မတတစ်ဦးအနေဖြင့် ရာထူးသက်တမ်းတစ်ခုမက ထမ်းဆောင်ခွင့်ရရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်နိုင်ရန် သမ္မတပတ်က ကြိုးပမ်းနေစဉ်အတွင်း ပြည်သူလူထုကို ဝန်ချတောင်းပန်လိုက်ရခြင်းဖြစ်သည်။
**ရိုက်တာ။**




# အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ သီရိလင်္ကာစစ်ပြေးဒုက္ခသည်များ နေရင်းအရပ်များသို့ ပြန်မည်

**ကိုလံဘို အောက်တိုဘာ ၂၆**
နှစ် ၃၀ ကြာ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကာလအတွင်း၌ အိန္ဒိယနိုင်ငံတောင်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည့် သီရိလင်္ကာနိုင်ငံသား စစ်ပြေးဒုက္ခသည်များသည် မူလနေရင်းနိုင်ငံသို့ ပြန်လာကြတော့မည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။



သီရိလင်္ကာအစိုးရက ထုတ်ပြန်သော စာရင်းများအရ ၂၀၁၁ ခုနှစ်နောက်ပိုင်း သီရိလင်္ကာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် စစ်ပြေးဒုက္ခသည်ဦးရေမှာ အိမ်ထောင်စုပေါင်း ၁၈၈၂ စုမှ ၅၁၆၅ ဦးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးပြည်နယ်မှ တမီလ်လူမျိုး စစ်ပြေးဒုက္ခသည် ၄၀ ခန့်သည် အောက်တိုဘာ ၂၆ ရက်တွင် ကုလသမဂ္ဂက အထောက်အကူပေးသော ဒုက္ခသည်များ နေရပ်ပြန်ရေးအစီအစဉ်အရ သီရိလင်္ကာသို့ ပြန်လာကြမည်ဖြစ်သည်။

သီရိလင်္ကာသို့ ပြန်လာကြမည့် ဒုက္ခသည် ၄၀ တွင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁၈ ဦးပါဝင်ပြီး ၎င်းတို့သည် သီရိလင်္ကာမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့ရှိ ၎င်းတို့၏နေရပ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သီရိလင်္ကာအကျဉ်းထောင်များ ပြန်လည်ပြုပြင်ပြောင်းလဲရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ဟိန္ဒူဘာသာရေးဆိုင်ရာဝန်ကြီး ဗီမဆီပက်နာနာဆိုဘီက ပြောကြားသည်။

ပြည်တွင်းစစ်ပွဲအတွင်း နေအိမ်များ ဆုံးရှုံးခဲ့ရသော ယင်းစစ်ပြေးဒုက္ခသည်များအတွက် သီရိလင်္ကာအစိုးရက အိမ်ရာဆောက်လုပ်ရေးအစီအစဉ်များဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ **ဆင်ဟွာ။**

# နှစ်နှစ်အတွင်း တိုင်းပြည်အတွင်းမှ ပြည်ပတပ်ဖွဲ့များ ထွက်ခွာသွားရန် ဒူတာတေး လိုလား

**တိုကျို အောက်တိုဘာ ၂၆**
ဖြစ်နိုင်ပါက လာမည့်နှစ်နှစ်အတွင်း တိုင်းပြည်အတွင်းမှ ပြည်ပတပ်ဖွဲ့များထွက်ခွာသွားစေလိုကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ပြောကြားသည်။

ဂျပန်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီး ရောက်ရှိနေသော ဒူတာတေးက အဆိုပါမှတ်ချက်စကားကို ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်မတွေ့ဆုံမီ ပြောကြားခဲ့ခြင်းဖြစ်သည်။ ရာစုဝက်တစ်ခုကျော် ဖိလစ်ပိုင်နိုင်ငံကို ကိုလိုနီပြုလုပ်ခဲ့သော အမေရိကန်ပြည်ထောင်စုကို ရည်ညွှန်း၍ ၎င်းက လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို လက်ကိုင်ပြုမည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံက အမေရိကန်ပြည်ထောင်စု၏အကူအညီမပါဘဲ အသက်ဆက်မည်ဖြစ်ကြောင်း ဒူတာတေးက ဆိုသည်။

၁၉၉၀ ပြည့်နှစ်များတွင် ဖိလစ်ပိုင်နိုင်ငံက အမေရိကန်တပ်ဖွဲ့ဝင်များကိုနှင်ထုတ်ပြီးနောက်ပိုင်း တိုင်းပြည်အတွင်း အမေရိကန်တပ်ဖွဲ့များ ပြန်လည်ဝင်ရောက်ခွင့်ပြုသည့် အဆင့်မြှင့်ထားသော ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တစ်ရပ်ကို ဖိလစ်ပိုင်သမ္မတဟောင်း အကွီနိုက ၂၀၁၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် လက်မှတ်ရေးထိုးခဲ့သည်။ ဇွန်လအတွင်း အာဏာစတင်ရရှိလာခဲ့သည့် ဒူတာတေးက ပြီးခဲ့သောနှစ်လအတွင်း ပယ်ဖျက်ထားသော ကာကွယ်ရေးဆိုင်ရာသဘောတူညီချက်များနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့သည်ဟု ဆိုသည်။

အစောပိုင်းကလည်း အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးအတွက် ဖိလစ်ပိုင်တပ်မတော်ကိုကူညီရန် တာဝန်ပေးအပ်ခြင်းခံရသည့် ဇမ်ဘိုအန်ဂါမြို့တော်ရှိ အမေရိကန်အထူးတပ်ဖွဲ့ဝင် ၁၀၀ ခန့်ကိုနှင်ထုတ်ရန် ဒူတာတေးက တောင်းဆိုခဲ့သည်။ **ဆင်ဟွာ။**

# နော်ဝေရှိ အဏုမြူဓာတ်ပေါင်းဖိုတွင် ယိုစိမ့်မှုဖြစ်ပွားသော်လည်း ထိခိုက်မှုမရှိ

**အော်စလို အောက်တိုဘာ ၂၆**
နော်ဝေနိုင်ငံရှိ အဏုမြူဓာတ်ပေါင်းဖိုတစ်လုံးတွင် ရေဒီယိုသတ္တိကြွအိုင်အိုဒင်း ယိုစိမ့်မှုဖြစ်ပွားခဲ့သော်လည်း ထိခိုက်သူမရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နော်ဝေနိုင်ငံတောင်ပိုင်း ဟယ်ဒင်းမြို့ တောင်စောင်းတစ်နေရာတွင် တည်ဆောက်ထားပြီး စွမ်းအင်နည်းပညာသိပ္ပံက သုတေသနပြုလုပ်ရာတွင် အသုံးပြုလျက်ရှိသော အဏုမြူဓာတ်ပေါင်းဖိုစက်ရုံတွင် ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဓာတ်ရောင်ခြည်ကာကွယ်ရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ယိုစိမ့်မှုဖြစ်ပွားခဲ့သော စက်ရုံမှာ အသေးစားစက်ရုံတစ်ရုံဖြစ်ပြီး ဝေးလံသီခေါင်သောအရပ်၌ တည်ရှိကာ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိကြောင်း၊ ယခုအခါ ယင်းစက်ရုံကို ပိတ်ထားကြောင်း စွမ်းအင်နည်းပညာသိပ္ပံ၏သုတေသနညွှန်ကြားရေးမှူး အတ္တလီမယ်ဆက်က ပြောကြားသည်။

အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ယိုစိမ့်မှုစတင်ဖြစ်ပွားခဲ့ရာ ဓာတ်ပေါင်းဖိုစက်ရုံရှိ ဝန်ထမ်းများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ နောက်ပိုင်းတွင် ယိုစိမ့်မှုဖြစ်ပွားရသည့်အကြောင်းတရားနှင့် ယိုစိမ့်မှုအတိုင်းအတာကို သိနိုင်ရေးအတွက် လေ့လာစူးစမ်းရန် ဓာတ်ပေါင်းဖိုစက်ရုံ၏ ဝန်ထမ်းအချို့မှာ စက်ရုံသို့ပြန်လည်ရောက်ရှိလာခဲ့ကြသည်ဆို၏။ ရေဒီယိုသတ္တိကြွအိုင်အိုဒင်း ယိုစိမ့်မှုဖြစ်ရပ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက မိမိတို့ထံ ချက်ချင်းအကြောင်းကြားခြင်းမရှိဘဲ နောက်တစ်ရက်အကြာတွင်မှ အကြောင်းကြားခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဓာတ်ရောင်ခြည်ကာကွယ်ရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**



# ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးနှင့် အင်္ဂလန်နိုင်ငံမှ ပညာရှင်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား အင်္ဂလန်နိုင်ငံမှ Chief Executive of Health Education England (HEE) Professor Lan Cumming ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဧည့်ခန်းမတွင် လာရောက်တွေ့ဆုံပြီး ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးသည်။

ဆွေးနွေးရာတွင် မြန်မာ-အင်္ဂလန် ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် On Job Training ပေးရေး၊ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာများ လျှော့ချရေး၊ ကူးစက်မြန်ရောဂါများကာကွယ်တားဆီးရေးနှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ ဆေးပညာသင်ကြားရေးဆိုင်ရာနည်းစနစ်များ ပူးပေါင်းသင်ကြားရေး သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းကိစ္စရပ်များ၊ ပြည်ပရောက် ဆရာဝန်နှင့် ဆေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်အကျိုးပြုနိုင်ရေး မူဘောင်ချမှတ်ခြင်းဆိုင်ရာကိစ္စများ၊ ကင်ဆာရောဂါဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ၊ ဆေးရုံဆေးမှတ်တမ်းဆိုင်ရာ သတင်းစနစ်ဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် အခြားပူးပေါင်းဆောင်ရွက်ခဲ့သည့် နိုင်ငံများနှင့် အတွေ့အကြုံများဝေမျှရေးကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ရေးဆွဲလျက်ရှိသော အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၆ -၂၀၂၁) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲအရေအတွက်နှင့် (ရွှေ၊ ငွေ၊ ကြေး)ဆုရရှိမှု တန်းစီဇယား**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပြိုင်ပွဲဝင် လူဦးရေ | ပြိုင်ပွဲဝင် အရေ အတွက် | ရွှေ | ငွေ | ကြေး | နှစ်သိမ့် | အထူးဆု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ရန်ကုန် | ၂၆၄ | ၃၁၈ | ၆၅ | ၄၄ | ၁၄ | - | - | ၁၂၃ |
| ၂။ | မန္တလေး | ၁၉၀ | ၂၃၁ | ၃၂ | ၂၄ | ၁၉ | ၂ | - | ၇၇ |
| ၃။ | ပဲခူး | ၁၂၅ | ၁၇၀ | ၁၄ | ၁၀ | ၁၂ | ၂ | - | ၃၈ |
| ၄။ | ဧရာဝတီ | ၁၃၆ | ၁၆၁ | ၁၁ | ၁၅ | ၁၅ | ၃ | - | ၄၄ |
| ၅။ | ရခိုင် | ၉၈ | ၁၂၁ | ၆ | ၈ | ၅ | ၄ | - | ၂၃ |
| ၆။ | တနင်္သာရီ | ၁၁၁ | ၁၂၂ | ၅ | ၃ | ၃ | ၄ | - | ၁၅ |
| ၇။ | စစ်ကိုင်း | ၁၄၈ | ၁၆၈ | ၄ | ၁၃ | ၁၄ | ၁ | - | ၃၂ |
| ၈။ | ကယား | ၉၅ | ၉၈ | ၄ | ၂ | ၃ | ၄ | ၁ | ၁၄ |
| ၉။ | မွန် | ၁၀၁ | ၁၀၂ | ၃ | ၄ | ၃ | ၆ | ၂ | ၁၈ |
| ၁၀။ | ကချင် | ၁၀၀ | ၁၀၈ | ၃ | - | ၃ | ၅ | - | ၁၁ |
| ၁၁။ | ရှမ်း | ၁၀၇ | ၁၁၁ | ၂ | ၄ | ၇ | ၁၀ | - | ၂၃ |
| ၁၂။ | ကရင် | ၇၇ | ၉၉ | ၂ | - | ၇ | ၄ | - | ၁၃ |
| ၁၃။ | မကွေး | ၁၁၀ | ၁၁၄ | ၁ | ၄ | ၇ | - | - | ၁၂ |
| ၁၄။ | ချင်း | ၁၀၂ | ၁၀၅ | ၁ | ၁ | - | ၂ | - | ၄ |
| | စုစုပေါင်း | ၁၇၆၄ | ၂၀၂၈ | ၁၅၃ | ၁၃၂ | ၁၁၂ | ၄၇ | ၃ | ၄၄၇ |

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မကြာမီက ဖြစ်ပွားခဲ့သော ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ခွေးရူးရောဂါအန္တရာယ် ကင်းစင်ပပျောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၆**
ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) မှ ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွေးရူးပြန်ရောဂါအန္တရာယ် ကင်းစင်ပပျောက်ရေးအတွက် ကရုဏာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ Jasmine Palace Hotel ၌ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အဖွင့်အမှာစကားပြောကြားပြီး



**(အပေါ်ယာပုံ)** ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ကိုယ်စားလှယ် ဒေါ်မေမေသွယ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ခွေးလေခွေးလွင့်များကြောင့် လူသားများအား ကူးစက်၍ သေစေနိုင်သော ကြောက်စရာကောင်းသည့် ခွေးရူးရောဂါအန္တရာယ် ဖြစ်ပွားနိုင်ခြေကို အနည်းဆုံးဖြစ်စေပြီး အကောင်းဆုံးကာကွယ်သော နည်းလမ်းတစ်ရပ်ဖြစ်သည့် ကမ္ဘာတစ်ဝန်းလုံး၌ကျင့်သုံးနေသော CNVR (Catch ဖမ်းခြင်း၊ Neuter သင်းကွပ်ခြင်း၊ Vaccination ကာကွယ်ဆေးထိုးခြင်း၊ Return ပြန်လွှတ်ပေးခြင်း) နည်းလမ်းကို စနစ်တကျဖြင့် ထိရောက်စွာဆောင်ရွက်သွားနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးခြင်း၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းများဖြင့် အကောင်အထည်ဖော်သွားနိုင်ရန် ဖြစ်သည်။ အဆိုပါနည်းလမ်းကို လမ်းမတော်မြို့နယ်အတွင်းရှိ ခွေးလေခွေးလွင့်များအတွက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ စမ်းချောင်းနှင့် မင်္ဂလာတောင်ညွန့် မြို့နယ်များ၌လည်း ထပ်မံ၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝါရှင်တန်ဒီစီအခြေစိုက် Humane Society International (HSI)၊ ထိုင်းနိုင်ငံအခြေစိုက် Soi Dog Foundation (SDF)အဖွဲ့အစည်းတို့အကြား ချုပ်ဆိုထားသော သဘောတူစာချုပ်အရ အဆိုပါအဖွဲ့အစည်းများက နည်းပညာအထောက်အပံ့များ ပံ့ပိုးကာ မြန်မာနိုင်ငံ၌ လူမှုအကျိုးပြုလုပ်ငန်းများ အများဆုံးဆောင်ရွက်လျက်ရှိသည့် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း ဦးဆောင်သော ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပကာ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။ **(၀၁၀)**

# ရခိုင်ပြည်နယ် မောင်တောဒေသတွင် တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းမှုနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**
ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ တပ်မတော်စစ်ကြောင်းများမှ နယ်မြေရှင်းလင်းရေးနှင့် လုံခြုံရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်က မသင်္ကာတရားခံ ခြောက်ဦး ဖမ်းဆီးခဲ့မှုနှင့် ၎င်းအနက်မှ တစ်ဦးမှာ အောက်တိုဘာ ၁၇ ရက်က ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့မှု ဖြစ်စဉ်မှာ လူမှုကွန်ရက်စာမျက်နှာတွင် ကောလာဟလသတင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ချက်များအရ အောက်တိုဘာ ၁၄ ရက်က တပ်မတော်စစ်ကြောင်းသည် မောင်တောမြို့နယ် ရီဒါးကျေးရွာအားရှင်းလင်းစဉ် မသင်္ကာသူ ခေါ်ရီမူလာ(၆၀)နှစ် (ဘ)အဘူဟာရှိန်း ရီဒါးကျေးရွာနေသူအပါအဝင် သားသုံးဦးနှင့် ၎င်း၏ညီဖြစ်သူ နှစ်ဦး စုစုပေါင်း ခြောက်ဦးကို ဖမ်းဆီးရမိသဖြင့် ကြိမ်ချောင်း နယ်မြေရဲစခန်းတွင် ချုပ်နှောင်ထားခဲ့ကြောင်း၊ ဖမ်းဆီးရမိ မသင်္ကာတရားခံများအနက်မှ ခေါ်ရီမူလာအား တပ်မတော်မှ တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက် ညပိုင်းတွင် ရဲစခန်းအချုပ်မှထုတ်၍ စစ်မေးခဲ့ပြီး အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရဲစခန်းအချုပ်သို့ ပြန်လည်ပို့ဆောင်စဉ် ၎င်းသည် တပ်ဖွဲ့ဝင်တစ်ဦးထံမှ သေနတ်လုယူခဲ့သဖြင့် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းခဲ့ရာ သတိလစ်မေ့မြောသွားခဲ့ကြောင်း၊ ၎င်းအား မောင်တောဆေးရုံသို့ ယာဉ်ဖြင့်ပို့ဆောင်စဉ် လောင်းဒုံရွာအနီးသို့ အောက်တိုဘာ ၁၇ ရက် နံနက် ၅ နာရီခွဲခန့်က ရောက်ရှိချိန်တွင် သေဆုံးခဲ့သဖြင့် ဆေးရုံသို့ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မသင်္ကာတရားခံဖြစ်သူ ခေါ်ရီမူလာသေဆုံးမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေမှုသေခင်းဖွင့်လှစ်ပြီး ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ **ကျောဖုံးမှ**
ကွင်းဆင်းကြည့်ပြီး နေရပ်ပြန်လည်ရောက်ရှိလာတဲ့ ဒေသခံတွေရဲ့ နေရေးစားရေးလိုအပ်ချက်တွေရှိရင်လည်း ဖြည့်ဆည်းပေးသွားပါမယ်”ဟု ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

စစ်တွေမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ နေရပ်ပြန်သူများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သောင်း၊ ရေယာဉ်လက်မှတ်ခ၊ တစ်ပတ်စာရိက္ခာများထောက်ပံ့ပေးခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနကလည်း အိမ်အသုံးအဆောင်ပစ္စည်းများနှင့် နာရေးကူညီမှုအသင်း(စစ်တွေ)ကလည်း စစ်တွေမြို့ပေါ်ရှိ အလှူရှင်များထံမှ ကောက်ခံရရှိသည့် လှူဒါန်းငွေများဖြင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးစခန်းများရှိ နေရပ်ခေတ္တစွန့်ခွာသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အင်္ဂလန်မှရောက်ရှိနေသည့် ဆရာဝန်ကြီးဦးစိုးလွင်က “စစ်တွေမြို့ ဧည့်ဝတီအားကစားကွင်းမှာရှိတဲ့သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ အခု ဘူးသီးတောင်နဲ့ မောင်တောမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေက ပြည်သူတွေကိုလည်း ဆက်လက်ပြီး ကုသပေးသွားပါမယ်။ အထူးသဖြင့် ဒီမှာရှိတဲ့သူတွေက အာဟာရချို့တဲ့တာတွေ့ရတယ်။ အာဟာရချို့တဲ့တာ များရင်တော့ ကျန်တဲ့ရောဂါတွေဝင်လာနိုင်တယ်”ဟု ပြောသည်။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများမှ စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောမြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်လာပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူဦးရေ ၃၀၀၀ ခန့်ရှိနေပြီး လက်ရှိအခြေအနေတွင် မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေထိုင်သူဦးရေ များလာကြောင်း သိရသည်။

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ဥပဒေအရ သတင်းပေးရန်ပျက်ကွက်သည်ကို အရေးယူခြင်းနှင့်စပ်လျဉ်း၍

**သတင်းပေးရန်တာဝန်ရှိသူက သတင်းပေးရန်ပျက်ကွက်ခြင်းသည် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုအရေးယူနိုင်သောကိစ္စဖြစ်သော်လည်း ဥပဒေအရ သတင်းပေးရန် တာဝန်မရှိလျှင်ဖြစ်စေ၊ သိရှိသောကိစ္စမှာ ဥပဒေအရသတင်းပေးရမည့်ကိစ္စမဟုတ်လျှင်ဖြစ်စေ ယင်းကိစ္စရပ်အတွက် သက်ဆိုင်ရာသို့အသိမပေးခြင်းကိုအကြောင်းပြုပြီး သတင်းပေးရန်ပျက်ကွက်သည်၊ အမှုထိမ်ချန်သည်ဆိုကာ အရေးယူဆောင်ရွက်ရန် ဥပဒေက ခွင့်မပြုကြောင်း**

## ဥပဒေလေ့လာသူတစ်ဦး

လူသားတို့သည် အဖွဲ့အစည်းဖြင့် နေထိုင်ခြင်းဖြစ်၍ တစ်ဦးနှင့်တစ်ဦး ကင်းကွာနေ၍မရ၊ အတူယှဉ်တွဲနေထိုင်ရသည်။ ပူးပေါင်းဆောင်ရွက်ကြရသည်။ အန္တရာယ်ကို စုပေါင်းကာကွယ်ရသည်။ အရင်းအမြစ်များကို မျှဝေရသည်။ လူ့အဖွဲ့အစည်းတွင် ဆောင်ရန်ရှောင်ရန် အချက်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ကြစမြဲဖြစ်သည်။ ဆောင်ရွက်ရန်ရှိသည်ကို ပျက်ကွက်လျှင်ဖြစ်စေ၊ တားမြစ်သည်ကို မလိုက်နာလျှင်ဖြစ်စေ ဥပဒေအရ ပြစ်ဒဏ်ပေးခြင်းသည် လူ့အဖွဲ့အစည်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းခြင်း ဖြစ်သည်။

**သတင်းပေးမှသာ**

လုံခြုံရေးတာဝန်ရှိသူများ၊ ဥပဒေကိုအကောင်အထည်ဖော်သူများ လက်လှမ်းမမီနိုင်သည့် အချို့ကိစ္စရပ်များတွင် ပြည်သူများ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များက တာဝန်ရှိသူထံ သတင်းပေးမှသာ ရာဇဝတ်မှုများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။ ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်း၊ စောင့်ရှောက်ခြင်း ပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လိုအပ်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူထံ သတင်းပေးရန် ဥပဒေတွင် သတ်မှတ်လေ့ရှိသည်။ ဥပဒေအရသတ်မှတ်သော သတင်းပေးရန်တာဝန်ကို ပျက်ကွက်လျှင်ဖြစ်စေ၊ သတင်းကို ထိမ်ချန်လျှင်ဖြစ်စေ အရေးယူအပြစ်ပေးနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များလည်း ရှိပါသည်။

သတင်းပေးရန် တာဝန်နှင့်စပ်လျဉ်း၍ အချို့ကိစ္စရပ်များသည် ပြည်သူအားလုံး၏ တာဝန်ဖြစ်သော်လည်း အချို့ကိစ္စရပ်များအတွက် သတင်းပေးရန်တာဝန်မှာ ပြည်သူအားလုံးတွင်တာဝန်မရှိဘဲ သက်ဆိုင်ရာပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်ကိုတွေ့ရပါသည်။ ဥပဒေအရသတင်းပေးရန် ပျက်ကွက်ခြင်း၊ သတင်းထိမ်ချန်ခြင်းတို့အတွက် အရေးယူရန် အထူးဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိပါက ရာဇသတ်ကြီးပုဒ်မ ၁၇၆၊ ၂၀၂ တို့အရ အရေးယူလေ့ရှိပါသည်။ မည်သည့်ဥပဒေပုဒ်မဖြင့် အရေးယူမည်ဆိုသည်မှာ အမှုဖြစ်အကြောင်းခြင်းရာအပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။

**လူတိုင်းတွင် တာဝန်ရှိ**

သတင်းပေးပို့ရမည့်ကိစ္စနှင့်စပ်လျဉ်း၍ လူတိုင်းတွင် တာဝန်ရှိမှုကို သာဓကအားဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၄ (၁)နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၂ (စ)၊ ၄၃ (က) တို့တွင် တွေ့ရှိနိုင်ပါသည်။

ရာဇသတ်ကြီးပါ ပြစ်မှုများဖြစ်သော နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ နိုင်ငံတော်ကို အကြည်အညိုပျက်အောင်ပြုမှု၊ စစ်မက်ပြိုင်ဆိုင်မှု၊ နိုင်ငံရေးအကျဉ်းသား၊ စစ်သုံ့ပန်းထွက်ပြေးရာတွင် ကူညီမှု၊ လက်သင့်ခံမှု၊ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်မှု၊ ရုန်းရင်းဆန်ခတ်မှု၊ လူသတ်မှု၊ လူသေမှု၊ သေစေရန်၊ နာကျင်စေရန်၊ တားဆီးရန် ပြင်ဆင်ပြီးမှ ကျူးလွန်သောခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ မီးဖြင့် အကျိုးဖျက်ဆီးမှု၊ ပြစ်မှုကိုကျူးလွန်ရန် အိမ်ကျော်နင်းမှု၊ ပုန်းလျှိုးအိမ်ကျော်နင်းမှု သို့မဟုတ် အိမ်ဖောက်ထွင်းမှု ကျူးလွန်ခြင်းကို သိလျှင်ဖြစ်စေ၊ ထိုပြစ်မှုများကျူးလွန်ရန်ကြံစည်နေကြောင်း သိလျှင်ဖြစ်စေ ထိုသို့သိရှိသူတိုင်းသည် နီးစပ်ရာ ရာဇဝတ်တရားသူကြီး သို့မဟုတ် ရဲစခန်းမှူးထံ သတင်းပေးပို့ရန် တာဝန်ရှိကြောင်း ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၄ (၁) တွင် ပြဋ္ဌာန်းထားပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၂ နှင့် ၄၃**

အကြမ်းဖက်သမားရှိကြောင်း သို့မဟုတ် အကြမ်းဖက် အုပ်စုပိုင် ငွေကြေးနှင့် ပစ္စည်းရှိကြောင်း သိသူတိုင်းကလည်းကောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်မှုရှိသည် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်တော့မည်ဟု ယုံကြည်သူကလည်းကောင်း၊ အကြမ်းဖက်အုပ်စုပိုင် သို့မဟုတ် အကြမ်းဖက်သမားပိုင်ပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ထိုသို့လွှဲပြောင်းရန် အားထုတ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်ကို သိရှိသူတိုင်းကလည်းကောင်း မိမိသိရှိသောသတင်းကို သက်ဆိုင်ရာတာဝန်ရှိသူထံပေးပို့ရမည်ဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၂ နှင့် ၄၃ တို့တွင် ပြဋ္ဌာန်းထားပါသည်။

သတင်းပေးပို့ရမည့်ကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများတွင်သာ တာဝန်ရှိမှုကို သာဓကအားဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၅၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၈)၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၆၈၊ အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၃၁၇၊ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၀ (၁)၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ တို့တွင် တွေ့ရှိနိုင်ပါသည်။

**ချက်ချင်းသတင်းပေးရမည့် ကိစ္စရပ်အချို့**

ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၅ အရ သတင်းပေးရန်တာဝန်ရှိသူများမှာ ကျေးရွာသူကြီး၊ ကျေးရွာရဲအရာရှိ၊ လယ်မြေပိုင်ရှင် သို့မဟုတ် နေထိုင်သူ၊ လယ်မြေပိုင်ရှင် သို့မဟုတ် နေထိုင်သူ၏ လယ်မြေကို ကြီးကြပ်ကွပ်ကဲရသော ကိုယ်စားလှယ်နှင့် အစိုးရအတွက် အခွန်အခကောက်ခံရသည့်အရာရှိ စသောပြည်သူ့ဝန်ထမ်းများဖြစ်ပါသည်။ အဆိုပါပုဂ္ဂိုလ်များက အနီးဆုံးရာဇဝတ်တရားသူကြီးထံဖြစ်စေ၊ အနီးဆုံးရဲစခန်းမှူးထံဖြစ်စေ၊ ယင်းတို့အနက်ပို၍နီးသူထံဖြစ်စေ ချက်ချင်းသတင်းပေးရမည့် ကိစ္စရပ်အချို့မှာ အောက်ပါတို့ဖြစ်ပါသည် -

(က) ကျေးရွာအတွင်း ခိုးရာပါပစ္စည်းလက်ခံသူ သို့မဟုတ် ရောင်းချသူဟု ကျော်စောသတင်းရှိသူတစ်ဦးဦးနေထိုင်ခြင်း၊

(ခ) လူသတ်ဓားပြ၊ လုယက်သူ၊ ဝရမ်းပြေး သို့မဟုတ် တရားခံပြေးတစ်ဦးဦး ကျေးရွာအတွင်း ခိုလှုံနေခြင်း သို့မဟုတ် ဖြတ်သန်းသွားလာခြင်း၊

(ဂ) အာမခံမပေးနိုင်သောပြစ်မှု သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်မှု၊ ရုန်းရင်းဆန်ခတ်မှုတို့ကို ကျူးလွန်ခြင်း သို့မဟုတ် အဆိုပါပြစ်မှုများ ကျူးလွန်ရန် ကြံရွယ်ချက်ရှိခြင်း၊

(ဃ) ကျေးရွာအတွင်း သို့မဟုတ် အနီးအနားတွင် မသင်္ကာဖွယ်ရာသေဆုံးခြင်း။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရသတ်မှတ်ထားသည့် သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားအာဏာပိုင်များထံ အရေးပါသည့် သတင်းအချက်အလက်များပေးပို့ရန် တာဝန်ရှိပါသည်။ ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၈) တွင် ပြဋ္ဌာန်းထားပါသည်။

ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၆၈ အရ ငွေရေးကြေးရေး အဖွဲ့အစည်းများသည် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာသို့ သတင်းပို့ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ကသတ်မှတ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတင်းပေးပို့ရမည်ဖြစ်ပါသည်။ ဘဏ်အသီးသီးသည် ငွေရေးကြေးရေးအစီရင်ခံစာနှင့် ပြင်ပစာရင်းစစ်များ ခန့်ထားခြင်းတို့ကို ဗဟိုဘဏ်သို့ တင်ပြရန်တာဝန်ရှိကြောင်း ယင်းဥပဒေပုဒ်မ ၈၇၊ ၈၈ (ဂ) တို့တွင် ပြဋ္ဌာန်းထားပါသည်။ ဘဏ်၏စာရင်းစစ်က ဗဟိုဘဏ်သို့ ချက်ချင်းသတင်းပို့ရမည့်ကိစ္စများကို ယင်းဥပဒေပုဒ်မ ၈၉(င)တွင် ပြဋ္ဌာန်းထားပါသည်။

**ပြစ်မှုကျူးလွန်သူဟု မှတ်ယူ**

အမွေဆက်ခံရေးအက်ဥပဒေ ပုဒ်မ ၃၁၇ တွင် သေတမ်းစာအတည်ပြုသူနှင့် အမွေထိန်းတို့က ပစ္စည်းစာရင်းနှင့် ငွေစာရင်းတင်ပြရန်တာဝန်ကို ပြဋ္ဌာန်းထားပါသည်။ သတ်မှတ်ကာလအတွင်း တင်သွင်းရန်ပျက်ကွက်ပါက ရာဇသတ်ကြီးပုဒ်မ ၁၇၆ အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

**တောင်းဆိုခွင့်ရှိ**

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၁၀ (၁) အရ ကော်လိတ်တော်အရာရှိသည် မည်သူ့ကိုမဆို မြေတွင် အကျိုးခံစားခွင့်ရှိသူနှင့် အကျိုးခံစားခွင့်များ၊ ငှားရမ်းခများ၊ ရရှိသည့် အကျိုးအမြတ်များ(ရှိလျှင်)၊ နောင် ၃ နှစ်အတွင်း ရယူခံစားနိုင်မည့် အကျိုးအမြတ်များစသည်တို့ကိုတင်ပြရန် တောင်းဆိုခွင့်ရှိပါသည်။ ယင်းသို့တင်ပြရန် တောင်းဆိုခြင်းခံရသူသည် ကော်လိတ်တော်အရာရှိ၏ တောင်းဆိုချက်အတိုင်းတင်ပြရန် သို့မဟုတ် ထွက်ဆိုရန်ပျက်ကွက်ပါက ရာဇသတ်ကြီးပုဒ်မ ၁၇၆ အရ သတင်းပေးရန် တာဝန်ပျက်ကွက်မှုဖြင့် အရေးယူနိုင်ပါသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းနေထိုင်သူမဟုတ်သော မသင်္ကာဖွယ် သူစိမ်းတွေ့ရှိခြင်း၊ မှုခင်းများနှင့် ဒုစရိုက်မှုများ ဖော်ထုတ်ခြင်း၊ သတင်းပေးတိုင်ကြားခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ နိုင်ငံခြားသား ဝင်/ထွက် သွားလာခြင်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများသို့ သတင်းပို့ရန် တာဝန်ရှိပါသည်။

**အရေးယူနိုင်**

ပြည်သူ့ဝန်ထမ်းသို့တိုင်ကြားရန် သို့မဟုတ် သတင်းပေးရန်တာဝန်ရှိသူက မတိုင်ကြားဘဲ သို့မဟုတ် သတင်းမပေးဘဲ တမင်ပျက်ကွက်လျှင် ရာဇသတ်ကြီးပုဒ်မ ၁၇၆ အရ အရေးယူနိုင်ပါသည်။ ထိုသို့သတင်းပေးရန် တမင်ပျက်ကွက်ကြောင်းထင်ရှားလျှင် တစ်လအထိ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။ ပြစ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သော သတင်း သို့မဟုတ် တိုင်ကြားချက်ကိုပေးရန် ပျက်ကွက်ခြင်းဖြစ်လျှင် ပြစ်ဒဏ်မှာ ပိုမိုကြီးလေးပါသည်။ ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရနိုင်ပါသည်။

ရာဇသတ်ကြီးပုဒ်မ ၁၇၆ အရ ပြစ်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ တိုင်ကြားစာ သို့မဟုတ် ယင်းဝန်ထမ်း၏အထက် ပြည်သူ့ဝန်ထမ်းက တိုင်ကြားသော တိုင်ကြားစာအရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရန် ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (က) တွင် တားမြစ်ထားပါသည်။

**ဥပဒေနှင့်အညီ**

ပြစ်မှုကျူးလွန်ပြီးဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ ထိုပြစ်မှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီပေးရန် တာဝန်ရှိသော သတင်းကိုမပေးဘဲ တမင်ပျက်ကွက်သူကို ၆ လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း ရာဇသတ်ကြီးပုဒ်မ ၂၀၂ တွင်ပြဋ္ဌာန်းထားပါသည်။ သတင်းပေးရန် ပျက်ကွက်သူသည် မိမိသိရှိသော သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိသော ပြစ်မှုကျူးလွန်ခဲ့သည့်သတင်းကို မပေးဘဲ တမင်ပျက်ကွက်ခြင်းပြုမှသာ ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ ပြစ်မှုမြောက်မည်ဖြစ်ပါသည်။

ရာဇသတ်ကြီးပုဒ်မ ၁၇၆ နှင့် ၂၀၂ တို့၏ ခြားနားချက်မှာ ပုဒ်မ ၁၇၆ သည် ယေဘုယျသတင်းနှင့်သက်ဆိုင်ပြီး ပုဒ်မ ၂၀၂ သည် ကျူးလွန်ပြီးသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပေးရမည့်သတင်းနှင့်သက်ဆိုင်သည်။ ရာဇသတ်ကြီးပုဒ်မ ၂၀၂ ပါ "ဥပဒေနှင့်အညီပေးရန် တာဝန်ရှိသော သတင်း" ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၄ နှင့် ၄၅ တို့ပါ ရာဇသတ်ကြီးပုဒ်မများကိုလည်းကောင်း၊ အထူးဥပဒေအချို့ပါ ပြစ်မှုများကိုလည်းကောင်း ကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ သတင်းပေးရန်တာဝန်သတ်မှတ်ထားသည့်ကိစ္စနှင့်သက်ဆိုင်ရမည်ဖြစ်ပါသည်။ ယင်းသို့သတ်မှတ်ထားသောပြစ်မှုများတွင် အကျုံးမဝင်သည့်ပြစ်မှုများနှင့်စပ်လျဉ်း၍ သိရှိသူသည် ဥပဒေအရသတင်းပေးရန် တာဝန်မရှိသောကြောင့် သတင်းပေးရန်ပျက်ကွက်သည်၊ ပြစ်မှုကိုထိမ်ချန်သည်ဆိုကာ အရေးယူနိုင်မည် မဟုတ်ပါ။

**ဥပဒေသဘော**

သတင်းပေးရန်တာဝန်ရှိသူက သတင်းပေးရန် ပျက်ကွက်ခြင်းသည် ရာဇဝတ်ကြောင်းအရတရားစွဲဆို အရေးယူနိုင်သော ကိစ္စဖြစ်သော်လည်း ဥပဒေအရ သတင်းပေးရန် တာဝန်မရှိလျှင်ဖြစ်စေ၊ သိရှိသောကိစ္စမှာ ဥပဒေအရသတင်းပေးရမည့် ကိစ္စမဟုတ်လျှင်ဖြစ်စေ ယင်းကိစ္စရပ်အတွက် သက်ဆိုင်ရာသို့ အသိမပေးခြင်းကို အကြောင်းပြုပြီး သတင်းပေးရန် ပျက်ကွက်သည်၊ အမှုထိမ်ချန်သည်ဆိုကာ အရေးယူဆောင်ရွက်ရန် ဥပဒေက ခွင့်မပြုကြောင်းနှင့် သတင်းပေးရန်တာဝန်ရှိသူက သတင်းမပေးဘဲ တမင်ပျက်ကွက်ခြင်းမဟုတ်လျှင် အရေးယူနိုင်မည်မဟုတ်ပါကြောင်း ဥပဒေသဘောကို ဗဟုသုတရစေရန်အလို့ငှာ ရေးသားတင်ပြလိုက်ပါသည်။ ။

# ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မိုးမောက် အောက်တိုဘာ ၂၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကုန်းကတင်-နောက်မကောက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ Slab Culvert သုံးစင်းဆောက်လုပ်နေမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းစိန်၊ မိုးမောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ဇော်လင်း၊ တာဝန်ရှိဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

❑

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အမှန်တရားကို အလေးထားကြမည်ဆိုပါလျှင်...

## အောင်သာကျော်

နိုင်ငံရေးဆိုသည်မှာ နိုင်ငံတော်ကို အုပ်ချုပ်နေသည့် အစိုးရအဖွဲ့နှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာစနစ်များသာမက နိုင်ငံသားအားလုံးနှင့် ဆက်နွှယ်ပတ်သက်လျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိသော အရေးကိစ္စမှန်သမျှကို နိုင်ငံရေးဟု သိထားကြရမည်ပင် ဖြစ်သည်။ နိုင်ငံရေးသဘောသဘာဝကပင် အများပြည်သူတို့အား အကျိုးပြုရန်အတွက် ဝိုင်းဝန်းလုပ်ဆောင်ရသော လုပ်ငန်းဖြစ်နေသဖြင့် နိုင်ငံရေးစနစ်တစ်ခုသည် အများသူငါလက်ခံထားသော နည်းစနစ်များအတိုင်း ပြည်သူတို့အတွက် မည်သည့်အတိုင်းအတာအထိ အကျိုးပြုသည်ကို လေ့လာရန် လိုအပ်ပါသည်။

လက်ရှိမြန်မာနိုင်ငံတော်သည် နိုင်ငံရေးနည်းစနစ်များအနက်မှ စနစ်တစ်ခုဖြစ်သော ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက်ရှိနေသည်ပင် ဖြစ်သည်။ ဒီမိုကရေစီအုပ်ချုပ်ရေးဆိုသည်မှာ ပြည်သူများအား (By the People) ပြည်သူများအတွက် (For the people) အုပ်ချုပ်ရေးစနစ်ပင်ဖြစ်သည်။ အမေရိကန်သမ္မတကြီး အေဗရာဟင်လင်ကွန်းက အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်မှာ “ဒီမိုကရေစီဆိုတာ ပြည်သူတွေအုပ်ချုပ်တဲ့စနစ်ဆိုပေမယ့် တကယ်တမ်းတော့ ပြည်သူတွေအတွက် အုပ်ချုပ်တဲ့စနစ်ပါ။ အကောင်းဆုံး၊ အမြင့်ဆုံး အုပ်ချုပ်ရေးဝါဒ ပြည်သူအားလုံးရဲ့အကြိုက်ကို လိုက်အုပ်ချုပ်တာမျိုးပါ။ ဒီလိုပြီးပြည့်စုံတဲ့စနစ်မျိုး ကမ္ဘာကြီးမှာ ဘယ်တော့မှမရှိနိုင်ပါဘူး”ဟု ပြောကြားကာ လူသားအားလုံးအတွက် အကောင်းဆုံးဖြစ်သည့် အုပ်ချုပ်ရေးစနစ် မရှိနိုင်သကဲ့သို့ ပြည်သူများက ရွေးချယ်တင်မြှောက်သည့်စနစ်ဖြင့် အုပ်ချုပ်သည့် စနစ်သာလျှင် လက်တွေ့ဖော်ဆောင်နိုင်သည့် အကောင်းဆုံးစနစ်ဖြစ်ရလေတကား။ ဒီမိုကရေစီကို ပြည်သူပြည်သားတိုင်း ထိန်းသိမ်းကြရန် လိုအပ်ကြောင်းနှင့် တာဝန်ရှိကြောင်း ဆော်သြခဲ့သည်။ စစ်မှန်သော ဒီမိုကရေစီစံစနစ်တွင်သာ လူသားများ အကျိုးစီးပွားအတွက် လူသားများက တည်ဆောက်ယူနိုင်ခဲ့သည့် အားကိုးအားထားပြုနိုင်ရာ စနစ်ပင်ဖြစ်သည်။ ဒီမိုကရေစီစံစနစ်အတွင်းဝယ် လူသားတို့သည် ခွင့်တူညီမျှ အာမခံနိုင်သည့် အခြေအနေမျိုးဖန်တီးယူ၍ ရနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် သတိချပ်ကြရန်လိုသည့် အချက်အချို့ရှိသည်။

တိုက်ရိုက်ဒီမိုကရေစီ လက်အောက်ခံဒီမိုကရေစီ၊ အရှေ့အုပ်စု ဒီမိုကရေစီ၊ အနောက်အုပ်စုဒီမိုကရေစီ၊ အရင်းရှင်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီ၊ ချုပ်ကိုင်ဒီမိုကရေစီ၊ ရက်ရောကျယ်ပြန့်ဒီမိုကရေစီ စသည်တို့ရှိနေလေရာ အရှေ့ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရန်ရည်ရွယ်ထားက အနောက်အုပ်စုဒီမိုကရေစီအား ပုံတူကူးချ၍မရနိုင်ပေ။ သမိုင်းကြောင်းချင်းမတူသည့်အတွက် ပုံတူသွားကူးမိပါက ဒီမိုကရေစီ ပျက်စီးရာပျက်စီးကြောင်း ကြီးထွားဖြစ်ပေါ်လာမည်ဖြစ်သည်။ နိုင်သူအကုန်ယူ (Controlled Democnacy) ကလည်း အများစုအနိုင်ကျင့်အုပ်ချုပ်ရေး (Timocnacy) ကို ဖြစ်ပေါ်စေကာ ဒီမိုကရေစီပျက်စီးရာ ပျက်စီးကြောင်းကို ဖြစ်ပေါ်စေနိုင်သည်။ ထိုသို့ဖြစ်ပေါ်ခြင်းကို လမ်းကြောင်းမှန်မှမသွားဘဲ လူအုပ်စုအားကိုးဖြင့် တွန်းထိုးရယူသည့် (Mass Force) အုပ်ချုပ်ရေးမျိုးဖြစ်လာတတ်ပြီး လူအုပ်စုမင်းမူဝါဒ (Mobocracy) ဖြစ်ထွန်းလာတတ်ပါသည်ဟု ဆိုသည်။

ယနေ့မြန်မာနိုင်ငံတွင်သာ စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိနေသည်ပင် ဖြစ်သည်။ ပြည်သူအများစုက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များနှင့် နိုင်ငံတော်သမ္မတကြီးတို့ ဦးဆောင်မှုဖြင့် နိုင်ငံနှင့် နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကြိုးမာန်တက် အကောင်အထည်ဖော်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှုရောင်စဉ်တန်းများ လင်းလက်စွာထွက်ပေါ်နေသည်ပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတွင် အများဆန္ဒအရ ရွေးချယ်ခံထားရသော အစိုးရအဖွဲ့တိုင်းသည် ပြည်သူပြည်သားအများစု၏ သာယာချမ်းမြေ့မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အလေးထားဆောင်ရွက်ရလေ့ရှိသည်။ ယခုလည်း မြန်မာ့ဒီမိုကရေစီလမ်းကြောင်းသည် အစစအရာရာတွင် မြင်သာထင်သာရှိသော လုပ်ဆောင်မှုများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ခွင့်များ ဖော်ဆောင်ပေးထားလျက်ရှိလေရာ နိုင်ငံသူနိုင်ငံသားများသည် ထက်ငါ မိမိအတွက်သာမက နိုင်ငံ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ လွတ်လပ်တက်ကြွသော ဖော်ဆောင်ခွင့်ရနေပြီပင်ဖြစ်သည်။

စာပေလွတ်လပ်ခွင့်ကိုလည်း အတိုင်းအတာတစ်ခုအထိ ဖွင့်ပေးထားကာ ဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားသည်ပင်ဖြစ်သည်။ ဤနေရာတွင် လွတ်လပ်စွာရေးသား တင်ပြခွင့်ရှိပြီးဆိုသော သဘောထားကို ရင်ဝယ်ပိုက်ကာ နောက်ကြောင်းပြန်အတိတ်ဖြစ်ရပ်ဆိုးများကို ပြန်လည်အသက်သွင်းတင်ပြမှုမပြုမိရန် သတိချက်ဖို့လိုအပ်ပါသည်။ တင်ပြသင့်သည်မှာ အငြင်းသဘောဆောင်သည့် သဘောထားကိုခံယူလျက် မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှုရနိုင်စေမည့် သုတများ၊ နည်းပညာများကိုသာ ကြိုးပမ်းရှာဖွေစုဆောင်းကာ ရေးသားတင်ပြကြရန် အချိန်တန်ပြီဖြစ်သည်။ နောက်ကြောင်းပြန်အတိတ်မကောင်းကြောင်းများကို ရေးသားတင်ပြနေကြမည်ဆိုပါက ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ကာ နောက်ကြောင်းပြန်လှည့်ရာရောက်မည်ပင်ဖြစ်သည်။

ထို့အပြင် ပုဂ္ဂလိကအဓိဋ္ဌာန်ကျသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ ထားခြင်းအားမပြုကြဘဲ နိုင်ငံသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရကာ ငြိမ်းချမ်းရေးရရှိသည်ထက်ရအောင်နှင့် စည်းလုံးညီညွတ်မှုရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ယခုမှုလွတ်လပ်ခွင့်ကို အလွဲသုံးစားပြုကာ မိမိစိတ်နှင့် မတွေ့လျှင် မတွေ့သလို ရေးလာကြသည်များကို တွေ့မြင်ဖတ်ရှုနေရပါသည်။

အမှန်တကယ် သရော်စာပီပီသသ ရေးသားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် လိုအပ်နေသည့် ကွက်လပ်များကို ပွင့်လင်းမြင်သာမှုရှိရလေအောင် ဖန်တီးတင်ပြမှုများကိုသုံးကာ စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်နေကြသူများလည်း ရှိနေကြပါသည်။

အကောင်းနှင့်အဆိုးသည် နေရာတကာ ဒွန်တွဲလျက်ရှိနေတတ်သည်မှာ သဘာဝတရားပင်ဖြစ်ပါသည်။ အကောင်းမြင်သမားများရှိနေသကဲ့သို့ အဆိုးမြင်သမားများလည်း ရှိနေကြဦးမည်မှာ သေချာပါသည်။ အကောင်းမြင်သမားတို့သည် အမှန်တရားကို လက်ခံရှုမြင်နိုင်စွမ်းအား ရှိနေကြမည်ဖြစ်သော်လည်း အဆိုးမြင်သမားများကတော့ မည်မျှကောင်းအောင် ကြိုးပမ်းဆောင်ရွက်နေကြစေကာမူ ချို့ယွင်းချက်၊ အားနည်းချက်များကို လိုက်လံထောက်ရှုကာ အဆိုးလုပ်ရပ်အဖြစ်ဖြင့်သာ ရှုမြင်သုံးသပ်လျက်ရှိနေကြဦးမည်သာဖြစ်သည်။

မိမိမည်သည့်ပါတီတွင် ပါဝင်နေမိသည်ဖြစ်စေ နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းမြင်ရှုကွက်ဖြင့် ဆင်ခြင်ကြည့်မြင်ကာ လိုအပ်သည့်ကွက်လပ်များကို အများသဘောထားဆန္ဒနှင့် ကိုက်ညီလက်ခံမှုရရှိလာအောင် တင်ပြဖြည့်ဆည်းကာ ပြုပြင်ပြောင်းလဲပေးနိုင်ကြမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝံ့ဝံ့ထည်ထည် ရပ်တည်လာနိုင်ခွင့်ရမည်ဖြစ်ပါသည်။

**ယနေ့ကာလသည် ထွန်းသစ်စ ဒီမိုကရေစီရောင်ခြည်လင်းလက်လာစ ကာလဖြစ်လေရာ အမှန်တရားကို နားလည်သဘောပေါက်မိအောင်ကြိုးပမ်းရင်း မှားယွင်းချက်များ မဖြစ်ပွားရလေအောင် ထိန်းကျောင်းခြင်းဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီး သာယာဝပြောထွန်းကားလာအောင် ဝိုင်းဝန်းကြိုးပမ်းသင့်ကြသော ကာလတစ်ခုပင်ဖြစ်။**

အဓိက သတိချပ်ကြရမည်မှာ အမှန်တရားကို နားလည်သဘောပေါက်အောင် ဘက်လိုက်မှုမပါဘဲ ရှုမြင်သုံးသပ်တတ်ကြဖို့ပင်ဖြစ်သည်။

အမှန်တရားကို နားမလည်သဘောမပေါက်ပါက အသိတရားသည်ပင်လျှင် မှားယွင်းချက်ဖြစ်သွားနိုင်လေသည်။ (ဒက်စ်ဘားရီး) ဆိုသည့် ဆောင်ပုဒ်လေးကို သတိချပ်လိုက်မိသည်။ ယနေ့ကာလသည် ထွန်းသစ်စ ဒီမိုကရေစီရောင်ခြည်လင်းလက်လာစ ကာလဖြစ်လေရာ အမှန်တရားကို နားလည်သဘောပေါက်မိအောင်ကြိုးပမ်းရင်း မှားယွင်းချက်များ မဖြစ်ပွားရလေအောင် ထိန်းကျောင်းခြင်းဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီး သာယာဝပြောထွန်းကားလာအောင် ဝိုင်းဝန်းကြိုးပမ်းသင့်ကြသော ကာလတစ်ခုပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ် ၁၅ လမ်း၊ ၆၂ လမ်းနှင့် ၆၅ လမ်းကြားရှိ ရေဆိုးပစ်မြောင်းတွင် လူကူးရန်တည်ဆောက်ထားသည့် သစ်သားတံတားပေါ်သို့ အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက မော်တော်ယာဉ်တစ်စီးဖြတ်ကူးသဖြင့် တံတားကျိုးကျမှုဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။ **အေးမြ(မန္တလေး)**

# သီပေါမြို့နယ်မှ တိုက်ပွဲရှောင်များ ဘုန်းတော်ကြီးကျောင်းများသို့ရောက်ရှိခိုလှုံ

**သီပေါ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်နားမခေါ်ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် ဆောင်ကြဲကျေးရွာဘုန်းတော်ကြီးများ အပါအဝင် နီးစပ်ရာ ကျေးရွာအချို့သို့ တိုက်ပွဲရှောင်ပြည်သူများ အောက်တိုဘာ ၂၄ ရက်မှစ၍ ရောက်ရှိလာခဲ့ကြသည်။ တိုက်ပွဲရှောင်များမှာ သီပေါမြို့နယ်အတွင်းရှိ စယ်ခန်၊ နားလော့၊ မန်နား၊ နားလင်းနှင့် နမ့်ဖကျေးရွာတို့မှဖြစ်ပြီး စာရင်းအရ နားမခေါ်ဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၅၄ စု၊ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၁၂၈ ဦး၊ ဆောင်ကြဲကျေးရွာဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၇၂ စု၊ အမျိုးသား ၁၆၃ ဦး၊ အမျိုးသမီး ၂၇၃ ဦး စုစုပေါင်း ၃၃၆ဦး ရှိသည်ဟု သိရသည်။ နီးစပ်ရာမိုင်းခေးကျေးရွာတွင် ၄၄၆ ဦး၊ နောင်ဝမ်းတွင် ၁၀၀ ကျော်နှင့် ဆီထောက်ကျေးရွာတွင် ၁၀၀ ကျော်ခန့်လည်း တိုက်ပွဲရှောင်များအလားတူ ရောက်ရှိနေကြကြောင်း သိရသည်။

အဆိုပါ တိုက်ပွဲရှောင်များ၏ စားဝတ်နေရေးအတွက် ဆရာတော်များနှင့် ကျေးရွာပြည်သူများက ကူညီပေးခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများကလည်း တိုက်ပွဲရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြသည်။

ယင်းတိုက်ပွဲရှောင်များရောက်ရှိလာခြင်းနှင့်ပတ်သက်၍ သီပေါမြို့နယ် စယ်ခန်ကျေးရွာအုပ်စုရှိစယ်ခန်နှင့် နားလော့ကျေးရွာအကြား၌ တပ်မတော်စစ်ကြောင်းနှင့် SSPP/SSA(ဝမ်ဟိုင်း)အဖွဲ့တို့ အောက်တိုဘာ ၂၃ ရက် တစ်နာရီခန့်က ခဏတာထိတွေ့မှု ဖြစ်ပွားခဲ့ကြကြောင်း၊ ထို့နောက်(ဝမ်ဟိုင်း)အဖွဲ့မှ ထွက်ခွာသွားခဲ့ရာ တပ်မတော်စစ်ကြောင်းက နောက်မှလိုက်ပါသွားခဲ့ကြောင်း၊ ထို့အတွက်နှစ်ဖက်တပ်များ တိုက်ပွဲထပ်မံဖြစ်လာမည်ကို စိုးရိမ်သဖြင့်ယခုလိုတိုက်ပွဲရှောင်ရောက်ရှိလာခြင်းဖြစ်သည်ဟု တိုက်ပွဲရှောင်များက ပြန်လည်ပြောပြခဲ့ကြသည်။

**ကိုနေ(သီပေါ)**



# နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဗီယက်နမ်နိုင်ငံသမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းက ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

**ဟနွိုင်း အောက်တိုဘာ ၂၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် သမ္မတအိမ်တော်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့်နေရာသို့ ရောက်ရှိလာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဗီယက်နမ်သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းက ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဗီယက်နမ်သမ္မတနှင့်ဇနီးတို့သည် သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဗီယက်နမ် သမ္မတအိမ်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ဝင်များ၊ ဗီယက်နမ်သမ္မတနှင့်ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံတပ်မတော်များအကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးကြပြီး နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

အဆိုပါကြေညာချက်တွင် နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ရေး၊ စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် မူဘောင်အောက်တွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး တို့ပါဝင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ဦးဆောင်သည့်အဖွဲ့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံစိုက်ပျိုးရေးနှင့်ရေလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ လေကြောင်းခရီးစဉ်တိုးချဲ့နိုင်ရေး၊ အနီးကပ်ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်းကြား အပြန်အလှန်ထိတွေ့ဆက်ဆံရေး တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး နှစ်နိုင်ငံပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖုချောင့်နှင့် ပါတီရုံးချုပ်၌ တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဗီယက်နမ်နိုင်ငံသမ္မတနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်စုစုလွင်သည် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများနှင့်အတူ ဟနွိုင်းမြို့ရှိ ရှေးဟောင်းတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး၊ ဗီယက်နမ်သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်းနှင့်ဇနီးတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံတပ်မတော်များအကြား ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးကြပြီး နှစ်နိုင်ငံ ပူးတွဲကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့။**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာ ငုယင်ဖုချောင့်တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့တို့ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ် ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# ပြည်တွင်းရေးရာ

■ ရှေ့ဖုံးမှ

စုစည်းအင်အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကြုံတွေ့လာသောစိန်ခေါ်မှုများကို နည်းလမ်းသစ်များ ရှာဖွေဖြေရှင်းသွားရန်လိုကြောင်း၊ လက်ရှိပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုထိရောက်မှုရှိစေရန် ရှင်းလင်းထိရောက်သော လုပ်ငန်းဆောင်ရွက်မှုပုံစံများအဖြစ်သို့ ပြုပြင်ပြောင်းလဲအသုံးပြုသွားရန်လိုကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများအား ထိရောက်စွာအသုံးပြုသွားနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ကစ်ဂျာတူဆရီပီတက်တို့က မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်း၊ ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး ကော်မရှင် (UNESCAP) မှ အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ Shamshad Akhtarr၊ ACMECS စီးပွားရေးကောင်စီမှ ကိုယ်စားလှယ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြပြီး ထိပ်သီးအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာ (ACMECS) အစည်းအဝေးကို ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သမ္မတ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာထောင်လွန်း ဆီဆိုလစ် နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ကစ်ဂျာတူဆရီပီတက်၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မဲခေါင်ဒေသတွင်းပိုမိုဖွံ့ဖြိုး တိုးတက်မှုများရရှိစေရေး၊ ACMECS နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ACMECS အဖွဲ့ဝင် နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ မဲခေါင်ဒေသတွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ၊ ဒေသတွင်း အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေးတို့အတွက် ACMECS နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြပြီး (၇)ကြိမ်မြောက် ACMECS အစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်သည်။




**(၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)

ထို့နောက် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖွတ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



**(၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဗီယက်နမ် ၊ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ဝန်ကြီးချုပ်များက စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများအားပုံဖော်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများအား နည်းလမ်းသစ်များဖြင့်ဖြေရှင်းရေး၊ ဒေသတွင်းပေါင်းစည်းမှုနှင့် စီးပွားရေးပိုမို ယှဉ်ပြိုင်နိုင်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကိုဆွေးနွေးခဲ့ပြီး (၈)ကြိမ်မြောက် (စီအယ်လ်အမ်ဗွီ) အစည်းအဝေး၏ ပူးတွဲကြေညာချက်ထုတ်ပြန်သည်။

အစည်းအဝေးများအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် ဗီယက်နမ် သူရဲကောင်းစစ်သည်ဗိမာန်သို့သွားရောက်ပြီး လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် ဟန္နိုင်းမြို့ရှိ ရှေးဟောင်းတက္ကသိုလ်၌ ကြည့်ရှုလေ့လာစဉ်။** [သတင်းစာမျက်နှာ - ၈] (သတင်းစဉ်)

## ❂ ထိုင်း-မြန်မာမှ

ယင်းနောက် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းဦးက ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပံ့ပိုးဆောင်ရွက်နိုင်မှု အခြေအနေများအား ရှင်းလင်းပြီး အားပေးစကား ပြောကြားသည်။

ယနေ့ လွှဲပြောင်းလက်ခံသည့် ရွှေ့ပြောင်းသွားလာသူများတွင် အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၆၅ ဦး၊ အိမ်ထောင်စု ၁၉ စုဖြစ်ကြောင်း သိရသည်။

၎င်းတို့အား ယာယီတည်းခိုနေထိုင်ရာအဆောင်များသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေ ကျပ်သုံးသိန်းနှင့် ပစ္စည်း(၁၈)မျိုးပါ Family Kit တစ်စုံစီ၊ နေရပ်ပြန်သူများအတွက် ခရီးစရိတ် တစ်ဦးလျှင် တစ်သောင်းခွဲကျပ်၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ဖျာ၊ အိပ်ရာ၊ ပလတ်စတစ်ပုံး၊ ရေချိုးခွက်၊ ဆပ်ပြာခွက်၊ လူတစ်ဦးလျှင် အင်္ကျီ သုံးထည်နှုန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်ခဲ့ပြီး ကရင်ပြည်နယ်ပြည်သူ့အင်အားဦးစီးဌာနနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများရရှိရေးအတွက် နေရပ်ဒေသအလိုက် စာရင်းကောက်ယူပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ရန်အတွက် စစ်တမ်းကောက်ယူခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အလားတူ ထားဝယ်မြို့တွင်လည်း ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းမှ မြန်မာနိုင်ငံသို့ ပြန်လည်နေထိုင်လိုသူ (၆)ဦးပါ အိမ်ထောင်စုတစ်စုအား အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ထီးခီး-ဖူနန် ဂိတ်တွင် ထိုင်းအစိုးရဘက်မှ ကန်ချနာဘူရီခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တပ်မတော်ဆိုင်ရာတာဝန်ရှိသူများက လွှဲပြောင်းခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မြန်မာသံရုံးကိုယ်စားလှယ် ဦးဟောက်ခမ်ဆုန်၊ သံအရာရှိနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ World Vision တို့မှ ကိုယ်စားလှယ်များက လက်ခံခဲ့သည်။

ယနေ့ အခမ်းအနားသို့ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမောင်နှင့် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့များဖြစ်သည့် UNHCR ၊ IOM ၊ UNICEF၊ Care တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ရန်ကုန်ဆိပ်ကမ်းမှ နယ်မြို့များသို့ ရေယာဉ်ထွက်ခွာခွင့်ပြု

**ရန်ကုန် အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မှ နယ်မြို့များသို့ ထွက်ခွာရန်စောင့်ဆိုင်းနေသော ရေယာဉ်များအား သက်ဆိုင်ရာမှ ပြန်လည်ထွက်ခွာခွင့်ပေးလိုက်သည်။ ညနေ ၄ နာရီမှစ၍ ရွှေတောင်တန်း ဇောတံတားအမှတ်(၁)မှ စဉ့်အိုးတန်းအမှတ်(၂)ဇောတံတားအထိ ဆိပ်ခံဇောတံတားများတွင် နယ်မြို့များသို့ ထွက်ခွာမည့် တစ်ထပ်၊ နှစ်ထပ် လူစီး၊ ကုန်တင်ရေယာဉ်များအား သက်ဆိုင်ရာမှ အဖွဲ့စုံဖြင့် စစ်ဆေးပြီးနောက် ထွက်ခွာခွင့်ပေးခြင်းဖြစ်သည်ဟု အောက်တိုဘာ ၂၆ ရက် မော်ကျွန်းသို့ ထွက်ခွာမည့် ဆိပ်ကမ်းရှိ အောင်သီရိမော်ရေယာဉ် ပိုင်ရှင် ဦးထွန်းရှိန်က ပြောကြားသည်။

ရှပ်ပြေး နှစ်ထပ်ရေယာဉ် နှစ်စင်းနှင့် ရိုးရိုး ပုဂ္ဂလိကရေယာဉ် တစ်စင်း စုစုပေါင်း သုံးစင်း မော်ကျွန်းသို့ထွက်ခွာသွားပြီး ဖျာပုံ-ကျိုက်လတ်မြို့များသို့လည်း အခြားရေယာဉ်များ ထွက်ခွာပြေးဆွဲမှုရှိသည်။ သို့သော် မော်ကျွန်းမှ ရန်ကုန်သို့ ထွက်ခွာခွင့်မပြုသေးကြောင်း မော်ကျွန်းမြို့ရှိ ရေယာဉ်ကိုယ်စားလှယ် ဦးမြဟန်ထံမှ သိရသည်။

အောက်တိုဘာ ၂၃ ရက်မှစ၍ ရန်ကုန်ဆိပ်ကမ်းတွင် ရေယာဉ်ထွက်ခွာခွင့်မပြုသဖြင့် ရေယာဉ်အတွင်း ပေးပို့ထားသော ကုန်ပစ္စည်းများ မော်ကျွန်းမြို့တွင် သုံးစွဲရာတွင် လိုအပ်နေချိန် နှစ်ရက်အလွန် ပြန်လည်ထွက်ခွာခွင့်ပြုသဖြင့် လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေမှုရှိသည်ဟု ဖယောင်းကုန်ကြမ်းတင်ပို့သည့် ရန်ကုန်မြို့ရှိ ကုန်သည်တစ်ဦးက ပြောသည်။

**(မောင်စေအောင်)**

■

# မြန်မာစာ ချစ်မြတ်နိုးသူတိုင်း တက်ရောက်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၏ တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် မြန်မာစာပေ ချစ်မြတ်နိုးသူတိုင်း စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျောက်မဲ၌ ပြုလုပ်

**ကျောက်မဲ အောက်တိုဘာ ၂၆**

မန္တလေး-မူဆယ်ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ ကျောက်မဲနှင့် နောင်ချိုမြို့နယ်စပ်မှ ဂုတ်တွင်းလမ်းပိုင်းပြင်ဆင်နေသည့်အချိန် အတက်၊ အဆင်းယာဉ်များကို ခေတ္တရပ်နားထားစဉ် အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူး ချစ်စိန်က ကျောက်မဲမြို့နယ် ဘက်ခြမ်းမြေပြင်၌ ယာဉ်ငယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခဲ့သည်။ **(အောက်ပုံ)**

အဆိုပါမြေပြင်ဟောပြောမှုအစီအစဉ်တွင် ယာဉ်ကြီး ယာဉ်ငယ်မောင်းသူများအနေဖြင့် အချင်းချင်းကိုယ်ချင်းစာစိတ်ထားရှိရန်၊ ယာဉ်မောင်းများအား ယုံကြည်စိတ်ချစွာ စီးနင်းလိုက်ပါလာသော ခရီးသည်များ အန္တရာယ်မဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန်၊ လမ်းပိုင်းဆိုင်ရာ ပြုပြင်ပေးနေသည်ဖြစ်၍ လမ်းကောင်းတိုင်းလည်း အရှိန်လွန်မမောင်းနှင်ကြရန်၊ ယာဉ်သွားလာရပ်တန့်မှုစည်းကမ်းချက်များအတိုင်း လိုက်နာကြရန်၊ ယာဉ်ကျော်တက်ခြင်း၊ တိမ်းရှောင်ခြင်းတို့တွင် လိုအပ်သည့် အချက်ပြမီး၊ ဟွန်းတို့ကို အသုံးပြုရန် စသည်တို့ကို အသေးစိတ်ပညာပေးဟောပြောခဲ့ပြီး ယာဉ်မောင်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မြန်မာ-တရုတ်စီးပွားကူးသန်းရေး၏ အဓိကလမ်းကြောင်းကြီးပေါ်ရှိ အဆိုပါဂုတ်တွင်းကားလမ်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြေပြင်ကွင်းဆင်း၍အလားတူပင် အခါအားလျော်စွာ ပညာပေးဟောပြောသွားမည်ဖြစ်ကြောင်း ကျောက်မဲမြို့ ယာဉ်ထိန်းတပ်ဖွဲ့စုရုံးမှ သိရသည်။**(သီပေါကိုလတ်)**



# ချင်းတွင်းမြစ်တွင်းသွားရေယာဉ်များ အန္တရာယ်ကြိုတင်ကာကွယ်ရေးညှိနှိုင်းစည်းဝေး

**မုံရွာ အောက်တိုဘာ ၂၆**

မုံရွာမြို့မှ ဟုမ္မလင်းမြို့အထိ ပြေးဆွဲလျက်ရှိသော ရေယာဉ်များ သွားလာမှုအန္တရာယ် ကင်းရှင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးပြီး မုံရွာမြို့ရှိ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီရုံးတွင် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ရေယာဉ်အသင်းများက စုပေါင်းထည့်ဝင်သည့် ကရုဏာကြေးငွေများအား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူများနှင့်အတူ လက်ခံရယူခဲ့သည်။

"ကုန်တင်ရေယာဉ်ပဲဖြစ်ဖြစ်၊ လူစီးအမြန်ရေယာဉ်ပဲဖြစ်ဖြစ် သတ်မှတ်ကုန်တန်ချိန်၊ လူအရေအတွက်ကိုသာတင်ဖို့၊ ရေယာဉ်တွေပေါ်မှာ အသက်ကယ်အင်္ကျီတွေ အလုံအလောက်ပါရှိဖို့၊ ရေယာဉ်လုပ်သားတွေကိုလည်း သက်ဆိုင်ရာအသိအမှတ်ပြု ရေယာဉ်မောင်းလိုင်စင်တွေ ပါရှိဖို့ဆိုတာတွေ စနစ်တကျရှိစေဖို့အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပတာပါ။ အစည်းအဝေးမှာပဲ ရေယာဉ်နစ်မြုပ်မှုအတွက် ကရုဏာကြေးပေးအပ်ပွဲကိုပါ တစ်ပါတည်း ထည့်သွင်းကျင်းပတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက ခရီးစဉ်အတွင်း အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာ ရေယာဉ်လိုင်းမှ တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းကြပြီး ရေယာဉ်စစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မုံရွာမြို့မှ အထက်ချင်းတွင်းမြို့နယ်များသို့ ထွက်ခွာမည့် ရေယာဉ်များအား ဆက်လက်စစ်ဆေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

■

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၄ ရက်ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မင်းပုည | ကမ္ဘာ့ဩဇာတိက္ကမအရှိဆုံးအမျိုးသမီး အိန်ဂျယ်လာမာကဲလ် | ၆၀၀၀/- | အားမာန်သစ်စာပေ |
| ၂ | ဘုန်းနိုင် | ကြီးပွားချမ်းသာသူတိုင်းလေ့ကျင့်ရမည့် စိတ်ဓာတ်ခွန်အား | ၁၅၀၀/- | မနောဖြူစာပေ |
| ၃ | မြင့်ဇင်ညွန့် | Killer SUDOKU | ၁၅၀၀/- | ရန်အောင်စာပေ |
| ၄ | ဆရာဦးခန့်ကျော် | နိမိတ်တဘောင်ဟောနည်း-၁၀၀၀ | ၁၀၀၀/- | ခန့်ကျော်စာပေ |
| ၅ | ခင်ခင်ညို | သိန်းဖေမြင့်၏နိုင်ငံရေးလှုပ်ရှားမှု(၁၉၃၅-၁၉၆၂) | ၁၅၀၀/- | စိတ်ကူးချိုချို |
| ၆ | အေးကြူလေး | မြန်မာ့ရုပ်ရှင်ငွေရတု သမိုင်းဝင်များ | ၁၃၀၀/- | စိတ်ကူးချိုချို |
| ၇ | ဦးလှမြင့်(ဂန္ဓာမာ) | စီးပွားရေးလုပ်ငန်းလုံးပေးစာများအလွယ်ရေးနည်း | ၂၃၀၀/- | စိတ်ကူးချိုချို |
| ၈ | ညီညီနိုင် | ကမ္ဘာကိုကိုင်လှုပ်ခဲ့သောတွေးခေါ်ရှင် -၁၀၀ | ၅၀၀၀/- | ပြည်မြန်မာ |
| ၉ | ကောင်းသာ-မြန်မာပြန် | ဘာကြောင့်များစိုးရိမ်သောကပွားနေရသလဲ | ၂၀၀၀/- | စိတ်ကူးချိုချို |
| ၁၀ | ဘုဏ်းသိုက် | လူငယ်နှင့်အိပ်မက်နိုင်ငံတော် | ၂၇၀၀/- | စိတ်ကူးချိုချို |
| ၁၁ | ညွန့်ဝေမိုး | Top TEN ဆုထူးရှင်များနှင့်ဘာသာစုံထူးရှင်များ၏ အောင်ပွဲဝင်အက်ဆေးများ | ၂၇၀၀/- | စိတ်ကူးချိုချို၏ |
| ၁၂ | AungMyint (M.E,AUSTRAIA) | Power Point 2016 | ၅၀၀၀/- | အောင်မြင်စာပေ |
| ၁၃ | ထွဏ်းထွဏ်း(သယ်န်းကျွန်း) | မြန်မာတို့ရဲ့နှလုံးသားဝိညာဉ်နှင့် ယနေ့ဆောင်းပါးများစုစည်းမှု | ၂၀၀၀/- | မယုမြစ်စာပေ |
| ၁၄ | သောင်းဝေဦး | ရဲဝံ့စွန့်စားနှင့်KIAတိုက်ပွဲများ | ၃၀၀၀/- | မြရတနာစာပေ |
| ၁၅ | အောင်ကို(တောင်ငူ) | online တွင် အမှတ်တံဆိပ်တည်ဆောက်ခြင်း | ၃၀၀၀/- | တူဒေးစာအုပ်တိုက် |
| ၁၆ | နှလုံးလှဆရာတော် အရှင်ပါမောက္ခ | ပရိတ်ကြီး ၁၁ သုတ်ပါဠိတော် အတ္ထုပ္ပတ္တိနှင့် အမွှန်းဂါထာများ | ၃၀၀/- | ရွှေပေစာအုပ်တိုက် |
| ၁၇ | နှလုံးလှဆရာတော် အရှင်ပါမောက္ခ | ပဋ္ဌာန်းအကြောင်းနှင့် ပဋ္ဌာန်းဆုတောင်း | ၃၀၀/- | ရွှေပေစာအုပ်တိုက် |
| ၁၈ | မြင့်ထွန်းB.A(geog) | တရုတ်ဝေါဟာရ ၃၀၀ ဖြင့် အလွယ်ကူဆုံးတရုတ်စကားပြော | ၂၀၀၀/- | ယဉ်မျိုးစာပေ |
| ၁၉ | ကျော်မောင်မောင် | လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ | ၅၀၀/- | ယဉ်မျိုးစာပေ |
| ၂၀ | လူသာမန် | ငှက်ညီအစ်မကဂျက်ဇ်ဂီတကိုကြိုက်တယ်မေမေ | ၂၀၀၀/- | စံပယ်စာအုပ် |
| ၂၁ | ဦးစန်းလွင် (တရားလွှတ်တော်ရှေ့နေ) | မြန်မာနိုင်ငံပြန်တမ်းပေါင်းချုပ် (ဥပဒေရေးရာ)(၁၉၆၂-၁၉၇၃) | ၆၀၀၀/- | ခရေဖူးစာပေ |
| ၂၂ | သာကီနန်း(မစိုးရိမ်) | ဘဝရည်ရွယ်ချက်နှင့်လူသားဂုဏ်သိက္ခာ (အင်္ဂလိပ်-မြန်မာ) | ၁၅၀၀/- | ဦးနန္ဒာဘိဝံသ |
| ၂၃ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | ဝေဘူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ | ၂၀၀၀/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၄ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | မိုးကုတ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိမလ | ၂၀၀၀/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၅ | ကာတွန်းအောင်အောင် | ရွှေဂေါင်းပြောင်-'မုန်းမြစ်ကိုနော်မယူနဲ့' | ၃၀၀၀/- | Synergy Publication |
| ၂၆ | မိုမိုစု(ဆေးတက္ကသိုလ်) | မင်းကိုပိုချစ်လို့ပါသရဖီ | ၂၀၀၀/- | မိုမိုစုစာပေ |
| ၂၇ | ကျောက်ရိုင်း၊ဘူမိ | ကျောက်မျက်လမ်းညွှန် | ၆၀၀၀/- | Wisdom house |
| ၂၈ | သက်ငြိမ်သစ်၊ ပြေညိမ်းမိုယ် | စိတ်အခြေအနေ(ကဗျာအနည်းငယ်) | ၁၅၀၀/- | Chant Chan Publishing House |
| ၂၉ | သန်းဝင်းလှိုင် | အကျော်ဇေယျ ဂန္ထဝင်စာဆိုတော်များ(ပထမတွဲ) | ၆၀၀၀/- | ရွှေလင်းယုန်စာပေတိုက် |
| ၃၀ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | အုပ်ဖိုရ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဥက္ကံဝံသမာလာ | ၂၀၀၀/- | ဆုပြည့်စုံထွန်းစာပေ |
| ၃၁ | ဇာနီအောင် (ရမ္မာဝတီ) | ညေဝတီရခိုင်ပြည်နဲ့ ထွေရာစုံပုံပြင်များ | ၃၀၀/- | ရွှက်ကျပင်ပေါက် |

(ဆက်လက်ဖော်ပြပါမည်)

# အလယ်အလတ်အခွန်ထမ်းများ ကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ်ဖြင့် အခွန်များ ပေးဆောင်နိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၆**

အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများပိုမိုတိုးတက်စေရန်၊ အခွန်ထမ်းဦးရေ တိုးပွားလာရန်၊ အခွန်ဆိုင်ရာ စီမံခန့်ခွဲမှု အရင်းအမြစ်များ စနစ်တကျဖြစ်စေရန်နှင့် ခေတ်မီကောင်းမွန်သော အခွန်စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက်ဖြစ်ကြောင်း အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်အကြောင်း ရှင်းလင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။



ဆွေးနွေးပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)မှ စီစဉ်ဆောင်ရွက်ပြီး အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI ၌ ပြုလုပ်ခဲ့သည်။

"အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါ ထိရောက်ကောင်းမွန်တဲ့ အခွန်စီမံခန့်ခွဲမှုတစ်ရပ်ဖြစ်စေဖို့အတွက် ကုန်ကျစရိတ် သက်သာအောင်၊ ရှင်းလင်းလွယ်ကူအောင် ဦးတည်ဆောင်ရွက်လျက်ရှိတာမို့ အခွန်ထမ်းပြည်သူတွေအနေနဲ့လည်း ပြည်တွင်းအခွန်များဦးစီးဌာနနဲ့ ပူးပေါင်းပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အကောက်တွေ အပြည့်အဝကောက်ခံရရှိရေးနဲ့ အခွန်လွတ်ကင်းတိမ်းရှောင်မှုများမရှိစေရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါ" ဟု ဒုတိယဝန်ကြီးက ယင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့် စနစ်ဆိုသည်မှာ အခွန်ထမ်းလုပ်ငန်းရှင်များအနေဖြင့် မိမိရရှိသည့် ဝင်ငွေ၊ မိမိအသုံးပြုခဲ့သည့် အသုံးစရိတ်များအပေါ် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန် ကြေညာလွှာတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က နှစ်အလိုက် ပြဋ္ဌာန်းသတ်မှတ်ပေးထားသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ နှုန်းထားများအတိုင်း အခွန်ထမ်းများကိုယ်တိုင် အခွန်စည်းကြပ်မှုစနစ်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့် စနစ်မှာ အရေးကြီးဆုံးအချက်က အခွန်ထမ်းတွေကို ဝန်ဆောင်မှုပေးရမယ်။ အခွန်ပညာပေးရမယ်။ ဝန်ဆောင်မှုပေးတဲ့အခါမှာလည်း အခွန်ထမ်းမိဘပြည်သူတွေ ကိုယ်တိုင်စည်းကြပ်ရမယ့် လုပ်ဆောင်ချက်မှန်သမျှကို ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်နိုင်စေဖို့ ကျွန်တော်တို့ဘက်ကနေ အကောင်းဆုံး ဆောင်ရွက်သွားမယ်။ ကြေညာလွှာအချိန်မီ တင်သွင်းခြင်း၊ ကျသင့်အခွန်ကို သတ်မှတ်ချိန်အတွင်း ပေးသွင်းခြင်း၊ စာရင်းဇယားများ ထိန်းသိမ်းထားရှိခြင်းနဲ့ ဥပဒေဆိုင်ရာ လိုက်နာဆောင်ရွက်ရန် ဆွေးနွေးခြင်းစတဲ့ လုပ်ငန်းစဉ်တွေအတွက် ဝန်ဆောင်မှု အပြည့်အဝပေးသွားမှာပါ"ညွှန်ကြားရေးမှူး ဦးမင်းထွဋ်က ပြောသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ယခင်က အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ရုံးမှ စည်းကြပ်သည့်စနစ်ဖြင့် အခွန်များကောက်ခံခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးကို ကုမ္ပဏီ ၅၅၀ ခန့်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်ဖြင့် အခွန်ပေးဆောင်စေသော စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)တွင် အခွန်ထမ်းများကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်အား ပြောင်းလဲကျင့်သုံးဆောင်ရွက်ခြင်း ဖြစ်သည်။

"ပြောရရင် ကျွန်မတို့နိုင်ငံက ဒီစနစ်လုပ်တာ နောက်ကျနေပြီလို့တောင် ပြောရမယ်။ ဒါပေမယ့် ဖြည်းဖြည်းချင်းတော့ ကောင်းသွားမှာပါ။ အခုမှ စတာဆိုတော့ အကျွမ်းတဝင် မဖြစ်ကြသေးတာပါ။ ကိုယ့်မှာ သာကိုယ် အခွန်စည်းကြပ်တော့ ကိုယ့်အကြောင်းကိုယ်ပဲ သိတာလေ။ ကျွန်မတို့ကတော့ အခွန်ကို အမြဲတမ်း မှန်မှန်ဆောင်တယ်။ ဒီတော့ အခွန်စနစ်ပြောင်းလည်း အခက်အခဲတော့ သိပ်မရှိပါဘူး" ဟု Advanced Diagnostic Products Trading ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်စိန်က ပြောသည်။

ယင်းဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော အခွန်ထမ်းကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

(ခင်ဇာလီ)

# ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများရှိ နေရပ်ပြန်လိုသော မြန်မာနိုင်ငံသားများ နေရပ်သို့ ပြန်လည်ခေါ်ယူ

**ထားဝယ် အောက်တိုဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ထီးခီး-ဖူနန်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများရှိ နေရပ်ပြန်လိုသော မြန်မာနိုင်ငံသား ခြောက်ဦးအား နေရပ်သို့ ပြန်လည်ခေါ်ယူရေးနှင့် ကြိုဆိုလက်ခံဆောင်ရွက်ရန် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဖြူဖြူဝင်း ခေါင်းဆောင်သော မြန်မာဒုက္ခသည်များအား နေရပ်သို့ ပြန်လည်ခေါ်ယူရေးနှင့် ကြိုဆိုလက်ခံရေး ကော်မတီဝင်များသည် အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက ထိုင်းနိုင်ငံ Ratchaburi Province၊ Pu Nam Rom International Point of Entry စစ်ဆေးရေးဂိတ်တွင် နွေးထွေးစွာ ကြိုဆိုလက်ခံခဲ့ကြသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ရာတွင် ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး Sing Visespochanakit၊ ဒုတိယအုပ်ချုပ်ရေးမှူး Mr.wisit Puangpetch တို့က မြန်မာနိုင်ငံသားများကို မိမိနေရပ်သို့ပြန်လည်ပို့ဆောင်ရာတွင် ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးခွင့်ရ၍ ဝမ်းမြောက်ပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ယခုကဲ့သို့ နွေးထွေးစွာကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာဒုက္ခသည် စခန်းများရှိ နေရပ်ပြန်လိုသူများအား ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာဒုက္ခသည်များအား နေရပ်သို့ပြန်လည်ခေါ်ယူရေးနှင့် ကြိုဆိုလက်ခံရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက ယခုကဲ့သို့ မြန်မာနိုင်ငံသားများကို စနစ်တကျလွှဲပြောင်းပေးအပ်မှုအပေါ် ထိုင်းနိုင်ငံအစိုးရနှင့် တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိဒေသကောင်းမွန်စွာ ပြန်လည်ရောက်ရှိလာသည့် မိသားစုနှင့်အတူ ဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ နေရပ်သို့ပြန်လိုသူများအား ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ခြောက်ဦးကို စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။ လွှဲပြောင်းပေးအပ်ပွဲသို့ မြန်မာသံရုံးကိုယ်စားလှယ် ဦးဟောက်ခန့်ဆုန်း၊ မြန်မာဒုက္ခသည်များအား နေရပ်သို့ပြန်လည်ခေါ်ယူရေးနှင့် ကြိုဆိုလက်ခံရေးကော်မတီဝင်များနှင့် မီဒီယာသမားများ တက်ရောက်ကြသည်။

ထိုင်းနိုင်ငံဒုက္ခသည်စခန်းမှ နေရပ်ပြန်ရောက်ရှိလာသော မြန်မာနိုင်ငံသား ခြောက်ဦးမှာ အိမ်ထောင်ဦးစီး ဦးထွန်းထွန်းဝင်း၊ ဇနီး ဒေါ်နော်စီးနာတို့၏ သား၊ သမီးလေးဦးပါ မိသားစုတစ်စုဖြစ်သည်။ ၎င်းတို့အား တိုင်းဒေသကြီး မြန်မာဒုက္ခသည်များအား နေရပ်သို့ ပြန်လည်ခေါ်ယူရေးနှင့် ကြိုဆိုလက်ခံရေးကော်မတီမှ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက အိမ်ထောင်စုစာရင်းပြုလုပ်ပေးခြင်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကယ်ဆယ်ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ၎င်းတို့၏ နေရပ်ဖြစ်သော မေတ္တာမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**



# နံရံကပ်နှင့် စာအုပ်များ ခင်းကျင်းပြသ

**ညောင်လေးပင် အောက်တိုဘာ ၂၆**

ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးတက်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပြီး နံရံကပ်စာစောင်နှင့် စာအုပ်များ ခင်းကျင်းပြသပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက ညောင်လေးပင်မြို့ ပြည်သူ့စာကြည့်တိုက်၌ကျင်းပသည်။

အဆိုပါပြပွဲသို့ မြို့မ (၂) ရပ်ကွက် ဘုရားကြီးလမ်း အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်နီနီဝင်းက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများအကြောင်းအား ဟောပြော၍ စာဖတ်ဝိုင်းပြုလုပ်ကာ စာဖတ်စွမ်းရည်ကောင်းသောကလေးများအား ဗလာစာအုပ်နှင့်ခဲတံများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍တက်ရောက်လာသူများမှ (၉၆)နှစ်မြောက် အမျိုးသားနေ့ အကြိုနံရံကပ်၊ မူးယစ်ဆေးဝါးအသိပညာပေး နံရံကပ်နှင့်လူကုန်ကူးမှုအသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုကြပြီး ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကိုလည်းဖတ်ရှုကြကာ အလှူရှင်ဦးမျိုးမိသားစုက ကျောင်းသား ကျောင်းသူများအား မုန့်များဝေငှပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၈၁၀၀၀ | - | ၈၈၁၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၈၁၀၀၀ | - | ၈၈၁၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၅၀/၆၇၀ ကျပ် |
| (ခ)အောက်တိန်း 95 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၆၅/၈၁၀ ကျပ် |
| (ဂ)အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |
| (ဃ)အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၅၀/၆၈၀ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၉၅.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၉.၀၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆.၇၃၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၈.၇၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉.၁၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၂.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၂၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၈၇.၆၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၃.၅၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**အုတ်ဖို အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ဖိတ်ကြားထားသော ကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် မိမိဆန္ဒအလျောက် ကျောင်းသား ကျောင်းသူ ၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ အထက အုတ်ဖိုမှ စတုတ္ထတန်းကျောင်းသူ မဟေမာန်ပြည်စုံက ပထမဆု၊ အမက မိုးညိုမှ စတုတ္ထတန်းကျောင်းသူ မဟန်နီဇော်က ဒုတိယဆု၊ အမက သရက်ပင်ဆိပ်ကျောင်းမှ စတုတ္ထတန်းကျောင်းသူ မအေးချမ်းအောင်က တတိယဆုရရှိခဲ့ကြရာ သက်ဆိုင်ရာ ဆရာ ဆရာမများက အသီးသီးဆုချီးမြှင့်ခဲ့ကြသည်။

အဆိုပါကလေးစာဖတ်ခန်း၌ လစဉ် ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးခဲ့ရာ ယခုအခါစာဖတ်ခန်း၌ စာဖတ်သူဦးရေ တိုးပွားလာသည်နှင့်အညီ ကလေးငယ်များ ကိုယ်တိုင်စိတ်ပါဝင်စားစွာဖြင့် စာရင်းပေး ဝင်ရောက်ယှဉ်ပြိုင်မှုများရှိလာကြောင်း သိရသည်။**အောင်သူ(ပြန်/ဆက်)**

ကြေးမုံ ရုပ်ရှင်အညွှန်း

# မြန်မာ့ကျေးလက်ဓလေ့ကို အခြေခံရိုက်ကူးထားသည့် "ဘွန္တော့ကြက်သူခိုး" မြန်မာဟာသဇာတ်ကားကြီး ရုံတင်မည်

စာရေးဆရာကြီးသော်တာဆွေ၏ နာမည်ကျော်ဝတ္ထုတစ်ပုဒ်ဖြစ်သည့် 'ဘွန္တော့ကြက်သူခိုး'ကို ပြန်လည်ရိုက်ကူးထားသည့် မြန်မာရုပ်ရှင်ဇာတ်ကားသစ် 'ဘွန္တော့ကြက်သူခိုး' ကို ယခုတစ်ပတ်တွင် ရုံတင်ပြသတော့မည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် မြန်မာ့ကျေးလက်ဓလေ့၊ သဘာဝအလှအပများကို သဘာဝကျကျခံစားနိုင်ကြမည်ဖြစ်သလို မြန်မာ့ချစ်စရာ ကျေးလက်ဓလေ့ကို အခြေခံရိုက်ကူးထားခြင်းလည်းဖြစ်သည်။

'ဘွန္တော့ကြက်သူခိုး' မြန်မာဟာသဇာတ်ကားတွင် ရုပ်ရှင်အရေး၊ သာရေးနာရေးများတွင် လူငယ်ပီပီ ထိပ်ဆုံးမှ အမြဲပါဝင်တတ်သော်လည်း အပေါင်းအသင်းစုံသဖြင့် ရွာဦးကျောင်းဆရာတော်ကိုယ်တိုင် ကြိမ်လုံးဖြင့်ဆုံးမရသော ဘွန္တော့ကြက်သူခိုး တက်လူအဖြစ် အောင်ရဲလင်း၊ တက်လူ၏ ဇနီးဖြစ်ပြီး နေရာတကာ ဆရာလုပ်တတ်သူ မနော်အဖြစ် ရွှေမှုန်ရတီ၊ တက်လူအား အမြဲမြည်တွန်တောက်တီးနေတတ်သူ ခပ်စီးစီးယောက္ခမတစ်ဦးအဖြစ် သရုပ်ဆောင် ဝါဝါအောင်နှင့် တက်လူတို့လင်မယားကြား ပါဝင်လာမည့် အရီးဟု အမည်ရသည့် မိန်းကလေးတစ်ဦးအဖြစ် အေးမြတ်သူတို့က ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားကို လပ်ကီးဆဲဗင်းရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ မအေးအေးဝင်းက စီစဉ်ထုတ်လုပ်ပြီး စာရေးဆရာသော်တာဆွေ၏ ဝတ္ထုကို ဒါရိုက်တာကိုဇော် (အရုဏ်ဦး)က ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ကာ အောင်ရဲလင်း၊ ရွှေမှုန်ရတီ၊ အေးမြတ်သူ၊ ဝါဝါအောင်၊ ဗေလုဝ၊ ဒိန်းဒေါင်၊ ကောင်းစံ၊ ကျော်စိုး၊ ချစ်လူလူ၊ မေပန်းချီနှင့် သရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားကာ လာမည့် အောက်တိုဘာ ၂၈ ရက်တွင် မြန်မာတစ်ပြည်လုံး၌ စတင်ရုံတင်ပြသသွားမည်ဖြစ်သည်။

'ဘွန္တော့ကြက်သူခိုး' မြန်မာဟာသဇာတ်ကားကို လာမည့်သောကြာနေ့တွင် ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာ(သိမ်ကြီးဈေး)၊ Mingalar Cineplex ဂမုန်းပွင့်(လှည်းတန်း-စံရိပ်ငြိမ်)၊ မင်္ဂလာစံပြ၊Top Royal ပါရမီ စိန်ဂေဟာ၊ ပြည်၊ မင်္ဂလာထွန်းသီရိ၊ ပဲခူးမြို့ရှိ Mingalar Cineplex Icon Shopping Mall၊ တောင်ငူမြို့ရှိ New 3D Cinema နှင့် လားရှိုးမြို့ရှိ အောင်သီရိရုပ်ရှင်ရုံ၊ မန္တလေးမြို့တွင် ဝင်းလိုက်၊ မြို့မ၊ JCGV၊ ပုသိမ်မြို့တွင် ရွှေပြည်တော်၊ နေပြည်တော် JCGV၊ အောင်သပြေ၊ ဇေယျာသီရိ၊ ထားဝယ်မြို့တွင် အောင်မင်္ဂလာ၊ မြဝတီမြို့တွင် သွန်းရွှေစင်၊ ဘားအံမြို့တွင် တက်နေဝင်း၊ မော်လမြိုင်မြို့တွင် JCGV၊ လားရှိုးမြို့တွင် သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပြင်ဦးလွင်မြို့တွင် ချယ်ရီလွင်၊ Movie Planet၊ တောင်ကြီးမြို့တွင် မြသုခ၊ ဗန်းမော်မြို့တွင် စတား၊ ရေနံချောင်းမြို့တွင် ရတနာ၊ ပခုက္ကူမြို့တွင် သီဟ၊ မြိတ်မြို့တွင် မင်္ဂလာတို့တွင် အောက်တိုဘာ ၂၈ ရက်က စပြီး တစ်ပြိုင်နက် ပြသပေးသွားမည်ဖြစ်သည်။



ဓာတ်ပုံ - ဘွန္တော့ကြက်သူခိုးဖေ့ဘွတ်စာမျက်နှာ

ထို့အပြင် လက်ရှိပြသဆဲ မြန်မာဟာသဇာတ်ကားများဖြစ်သည့် မင်းသား နေတိုးနှင့် မင်းသမီး အိချောပိုတို့ ပါဝင်သရုပ်ဆောင်ထားသည့် 'ရွှေဒင်္ဂါးကို ထွေခင်းကစားမယ်' နှင့် 'စားတယ်' ဇာတ်ကားတို့ကို ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်ကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ ညွှန်းဆိုတင်ဆက်လိုက်ရပါသည်။

ဖြိုးစန္ဒာမြင့်

## ဒါရိုက်တာတစ်ဦးနဲ့ သတင်းတွေထွက်နေတဲ့ ဂျနီဖာလောရန့်စ်



ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့စွန့်စားခန်းရုပ်ရှင်တစ်ကားဖြစ်တဲ့ "The Hunger Games"ရဲ့ ခေါင်းဆောင်မင်းသမီးချော ဂျနီဖာလောရန့်စ်ဟာ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒါရန်အရွန်နော့ဗ်စကီးနဲ့ ချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ သို့လောသို့လောသတင်းတွေဟာ ယခုနှစ် နှစ်လယ်ပိုင်းလောက်ကစပြီး ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းစားလာခဲ့ပါတယ်။

အသက် (၂၆)နှစ်အရွယ်အော်စကာဆုရှင် ဂျနီဖာနဲ့ (၄၇)နှစ်အရွယ် ဒါရန်တို့ဟာ ပြီးခဲ့တဲ့နွေရာသီမှာရိုက်ကူးခဲ့တဲ့ရုပ်ရှင်အပြီး ချစ်သူတွေအဖြစ်တွဲခဲ့ကြတာဖြစ်တယ်လို့ ဟောလိဝုဒ်မီဒီယာတွေကဆိုကြပါတယ်။

ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာလည်း သူတို့နှစ်ဦးကို တတွဲတွဲတွေ့ရပေမယ့် နှစ်ဦးကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး တစ်ဦးတစ်ယောက်ကမျှ ဖွင့်ဟခဲ့ခြင်းတော့ မရှိသေးပါဘူး။ ဒါ့ကြောင့် သူတို့နှစ်ဦးရဲ့ဇာတ်လမ်းဟာ ဟောလိဝုဒ်မီဒီယာတွေရဲ့ စောင့်ကြည့်ခြင်းခံနေရတဲ့ ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေပါတယ်။

## EXO အဖွဲ့ဝင် Lay ၏ ပထမဦးဆုံးသော ဆိုလိုတေးအယ်လ်ဘမ် ထွက်ရှိမည်

ကျော်ကြားသည့် ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သော EXO မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Lay ၏ ပထမဦးဆုံးသော ဆိုလိုမီနီတေးအယ်လ်ဘမ်ကို လာမည့် အောက်တိုဘာ ၂၈ ရက်မှ စတင်ကာ စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့သည်။

"Lose Control"ဟု အမည်ပေးထားသော အဆိုပါတေးအယ်လ်ဘမ်ကို တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့တွင် တစ်ပြိုင်နက် စတင်ရောင်းချသွားမည်ဖြစ်ကြောင်း Lay ၏ ဖျော်ဖြေရေးအေဂျင်စီဖြစ်သည့် အက်စ်အမ်အန်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းတေးအယ်လ်ဘမ်တွင် အာရန်ဘီတေးသီချင်းများ ပိုမိုပါဝင်မည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါတေးအယ်လ်ဘမ်တွင် ပါဝင်သော တေးသီချင်းတစ်ပုဒ်ဖြစ်သည့် "What U Do"ကို အောက်တိုဘာ ၇ ရက်တွင် ကျရောက်ခဲ့သော Lay ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ယခုလအစပိုင်းတွင် ထုတ်လွှင့်ခဲ့ရာ ပရိသတ်အားပေးမှုကို အထူးရရှိခဲ့သည်။ မြူးကြွသည့်ပေါ့ပ်အကနှင့် ပေါင်းစပ်ဖန်တီးထားသည့် ယင်းတေးသီချင်းသည် တေးဂီတဇယားအချို့တွင်လည်း နံပါတ်တစ်နေရာကို ရောက်ရှိသည်အထိ အောင်မြင်ခဲ့ကြောင်း သိရသည်။

## အမေရိကန်တေးဂီတဆုပေးပွဲတွင် လေဒီဂါဂါ ပါဝင်ဖျော်ဖြေမည်



ပေါ့ပ်တေးဂီတလောကမှာ အောင်မြင်ရုံသာမက ဟောလိဝုဒ်ရဲ့ ဖက်ရှင်အိုင်ကွန်တစ်ဦးအဖြစ်ပါ သတ်မှတ်ခံထားရတဲ့ အဆိုတော်လေဒီဂါဂါဟာ မကြာမီကျင်းပမယ့် အမေရိကန်တေးဂီတဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဒေ့ါကွန်းရဲ့ဖော်ပြချက်အရ သိရပါတယ်။

လာမယ့်နိုဝင်ဘာ ၂၀ ရက်မှာ ကျင်းပမယ့် ယင်းအမေရိကန်တေးဂီတဆုပေးပွဲဟာ (၄၄)ကြိမ်မြောက် ဆုပေးပွဲဖြစ်ကာ အဆိုပါဆုပေးပွဲမှာ လေဒီဂါဂါက သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှတေးသီချင်းနဲ့ သီဆိုဖျော်ဖြေနိုင်ဖွယ်ရှိပါတယ်။

ယင်းဆုပေးပွဲမှာ လေဒီဂါဂါအပြင် ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ ဘရူနိုမားစ်နဲ့ စတင်းတို့လည်း ပါဝင်တင်ဆက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

## မြဝတီရုပ်မြင်သံကြား

၂၇-၁၀-၂၀၁၆(ကြာသပတေးနေ့)

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၂၀ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၂၀ | ရှေးဟောင်းသုတ |
| ၈း၃၅ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၁၅ | လျှပ်တစ်ပြက် |
| ၉း၂၅ | ဒေသန္တရဗဟုသုတ အစုံစုံအလှဖုံဖုံ |
| ၉း၄၀ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၉း၅၀ | Casual Talk |
| ၁၀း၁၅ | မေးမြန်းစူးစမ်း |
| ၁၀း၃၅ | Cooking Art |
| ၁၁း၂၅ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | မောင်မယ်လေးများသိစေချင် |
| ၁၁း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၀၀ | World Wide Web |
| ၁၂း၂၅ | မှတ်တမ်း |
| ၄း၀၂ | နိုင်ငံတော်သီချင်း |
| ၄း၀၅ | တစ်ပတ်အတွင်း စီးပွားရေးသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | ကိုယ်ပျောက်လူသား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၂၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -ဘောလုံးကန်ကြမယ် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၁၄) |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၂၇ - ၁၀ - ၂၀၁၆ (ကြာသပတေးနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | "စော်ဘွားကြီးစဝ်ရွှေသိုက်နှင့် ညောင်ရွှေဟော်နန်းသမိုင်း" |
| ၈း၃၅ | "ရာဇဝင်ထဲကပုဂံ" |
| ၉း၃၅ | ASEAN Spotlight "မိခင်နို့တိုက်ကျွေးခြင်း" (Cambodia) |
| ၁၀း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၁၅ | Graphic Info (Stock Exchange) (အခန်း-၆) |
| ၁၁း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "လျှာအရသာ" (ဒေါ်ခင်ခင်ကြီး၊ ရဲလင်း၊ ရွှေဖူးစာ) [ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၁၉) |
| ၁း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၇) |
| ၁း၅၅ | သုခုမရင်ခွင်အငြိမ့်သဘင် "တော်ဝင်စတားအငြိမ့်" (မင်းသမီး-ပိုးဝါသျှန်၊ လူရွှင်တော်-စပ်ဖြိုး၊ လူလှ၊ ပြည်ချစ်၊ ဒိုးဒိုး၊ သက်ထက်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၂း၃၅ | Weekly Sport Info |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂၈) |
| ၄း၁၅ | "အောက်တိုဘာလပတ် မိုးလေဝသအစီအစဉ်" |
| ၄း၃၅ | Football Magazine (ရှမ်းယူနိုက်တက်အသင်း) |
| ၅း၁၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၃၅ | လက်တွေ့အသုံးချ ဘဏ္ဍာရေးသုတများ |
| ၆း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂၉) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၈) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီဝါဝါဝင်းရွှေ) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ် ချန်ပီယံဖြစ်ရန် အကောင်းဆုံး အလားအလာကို ပိုင်ဆိုင်ထားပြီဟု နည်းပြဝင်းဂါးယုံကြည်



အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ၂၀၀၄ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ် ချန်ပီယံဆုနှင့် အနီးစပ်ဆုံး အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း နည်းပြဝင်းဂါးက ပြောကြားလိုက်သည်။ ဝင်းဂါးက အာဆင်နယ်အသင်းအနေဖြင့် ရမှတ် ၈၂မှတ်နှင့် ၈၆ မှတ်ကြားရရှိပါက ပရီမီယာလိဂ် ချန်ပီယံသေချာပေါက်ဖြစ်နိုင်မည်ဟု အာဆင်နယ်အသင်းနှစ်ပတ်လည် အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ ရောက်ရှိနေသလို အီးအက်ဖ်အယ်လ် စတုတ္ထအဆင့်ပွဲစဉ်၌ ရက်ဒင်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ဝင်းဂါးက"ကျွန်တော်တို့အသင်းက အခုအချိန်မှာ လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်ကထက် ပရီမီယာလိဂ်ချန်ပီယံဆုကို ပိုပြီး စိန်ခေါ်နိုင်တဲ့ အခြေအနေကို ပိုင်ဆိုင်ထားပါပြီ။ ဒါက ပရီမီယာလိဂ်တစ်ခုတည်းမှာ မဟုတ်ဘဲ ပြိုင်ပွဲအရပ်ရပ်မှာ တိုးတက်လာတဲ့အခြေအနေပါ"ဟု ပြောကြားခဲ့သည်။ အာဆင်နယ်သည် ပရီမီယာလိဂ်ပွဲစဉ် ကိုးပွဲကစားပြီးချိန်တွင် ရမှတ် ၂၀ရရှိထားပြီးဖြစ်ရာ လက်ကျန် ၂၉ ပွဲမှ ရမှတ် ၆၂ မှတ် ထပ်မံစုထောင်းနိုင်လျှင် ပရီမီယာလိဂ်ချန်ပီယံဖြစ်မည်ဟု ဝင်းဂါးက ယုံကြည်နေခြင်းဖြစ်သည်။ လက်စတာအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ရမှတ်၈၂မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်ကို နှစ် ၂၀ ကိုင်တွယ်ခဲ့သည့် ဝင်းဂါးနှင့် အာဆင်နယ်အသင်းတို့ လက်ရှိချုပ်ဆိုထားသော စာချုပ်မှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ဥက္ကဋ္ဌကပ်စ်ဝှစ်က ဟာသအနေဖြင့် ပြောကြားခဲ့သည်မှလွဲ၍ ယင်းကိစ္စရပ်အပေါ် တစ်စုံတစ်ရာဆွေးနွေးခြင်းမရှိခဲ့ကြောင်းလည်း သိရသည်။ အာဆင်နယ်သည် ၂၀၀၄ ခုနှစ်တွင် ပရီမီယာလိဂ် ချန်ပီယံအဖြစ်နောက်ဆုံးအောင်ပွဲခံနိုင်ခဲ့ပြီး အက်ဖ်အေဖလားနှစ်ကြိမ် ဆွတ်ခူးနိုင်သည်မှလွဲ၍ မည်သည့်အောင်မြင်မှုမျှ ကြီးကြီးမားမား ရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။

မေလှဲ့သင်း -ရေးသားသည်။

# အလက်ဇန္ဒားအာနိုး ထုတ်ပယ်ခံရသင့်ဟု ပိုချက်တီနို ရှုမြင်



စပါးအသင်းက လီဗာပူးအသင်းအား ရှုံးနိမ့်ခဲ့သည့် အီးအက်ဖ်အယ်လ်ဖလား ပြိုင်ပွဲတွင် စပါးကစားသမား ဗန်ဒေးဗီးစ်အား ကြမ်းတမ်းစွာတားဆီးခဲ့သည့် လီဗာပူးကစားသမား အလက်ဇန္ဒားအာနိုး တိုက်ရိုက်အနီကတ်ဖြင့်ပင် ထုတ်ပယ်ခံရသင့်သည်ဟု စပါးနည်းပြ ပိုချက်တီနိုက ပြောကြားလိုက်သည်။ အလက်ဇန္ဒားအာနိုးမှာ နည်းပြ ဂျာဂန်ကလော့ပ်၏ ပွဲထွက်လူစာရင်းတွင် ပထမဦးဆုံး ပါဝင်ခွင့်ရခဲ့ပြီး ပထမပိုင်းတွင် စပါးမှ ဗန်ဒေးဗီးစ်အား ဥပဒေပ ပြစ်ဒဏ်ကျူးလွန်ခဲ့သော်လည်း ဒိုင်ဖြစ်သူ ဂွန်မော့စ်က အဝါကတ်သာ ပြသသတိပေးခဲ့ခြင်းကြောင့် ယင်းကိစ္စရပ်အပေါ် သတင်းထောက်များက မေးမြန်းကြရာ ပိုချက်တီနိုက အာနိုးထုတ်ပယ်ခံရသင့်ကြောင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ ပိုချက်တီနိုက ဒိုင်လူကြီးမော့စ်၏ ဆုံးဖြတ်ချက်နှစ်ရပ်မှာ စပါးအသင်းအတွက် မေးခွန်းထုတ်ရမည့် အခြေအနေဖြစ်နေကြောင်း၊ ပထမတစ်ချက်မှာ အာနိုးအား မထုတ်ပယ်သည့် ကိစ္စရပ်ဖြစ်ပြီး ဒုတိယတစ်ချက်မှာ ပင်နယ်တီခွင့်ပြု ပေးခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

# စပါးကို အနိုင်ရရှိခဲ့သည့် လီဗာပူး အီးအက်ဖ်အယ်လ်ကွာတားတက်ပြီး ပြိုင်ပွဲအရပ်ရပ်တွင် ၁၀ ပွဲ ဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်

လီဗာပူးအသင်းသည် အီအက်ဖ်အယ်လ်ပြိုင်ပွဲ၏ (၁၆)သင်းအဆင့် ပွဲစဉ်တွင် အိမ်ကွင်း၌ စပါးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် အီးအက်ဖ်အယ်လ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲအရပ်ရပ်တွင် ၁၀ ပွဲ ဆက်တိုက်ရှုံးပွဲမရှိစံချိန်တင်သည့် အသင်းလည်းဖြစ်လာခဲ့သည်။

လီဗာပူးအသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အီးအက်ဖ်အယ်လ်ပွဲစဉ်တွင် လီဗာပူးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို တိုက်စစ်မှူး စတားရစ်ချ်က သွင်းယူပေးခဲ့ပြီး စပါးအသင်းအတွက် ချေပဂိုးကို ဂျန်ဆန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။



ယခုပွဲစဉ်တွင် လီဗာပူးအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး စတားရစ်ချ်သည် ဝက်စ်ဘရွန်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် လူစားဝင် ကစားသမားအဖြစ်ပင် အသုံးမပြုခဲ့သော်လည်း စပါးအသင်းနှင့် ပွဲစဉ်တွင်စတားရစ်၏ ခြေစွမ်းပိုင်းကောင်းမွန်မှုကြောင့် လီဗာပူးအသင်း အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး စတားရစ်ချ်သည် နောက်ဆုံးကစားခဲ့သည့် လိဂ်ပွဲရှစ်ပွဲတွင် ၁၀ ဂိုး အထိသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူး တစ်ဦးလည်းဖြစ်ပြီး ၎င်းသွင်းယူခဲ့သည့် သွင်းဂိုး ၁၀ ဂိုးအနက် လေးဂိုးမှာ ယခုနှစ် ဘောလုံးရာသီတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ဩဂုတ် ၂၀ ရက်က ဘန်လေအသင်းအား နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်နောက်ပိုင်း ၁၀ ဆက်တိုက်ရှုံးပွဲမရှိကစားထားနိုင်ခဲ့ပြီး ယင်းပွဲစဉ် ၁၀ ပွဲအနက် စပါးအသင်းနှင့် ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်နှင့် မန်ယူအသင်းနှင့် ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တို့တွင် သရေကျခဲ့ပြီး ကျန်ရှစ်ပွဲတွင်နိုင်ပွဲရရှိအောင်စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အီးအက်ဖ်အယ်လ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်ထိတက်နိုင်ခဲ့သည့်အပြင် ပရီမီယာလိဂ် အမှတ်ပေးပြိုင်ပွဲတွင်လည်း မန်စီးတီးအသင်း၊ အာဆင်နယ်အသင်းတို့နှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယား၏ အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

အောက်တိုဘာ ၂၅ ရက်ညပိုင်းက ကစားခဲ့သည့် အခြားသော အီးအက်ဖ်အယ်လ်ပွဲစဉ်များတွင်မူ အာဆင်နယ်အသင်းသည် ရက်ဒင်းအသင်းကို အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ဟားလ်စီးတီးအသင်းသည် ဘရစ္စတိုးစီးတီးအသင်းအား အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ လိဒ်စ်ယူနိုက်တက်အသင်းသည် နော့ဝှစ်ချ်အသင်းကိုအိမ်ကွင်း၌ ပင်နယ်တီအဆုံးအဖြတ် သွင်းဂိုး အပါအဝင် ငါးဂိုး-လေးဂိုးဖြင့်လည်းကောင်း၊ နယူးကာဆယ်အသင်းသည် ပရက်စတန်အသင်းကို အိမ်ကွင်း၌ ခြောက်ဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးနိုင်ပွဲများ ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

(ငွေကြယ်)

# လိင်တူစိတ်ဝင်စားသူ ကစားသမားများကို ပစ်ပယ်တော့မည်မဟုတ်သည့် ဗြိတိန်အားကစားလောက

လိင်တူစိတ်ဝင်စားသည့် အားကစားသမားများအပေါ် ဗြိတိန်ပရိသတ်များ ဆန့်ကျင်ခြင်းရှိ၊ မရှိ ဆိုသည်နှင့်ပတ်သက်၍ ဆန္ဒမဲကောက်ခံခဲ့ရာ ၈၂ရာခိုင်နှုန်းသော ပရိသတ်များက သာမန်ကစားသမားများကို အားပေးသည့်အနေအထားအတိုင်း အားပေးသွားမည်ဟု သဘောထားပေးခဲ့ကြကြောင်း သိရသည်။ ယင်းသဘောထားစစ်တမ်းသည် ဂရိတ်ဗြိတိန်အတွင်းတည်ရှိသည့် အင်္ဂလန်၊ ဝေလနှင့် စကော့တလန်ပြည်နယ်များအတွင်းရှိ ပရိသတ်များ၏ ဆန္ဒသဘောထားကို ဘီဘီစီရေဒီယို ၅ အစီအစဉ်က ကမကထပြု၍ ဆန္ဒတောင်းခံခဲ့ခြင်းဖြစ်သည်။ သို့သော် ရှစ်ရာခိုင်နှုန်းသော ပရိသတ်များက လိင်တူစိတ်ဝင်စားသည့် ကစားသမားများပါဝင်သည့် အသင်းများကိုအားပေးခြင်းမှ ရပ်ဆိုင်းသွားမည်ဟု သဘောထားပေးခဲ့ကြသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်) ဥက္ကဋ္ဌ ကလာ့ခ်က လိင်တူစိတ်ဝင်စားသည့် ကစားသမားများ ၎င်းတို့ကိုယ်၎င်းတို့ လိင်တူစိတ်ဝင်စားသည့် ပုဂ္ဂိုလ်များဖြစ်အဖြစ် ဝန်ခံကြလျှင် ပရိသတ်များ ခွဲခြားဆက်ဆံမှုခံရနိုင်ကြောင်း သတိပေးမှုပြုလုပ်ထားပြီးဖြစ်သည်။ ကလာ့ခ်က ယင်းဖြစ်ရပ်မှာ ပုဂ္ဂိုလ်ရေးအရ ရှက်ဖွယ်ကောင်းသည့် ကိစ္စရပ်ဖြစ်သလို ကစားသမားများ လူသိရှင်ကြား ထုတ်ဖော်ဝန်ခံခြင်းက ၎င်းတို့ကိုယ်တိုင်လုံခြုံမှု နည်းပါးသွားသည့် အခြေအနေကို ရောက်ရှိသွားစေနိုင်ခြင်းကြောင့် ကစားပွဲများအတိုင်း လိင်တူချစ်ခင်လိုသည့် အပြုအမူများကို အမြစ်ပြတ်ချေမှုန်းသွားမည်ဟု ကတိပြုပြောကြားခဲ့သည်။ သို့သော် ပရီမီယာလိဂ်ကစားသမားဟောင်း ဖြစ်သူ စတက်တန်ကမူ ၎င်းကိုယ်တိုင်ပင် လိင်တူစိတ်ဝင်စားသည့် ကစားသမားများနှင့် တစ်သင်းတည်း ကစားခဲ့သော်လည်း စိတ်အနှောင့်အယှက်ဖြစ်စရာ ဖြစ်ရပ်များ မကြုံတွေ့ခဲ့ရသဖြင့် ကလာ့ခ်အနေဖြင့် ယင်းသို့ ချေမှုန်းသွားမည်ဟု မပြောသင့်ကြောင်း ပြန်လည်ချေပခဲ့သည်။

ဘောလုံးပရိသတ် ၄၀၀၀ကို အွန်လိုင်းမှတစ်ဆင့် ဆန္ဒတောင်းခံခဲ့ရာ ၇၁ ရာခိုင်နှုန်းသော ပရိသတ်များက လိင်တူ စိတ်ဝင်စားသည့် ကစားသမားများနှင့် ပတ်သက်၍ ပရိသတ်များကို ပညာပေးအစီအစဉ်များ ပြုလုပ်သင့်သည်ဟု မဲပေးခဲ့ကြသည်။ ဗြိတိန်နိုင်ငံသည် လိင်တူစိတ်ဝင်စားသည့် ကစားသမားများကို အချို့ကစားပွဲများတွင် လျှောင်ပြောင်လေ့ရှိသောကြောင့် ကစားသမားအများစုက ၎င်းတို့ကိုယ် ၎င်းတို့ လိင်တူစိတ်ဝင်စားသည့် ကစားသမားများအဖြစ် ဝန်ခံလေ့မရှိကြခြင်းဖြစ်သည်။

မိမိကိုယ်မိမိ လိင်တူစိတ်ဝင်စားသူဟု ဝန်ခံခဲ့သော ပထမဦးဆုံး ဗြိတိန်ကစားသမားမှာ ဂျက်စတင်ဖက်ဟာနူးဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကာ နောက်ပိုင်းကာလများတွင် မည်သူတစ်ဦး တစ်ယောက်ကမျှ လိင်တူစိတ်ဝင်စားသည့် ကစားသမားအဖြစ် ဝန်ခံခဲ့ကြခြင်းမရှိခဲ့ပေ။ သို့သော် ၂၀၁၄ ခုနှစ်မှစတင်၍ လိင်တူစုံမက်သူများအဖြစ် ဝန်ခံလာသည့် ကစားသမားများ ပိုမိုများပြားလာခြင်းကြောင့် ယင်းကိစ္စရပ်မှာ လွှတ်တော်အတွင်း ဆွေးနွေးလာရသည့် ကိစ္စတစ်ရပ်ပင် ဖြစ်လာခဲ့သည်။

အားကစားမြင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ ဈေးကွက်ပြိုင် ဝယ်ယူမှုကြောင့် လေးနှစ်အတွင်း မြေတောင့်ပဲဈေးနှုန်းအမြင့်ဆုံးဈေးရောက်ရှိ

**မန္တလေး အောက်တိုဘာ ၂၆**
အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ ဈေးကွက်ပြိုင် ဝယ်ယူမှုများကြောင့် မြေတောင့်ပဲဈေးနှုန်းများ ရုတ်တရက် မြင့်တက်ပြီး မြေတောင့်ပဲများအား ယခုရက်ပိုင်းအတွင်း အမြင့်ဆုံးဈေးရောက်ရှိခဲ့ကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

အဆိုပါ ပဲအမျိုးမှာ ဖေဖော်ဝါရီလမှစ၍ ယခင်ဈေးနှုန်းများအတိုင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခု အောက်တိုဘာလဆန်းမှ စတင်၍ တက်လာခဲ့ရာ ယခုရက်ပိုင်းအတွင်း ကျပ် ၉၆၀၀၀ အထိ မြင့်တက်လာပြီး ပဲဈေးကွက်အတွင်း ရောင်းရဆုံးပစ္စည်းအဖြစ် ရပ်တည်လျက်ရှိကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"လေးနှစ်အတွင်းမှာ အမြင့်ဆုံးဈေးဖြစ်ပါတယ်။ ဒီလို ဈေးတက်ချိန်မှာ လက်ကျန်မရှိတဲ့ တောင်သူတွေ အကျိုးမခံစားရပေမယ့် လှောင်ထားတဲ့ ကုန်သည်တွေအဖို့တော့ ထူးထူးခြားခြား အကျိုးဖြစ်သွားပါတယ်။ မြေတောင့်ပဲကို အိန္ဒိယက ချက်ပြုတ်စားသုံးပေမယ့် တရုတ်ကတော့ စည်သွပ်ဘူးအဖြစ်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ကို တင်ပို့ ရောင်းချတယ်။ ကျွန်တော်တို့နိုင်ငံမှာလဲ ဒီလို နည်းပညာတွေရရှိရင် ကောင်းမှာပဲ" ဟု ပြောသည်။

မြေတောင့်ပဲများကို မြစ်ရေကျချိန် အောက်တိုဘာလမှစကာ စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် စတင်ပေါ်လေ့ရှိသည်။

ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ ကလေးမြို့ အနီးပတ်ဝန်းကျင်ဒေသများတွင် အများဆုံးစိုက်ပျိုးပြီး အခြားဒေသများတွင် စိုက်ပျိုး၍ မဖြစ်ထွန်းနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






## ဆွမ်းလောင်းအောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၂၆**
မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဝါတွင်းကာလ အပတ်စဉ်တိုင်း ဝိသာခါနှင့် သာသနာ့မာမက ဆွမ်းလောင်းအသင်းများမှ မြို့ပေါ်ကျောင်းတိုက်များရှိ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းများလောင်းလှူခဲ့ကြပြီး ဆွမ်းလောင်းအောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နေပြည်သူများသည် သံဃာတော်အပါး ၅၀၀ ကျော်တို့အား မြစ်ကြီးနားမြို့ ဝန်းသိုလ်ကျောင်းတိုက်မှ သာသနာ့ ဗိမာန်တော်အထိ ဇော်ဂျွန်းလမ်းမလမ်းတစ်လျှောက် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ လှူဒါန်းခဲ့ကြသည်။

**ပြည်နယ်ပြန်/ဆက်**

## အထူးကုဆရာဝန်ကြီးများ ကျေးရွာများအရောက် ကွင်းဆင်းဆေးကုသခြင်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၆**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအတွင်းရှိ ပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ အထူးကုဆရာဝန်ကြီးများအဖွဲ့က အောက်တိုဘာ ၂၃ ရက်က ဥတ္တရသီရိမြို့နယ် တောင်ညိုတိုက်နယ်ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆေးကုသရာတွင် နေပြည်တော် ခုတင် ၁၀၀၀ မှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှ ဦးဆောင်၍ နေပြည်တော် မျက်စိ၊ နား၊ နှာခေါင်း၊ အထူးကုဆေးရုံကြီး၊ ပျဉ်းမနားပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀ နှင့် လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံ ခုတင် ၁၀၀ တို့မှ အထူးကုဆရာဝန်ကြီးများက ဆေးပညာ၊ ခွဲစိတ်၊ သားဖွားနှင့်မီးယပ်၊ ကလေး၊ ဦးနှောက်နှင့် အာရုံကြော၊ သွားနှင့်ခံတွင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ အသည်း၊ မျက်စိနှင့် ခေတ်မှန်စသည့် ဘာသာရပ်ဆိုင်ရာအလိုက် ကျေးရွာအတွင်းရှိ စုစုပေါင်း လူနာ ၃၇၃ ဦးအား ဆေးကုသပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများအား အခမဲ့ပေးခြင်းနှင့် လူနာ ၄၆ ဦးအား နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့သရန်ညွှန်ကြားခဲ့ခြင်းများ ပြုလုပ်ပေးခဲ့သည်။

ထို့ပြင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ မှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာလှက ဆေးဝါးများကြောင်းကျိုးညီညွတ်စွာ အသုံးပြုတတ်ရေးအကြောင်းကိုလည်းကောင်း၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာနှင်းနှင်းအေးက ကိုယ်ဝန်ဆောင်နှင့်အာဟာရခေါင်းစဉ်ဖြင့်လည်းကောင်း ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တက်ရောက်လာကြသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေရဲရင့်**



## နမ့်ဆန်မြို့နယ်၌ ဆင်းကတ်မှတ်ပုံတင်များအခမဲ့ကွင်းဆင်းဆောင်ရွက်

**နမ့်ဆန် အောက်တိုဘာ ၂၆**
ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)၏ ဆင်းကတ်သုံးစွဲသူ ပြည်သူများအတွက် ဆင်းကတ်များကို အောက်တိုဘာ ၁၇ ရက်မှ စတင်၍ ဆင်းကတ်မှတ်ပုံတင်များ ပြုလုပ်ပေးလျက်ရှိသည်။

နမ့်ဆန်မြို့နယ်အတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ၏ ဆင်းကတ်သုံးစွဲသူပြည်သူများအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပေါ် ပိုမိုယုံကြည်စိတ်ချစွာ သုံးစွဲလာစေရန် ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း၊ ယခုလောလောဆယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများကို ပြုလုပ်ပေးလျက်ရှိပြီး ရပ်ကွက်နှင့်ကျေးရွာများသို့လည်း ဆက်လက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နမ့်ဆန်မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးသက်လွင်က ပြောကြားသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

# စက်သုံးဆီရောင်းချခြင်းလုပ်ငန်းထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီနှင့် တရားမဝင်စက်သုံးဆီရောင်းချသူများတွေ့ဆုံညှိနှိုင်း

**စစ်ကိုင်း အောက်တိုဘာ ၂၆**
ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီနှင့် မြို့ပေါ်ရပ်ကွက်ရှိ တရားမဝင် စက်သုံးဆီရောင်းချသူများ တွေ့ဆုံညှိနှိုင်းပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားကို စစ်ကိုင်းခရိုင် ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဆန်းက စက်သုံးဆီရောင်းချသူများအနေဖြင့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် စည်းကမ်းသတ်မှတ်ချက်များနှင့် မကိုက်ညီသည့် စက်သုံးဆီအရောင်းဆိုင်များကို လုပ်ငန်းသဘောအရ စစ်ဆေးအရေးယူမှုများရှိလာပါက နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်သောင်းက စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် သတ်မှတ်ထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိပြီး ဥပဒေအကြောင်းအရာများ၊ ပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသူအောင်က ရေနံထွက်ပစ္စည်းများ လုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းနေရာအနီးထားရှိရမည့်ပစ္စည်းများ၊ ဆောင်ရန်၊ ရှောင်ရန်နှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ကြိုတင်ဆောင်ရွက်ရမည့် နည်းလမ်းများကို အသေးစိတ်ဆွေးနွေးပေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် စက်သုံးဆီရောင်းဝယ်ရေး လုပ်ငန်းရှင်များက မရှင်းလင်းသည်များကို မေးမြန်းကြရာ ဆပ်ကော်မတီဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## မြင်းခြံမြို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် အမြစ်မှကျွတ်ပြီး လမ်းမပေါ်လဲကျနေသော မန်ကျည်းပင်အား ရှင်းလင်းဖယ်ရှား

**မြင်းခြံ အောက်တိုဘာ ၂၆**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် အောက်တိုဘာ ၂၅ ရက် နံနက်က မိုးရွာသွန်းသဖြင့် အမှတ် ၆ ရပ်ကွက် လမ်းမတော်လမ်းတွင်ရှိသော မန်ကျည်းပင်ကြီးသည် အမြစ်မှကျွတ်ပြီး လမ်းပေါ်သို့လဲကျခဲ့ကြောင်း သိရသည်။

ထိုလမ်းမတော်လမ်းသည် ကျေးရွာများမှ မြင်းခြံမြို့သို့ လာရောက်ရာတွင် သွားလာနေသော လမ်းမတစ်ခုဖြစ်၍ ပြည်သူများ သွားလာမှုအဆင်ပြေစေရန် မီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် ဝန်ထမ်းများက လဲကျနေသော မန်ကျည်းပင်ကြီးကို ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

မန်ကျည်းပင်လဲကျမှုကြောင့် အဆောက်အအုံ၊ လူနှင့် တိရစ္ဆာန်များ သေကြေပျက်စီးမှုမရှိသော်လည်း ဖုန်းကြိုးများနှင့် အိမ်များသို့ သွယ်တန်းထားသော ဝါယာကြိုးအချို့ ပြတ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မိုးရွာသွန်းမှုကြောင့် မြင်းခြံမြို့ရှိ ပြောင်းပြာချောင်းနှင့် စွန်းလွန်းချောင်းတွင် ချောင်းရေများကျဆင်းလာ၍ ချောင်းဘေးနားရှိ လူနေအိမ်အချို့ ရေများဝင်ရောက်လာခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေများဝင်ရောက်လာသော်လည်း ပျက်စီးဆုံးရှုံးမှုနှင့် လူနှင့်တိရစ္ဆာန်များ သေကြေမှုမရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ကော့မှူးနှင့် ကွမ်းခြံကုန်း မြို့နယ်တရားရုံးတို့အား စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကော့မှူးမြို့နယ် တရားရုံးနှင့် ကွမ်းခြံကုန်းမြို့နယ် တရားရုံးတို့အား အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

တရားသူကြီးချုပ်သည် ကော့မှူးမြို့နယ်တရားရုံးနှင့် ကွမ်းခြံကုန်းမြို့နယ် တရားရုံးများရှိ တရားသူကြီးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကြန့်ကြာမှုခင်းများ အမြန်ပြီးပြတ်ရေး၊ မှုခင်းလက်ကျန်များ လျှော့နည်းကျဆင်းရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား မှာကြားသည်။

ထို့နောက် ယင်းမြို့နယ်များရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများအား သွားရောက်ကြည့်ရှုပြီး အချုပ်ခန်းများ သန့်ရှင်းမှု၊ လုံခြုံမှုရှိစေရေးနှင့် အချုပ်သားများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အချုပ်သားများ ရဲစခန်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **ကိုလတ် (သတင်းစဉ်)**

## စာရင်းဇယားဖြည့်သွင်းထားမှု ကွင်းဆင်းစစ်ဆေး

**သန်လျင် အောက်တိုဘာ ၂၆**
သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သန်လျင်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာများဖြစ်သည့် ကဒတ်ဖြာကျေးရွာမှ ချေးငွေအောင်မြင်သူ ၅၂ ဦး ထုတ်ချေးငွေကျပ် ၂၆ ဒသမ ၂ သိန်း၊ ချောင်းစောက်ကျေးရွာမှ ချေးငွေအောင်မြင်သူ ၁၄ ဦး ထုတ်ချေးငွေကျပ် ၁၅ သိန်း၊ ငပကျေးရွာမှ ချေးငွေအောင်မြင်သူ ၄၆ ဦး ထုတ်ချေးငွေကျပ် ၆၉ သိန်း၊ ပေါက်တောကျေးရွာမှ ချေးငွေအောင်သူ ၁၅ ဦး ထုတ်ချေးငွေကျပ် ၂၆ သိန်း၊ ဥယျာဉ်ကျေးရွာမှ ချေးငွေအောင်သူ ရှစ်ဦး ထုတ်ချေးငွေကျပ် ၁၆ သိန်း ထုတ်ချေးပေးနေမှုနှင့် ငွေစာရင်းဇယားဖြည့်သွင်းထားမှုတို့ကို သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မင်းဘူးမြို့၌ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပ



**မင်းဘူး အောက်တိုဘာ ၂၆**
မင်းဘူးမြို့၏ အထင်ကရသမိုင်းဝင် ရှင်ပင်စက္ကိန်းတည်း စေတီတော်မြတ်ကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပြီး ရွှေထီးတော်တင် အောင်ပွဲအထိမ်းအမှတ် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၂၉ ရက်အထိ မင်းဘူးမြို့ ဧရာဝတီမြစ်အတွင်း ကျင်းပရာ ပြိုင်ပွဲဝင် ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီ စတင်ကျင်းပခဲ့ပြီး မင်းဘူးမြို့ပေါ်ရှိ ရပ်ကွက်အသီးသီးမှ ပြိုင်ပွဲဝင်လှေလှော်အသင်းသားများ ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ မြန်မာ့ရိုးရာမပျက် လှေလှော်ပြိုင်ပွဲစစ်စစ်ဖြင့် ကျင်းပခြင်းဖြစ်ခြင်းကြောင့် လောင်းကစားမှုပြုလုပ်ခြင်းကို တားမြစ်ထားကြောင်းနှင့်လှေလှော်ပြိုင်ပွဲဝင်အသင်းသားများအား စည်းကမ်းသတ်မှတ်ချက် ၁၇ ချက်ဖြင့် သတ်မှတ်ပေးထားကြောင်း လှေလှော်ပြိုင်ပွဲ ကျင်းပရေးကော်မတီထံမှ သိရသည်။

"မင်းဘူးခရိုင် မင်းဘူးမြို့၏ အထင်ကရသမိုင်းဝင်စက္ကိန်းတည်း ဘုရားကြီးကို ရှေးအစဉ်အလာ အဆက်ဆက်က ဘုရားပွဲတော်ခင်းကာလများတွင် မြန်မာ့ရိုးရာ လှေလှော်သဘင်ပွဲတော်နှင့် နွားအလှပြိုင်ပွဲတွေကို ထည့်သွင်းကျင်းကခဲ့ပါတယ်။ ယခုနောက်ပိုင်းမှာ ၎င်းပြိုင်ပွဲတွေ တိမ်မြုပ်ပျောက်ကွယ်ခဲ့တာ နှစ်ပေါင်း သုံးဆယ်နီးပါးကြာခဲ့ပြီဖြစ်ပါတယ်။ ထို့အတွက်ကြောင့် မြန်မာ့ရိုးရာရှေးထုံးအစဉ်အလာကို ဖော်ထုတ်ခြင်းအနေဖြင့် ရှင်ပင်စက္ကိန်းတည်း စေတီတော်မြတ်ကြီး ရွှေထီးတော်တင်အောင်ပွဲမှာ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ပြန်လည်ကျင်းပပေးရခြင်းဖြစ်တယ်။" ဟု လှေလှော်ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ယုက ပြောသည်။

ယင်းလှေလှော်ပြိုင်ပွဲသည် တစ်ယောက်အားဖြင့်မရ၊ စုပေါင်းအားဖြင့် တက်ညီလက်ညီရှိမှ အောင်မြင်မှုကို ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း၊ နောင်လာနောက်သားများအတွက် စိတ်ဓာတ်စွမ်းရည်သတ္တိ မြှင့်တင်ပေးသည့်ပွဲဖြစ်ကြောင်း၊ မြန်မာ့ရိုးရာလှေလှော်ပွဲသဘင်ကိုလည်း အစဉ်အလာမပျက် ဆက်လက်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်းနှင့် ၎င်းလှေလှော်ပြိုင်ပွဲတွင် ဘုရားကြီး၏ သမိုင်းဝင်လှေများဖြစ်သည့် "ဆယ်သိန်း" "ဆယ်သန်း" ပြိုင်လှေများ အသုံးပြုယှဉ်ပြိုင်လှော်ခတ်သွားကြရမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ရှင်**

## ပဲခူးမြို့တွင် ယာဉ်ပိတ်ဆို့မှုမှာ တရားမဝင်ဂိတ်များကြောင့်ဟုဆို



**ပဲခူး အောက်တိုဘာ ၂၆**
၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအသစ် ပြဋ္ဌာန်းချက်အရ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ မှတ်တိုင် မဟုတ်ရပ်တန့်ခြင်းများအား ငွေဒဏ်၊ ထောင်ဒဏ်များ ချမှတ်နိုင်ကြောင်း သိရသည်။

သို့ရာတွင် ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှု မကြာခဏဖြစ်ပွားနေသော ပဲခူးမြို့တွင်း လမ်းမကြီးပေါ်တွင် လမ်းပြောင်းပြန်မောင်းနှင်နေကြသည့် ဆိုင်ကယ်များ၊ ကြုံသလိုကွေ့၊ ကြုံသလိုရပ်ပြီး ခရီးသည် အတင်အချလုပ်နေကြသည့် တုတ်တုတ်သုံးဘီးများ၊ မြို့တွင်းပြေး ခွေးဘီလူးကားလေးများ၊ သတ်မှတ်ထားသောဂိတ်များ ရှိသော်လည်း စည်းကမ်းမဲ့စွာ ပဲခူးမြို့တွင်း ရွှေရိပ်ရှေ့တွင် တရားဝင်ဂိတ်သဖွယ် ပြုလုပ်နေကြသည့် အဝေးပြေး ခရီးသည်တင်ယာဉ် ဟိုင်းလတ်၊ မီနီဘတ်များကြောင့် မကြာခဏ ယာဉ်ကြောပိတ်ဆို့နေခြင်း၊ ယာဉ်တိုက်မှုများဖြစ်နေခြင်းဖြစ်ကြောင်း သိရသည်။

"အခုဆို ကုန်တင်ယာဉ်ကြီးတွေက မြို့တွင်း နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ဝင်ခွင့်မရှိတော့ဘဲ မြို့ရှောင်လမ်းကပဲ သွားနေကြပြီလေ။ ဒါပေမယ့် ယာဉ်ကြောပိတ်ဆို့နေတာရှိနေတုန်းဆိုတော့ ဆိုင်ကယ်တွေ စည်းကမ်းပျက်လမ်းပြောင်းပြန်မောင်းနေတာရယ်၊ မြို့တွင်း ရွှေရိပ်ရှေ့မှာ တရားဝင်ဂိတ်မဟုတ်ဘဲ ယာဉ်တွေ အစုလိုက် အပြုံလိုက် ရပ်တင်ချလုပ်နေတာတွေကြောင့်ပါပဲ"ဟု မြို့ခံတစ်ဦးက ပြောပြသည်။

ထိုကဲ့သို့ မကြာခဏ ပဲခူးမြို့တွင်း ယာဉ်ကြောပိတ်ဆို့ ရှုပ်ထွေးနေခြင်းအား သက်ဆိုင်ရာတို့ အမြန်ဆုံးရှင်းလင်းပေးနိုင်ရေးနှင့် ယာဉ်စည်းကမ်းပျက်၊ စည်းကမ်းမဲ့သူများအပေါ် တိကျသော အရေးယူခြင်းများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

**၅၈၇**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်း ဆင်းပွဲကျင်းပ

**ဝါးခယ်မ အောက်တိုဘာ ၂၆**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဆင်းပွဲကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စန်းက သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသားများအနေဖြင့် သင်တန်းကာလအတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်အတတ်ပညာကို တတ်မြောက်အောင်မြင်စွာ လေ့ကျင့်သင်ကြားခဲ့ပြီး မိမိတို့၏ တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သကဲ့သို့ ရပ်ရွာအကျိုး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်း၌ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းကို ဝါးခယ်မမြို့နယ် အတွင်းရှိ ကျေးရွာအသီးသီးမှ သင်တန်းသား ၅၀ တက်ရောက်သင်ကြား၍ အောက်တိုဘာ ၁၀ ရက်မှစကာ စာတွေ့၊ လက်တွေ့ သင်တန်းကာလ ၁၅ ရက် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ပိတ်ဆို့နေသောရေမြောင်းအား မြေတူးစက်များဖြင့် အသစ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်

**အလုံ အောက်တိုဘာ ၂၆**
ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ငုဝါလမ်းရှိ ပိတ်ဆို့နေသောရေမြောင်းအား မြေတူးစက်ဖြင့် အသစ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ဆောင်ရွက်ရာ အလုံမြို့နယ်စည်ပင် လမ်းတံတားဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးသန့်ဇော်ဝင်း၊ ရေသန့်ဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **ကိုတင်မောင်ဦး (အလုံ)**



## ယာဉ်စည်းကမ်း အသိပညာပေးဟောပြော

**ထားဝယ် အောက်တိုဘာ ၂၆**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ယာဉ်တိုက်မှုအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီမှ ၁၁ နာရီ အထိ ထားဝယ်မြို့စည်ပင်သာယာဈေးကြီး ဈေးတောင်ဘက်လမ်းတွင် အမှတ် (၇၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးစိုးလွင် ဦးစီးသောအဖွဲ့က ဆိုင်ကယ်စီးနင်းသူများအား ပညာပေးဟောပြောခဲ့သည်။

ယင်းနောက် အမှတ်(၇၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးစိုးလွင်က ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြရန်၊ ဆိုင်ကယ်တွင် နံပါတ်ပြားတပ်ဆင်ရန်၊ အရှိန်ပြင်းစွာမမောင်းရန် ဆိုင်ကယ်စီးနင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီ သွားလာမောင်းနှင်တတ်စေရန် အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ထားဝယ် (ပြန်/ဆက်)**

## ဈေးကုန်းအရှေ့မီးရထားသံလမ်းဘေးမှ သိမ်း၍မနိုင်သော အမှိုက်ပုံ

**ရန်ကုန် အောက်တိုဘာ ၂၆**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားစက်ခေါင်းစက်ရုံဝင်းအပြင် မီးရထားသံလမ်းပေါ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် မျက်စောင်းထိုး သံလမ်းမီးရထားဝင်း(၆)လမ်းထိပ်အဝင် ရထားသံလမ်းဘေး၌ စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်ထားမှုကြောင့် အနံ့ဆိုးများထွက်ကာ အဆိုပါလမ်း၌ ဖြတ်သန်းသွားလာနေကြသော ရဟန်းရှင်လူ၊ ကျောင်းသား၊ ကျောင်းသူ၊ သက်ကြီးရွယ်အိုများ ဖြတ်သန်းသွားလာရာတွင် မသင့်တော်သည့် အမှိုက်များစွန့်ပစ်ထားသည်ကို တွေ့မြင်ရသည်။

ယင်းအမှိုက်များအား မြို့နယ်စည်ပင်သာယာသန့်ရှင်းရေးဝန်ထမ်းများမှ နေ့စဉ်ရှင်းလင်းသိမ်းဆည်းသော်လည်း စည်းကမ်းမဲ့လူများ၏ အမှိုက်စွန့်ပစ်မှုကြောင့် အမှိုက်ပုံသည် ရှင်းလင်း၍ မနိုင်အောင်ပင်ဖြစ်နေသည်။

အဆိုပါ အမှိုက်ပုံ စုပုံစွန့်ပစ်ထားသည့်နေရာသည် အများပြည်သူများ ဖြတ်သန်းသွားလာရာ လမ်းဘေးဝဲယာတွင် ရှိသည့်အတွက် မသင့်တော်သဖြင့် ရှင်းမနိုင်သော အမှိုက်ပစ်နေရာအား အမြန်ဆုံးရှင်းလင်းပေးစေလိုကြောင်း ယင်းလမ်းပေါ် ဖြတ်လျှောက်နေသူများထံမှ ကြားသိရသည်။

**(၆၈၄)**

လာလီဂါရင်ခုန်သံ-၁၀

# အိမ်ကွင်းမှာနိုင်ပွဲရယူဖို့သေချာနေတာက ဘာစီလိုနာ

စပိန်လီဂါပွဲစဉ်-၁၀ ကိုလာမယ့်အောက်တိုဘာလ ၂၉၊ ၃၀၊ ၃၁ နဲ့ နိုဝင်ဘာလ ၁ ရက်တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်ဟာချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲတွေမကစားခင်ကစားရမှာဖြစ်တာကြောင့် အသင်းကြီးတွေအနေနဲ့ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်တာကိုသတိပြုရမှာဖြစ်ပါတယ်။

**ရှိုင်း မင်း မင်း**

**ထိပ်တန်းဂိုးသွင်းရှင်များ**

၁။ မက်ဆီ(ဘာစီလိုနာ) - ၇ ဂိုး
၂။ ဆွာရတ်ဇ်(ဘာစီလိုနာ) - ၇ ဂိုး
၃။ ဂရစ်ဇ်မန်း(အက်သလက်) - ၆ ဂိုး
၄။ အက်ဒူရစ်ဇ်(ဘီဘာအို) - ၅ ဂိုး
၅။ ဆန်ဆိုနီ(ဗီလာရီးယဲလ်) - ၅ ဂိုး
၆။ ဘင်ဇီမာ(ရီးယဲလ်မက်ဒရစ်) - ၄ ဂိုး



**စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၉ | ၆ | ၃ | ၀ | ၂၄ | ၉ | ၁၅ | ၂၁ |
| ၂ | ဆီဗီလာ | ၉ | ၆ | ၂ | ၁ | ၁၇ | ၁၂ | ၅ | ၂၀ |
| ၃ | ဘာစီလိုနာ | ၉ | ၆ | ၁ | ၂ | ၂၉ | ၁၂ | ၁၇ | ၁၉ |
| ၄ | ဗီလာရီးယဲလ် | ၉ | ၅ | ၄ | ၀ | ၁၆ | ၅ | ၁၁ | ၁၉ |
| ၅ | အက်သလက်တီကို | ၉ | ၅ | ၃ | ၁ | ၂၁ | ၄ | ၁၇ | ၁၈ |
| ၆ | ဘီဘာအို | ၉ | ၅ | ၀ | ၄ | ၁၄ | ၁၂ | ၂ | ၁၅ |
| ၇ | ရီးယဲလ်ဆိုစီဒက် | ၉ | ၄ | ၁ | ၄ | ၁၄ | ၁၂ | ၂ | ၁၃ |
| ၈ | ဆယ်တာဗီဂို | ၉ | ၄ | ၁ | ၄ | ၁၃ | ၁၇ | -၄ | ၁၃ |
| ၉ | လက်စ်ပါးမက်စ် | ၉ | ၃ | ၃ | ၃ | ၁၇ | ၁၅ | ၂ | ၁၂ |
| ၁၀ | မာလာဂါ | ၉ | ၃ | ၃ | ၃ | ၁၂ | ၁၀ | ၂ | ၁၂ |
| ၁၁ | အီဘား | ၉ | ၃ | ၃ | ၃ | ၁၄ | ၁၃ | ၁ | ၁၂ |
| ၁၂ | ဘက်တစ် | ၉ | ၃ | ၂ | ၄ | ၁၁ | ၁၉ | -၈ | ၁၁ |
| ၁၃ | အလာဗက်စ် | ၉ | ၂ | ၄ | ၃ | ၉ | ၁၁ | -၂ | ၁၀ |
| ၁၄ | လီဂါနက်စ် | ၉ | ၃ | ၁ | ၅ | ၉ | ၁၇ | -၈ | ၁၀ |
| ၁၅ | ဗလင်စီယာ | ၉ | ၃ | ၀ | ၆ | ၁၃ | ၁၈ | -၅ | ၉ |
| ၁၆ | အက်စ်ပန်ညို | ၉ | ၁ | ၅ | ၃ | ၁၂ | ၁၇ | -၅ | ၈ |
| ၁၇ | ဒီပိုတီဗို | ၉ | ၂ | ၂ | ၅ | ၆ | ၁၄ | -၈ | ၈ |
| ၁၈ | စပို့တင်းဂီဂျွန် | ၉ | ၂ | ၂ | ၅ | ၇ | ၁၈ | -၁၁ | ၈ |
| ၁၉ | အိုဆာစူနာ | ၉ | ၁ | ၃ | ၅ | ၁၁ | ၁၉ | -၈ | ၆ |
| ၂၀ | ဂရန်နာဒါ | ၉ | ၀ | ၃ | ၆ | ၈ | ၂၃ | -၁၅ | ၃ |

### လီဂါနက်စ် - ဆိုစီဒက်စ်
**နံနက် ၁း၁၅ (၂၉-၁၀-၁၆)**

ဆိုစီဒက်စ်က နောက်ဆုံးပွဲစဉ်မှာအလာဗက်စ်ကိုဂိုးပြတ်အနိုင် ရခဲ့တာမှန်ပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ လက်ရှိအချိန်အထိ ဆိုစီဒက်စ်ဟာအဝေးကွင်းမှာ တစ်ပွဲသာနိုင်သေးသလို တိုက်စစ်ကလည်းအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းသိသိသာသာကျဆင်းတတ်ပါတယ်။ ဒါပေမယ့်လည်း လီဂါနက်စ်ကလည်း ခြေစွမ်းပိုင်းမတည်ငြိမ်တာကြောင့် ဆိုစီဒက်စ်တို့သရေလောက်တော့ကစားနိုင်ဖို့ရှိပါတယ်။

### အလာဗက်စ် - ရီးယဲလ်မက်ဒရစ်
**ည ၈း၄၅ (၂၉-၁၀-၁၆)**

ရီးယဲလ်အနေနဲ့ ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း အက်သလက်တီကို၊ ဘာစီလိုနာတို့နဲ့အားပြိုင်နေရတာကြောင့် ဒီလိုပွဲစဉ်မျိုးမှာ အမှားခံမှာတော့မဟုတ်ပါဘူး။ နောက်ဆုံးပွဲစဉ်မှာ ဆိုစီဒက်စ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ အလာဗက်စ်ကတော့ အိမ်ကွင်းမှာ ရှုံးပွဲမရှိသေးတဲ့အထိကစားအားကောင်းပေမယ့်လည်းတိုက်စစ်ပိုင်းက စားပုံကတော့သာမန်သာရှိပါတယ်။

### ဘာစီလိုနာ - ဂရန်နာဒါ
**နံနက် ၁း၁၅ (၃၀-၁၀-၁၆)**

ဘာစီလိုနာက နောက်ဆုံးပွဲစဉ်မှာ ဗလင်စီယာကိုအနိုင်ရယူနိုင်ခဲ့သလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲမှာလည်း အင်နီယေစတာ၊ အဲလ်ဘာတို့ပါဝင်နိုင်မှာမဟုတ်ပေမယ့် အိမ်ကွင်းဖြစ်နေသလို ချန်ပီယံလိဂ်မှာလည်း ပွဲတိုင်းအနိုင်ရထားတာကြောင့် ထင်သလောက် အားစိုက်ဖို့သိပ်မလိုတော့ပါဘူး။ ဂရန်နာဒါကလည်း ခြေစွမ်းပိုင်းအားနည်းလွန်းလို့ ဘာစီလိုနာပဲအနိုင်ရမယ်။

### ဘီဘာအို - အိုဆာစူနာ
**ည ၉း၄၅ (၃၀-၁၀-၁၆)**

ဘီဘာအိုကဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိပါတယ်။ အဆိုပါ ယူရိုပါလိဂ်ကလည်း ဘီလ်ဘိုအတွက်အမှားခံလို့မရတော့တာကြောင့် ဒီပွဲစဉ်မှာခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ခဲနေပါတယ်။ ဒါပေ မယ့်အိုဆာစူနာခြေကလည်း အားနည်းမှုတွေများနေတာကြောင့် ဘီလ်ဘိုတို့ထင်သလောက် အခက်မတွေ့နိုင်ပါဘူး။ အိမ်ကွင်းလည်းဖြစ်လို့ ဘီဘာအိုကပ်နိုင်ခြေရှိပါတယ်။

### လက်စ်ပါးမက်စ် - ဆဲလ်တာဗီဂို
**ည ၂း၁၅ (၃၁-၁၀-၁၆)**

ဆဲလ်တာဗီဂိုက ယူရိုပါလိဂ်မှာနောက်တစ်ဆင့်တက်နိုင်ဖို့အတွက်ဆိုရင် ဒီပွဲအပြီးကစားမယ့်ပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆဲလ်တာဗီဂိုတို့ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲလာနိုင်ပါတယ်။ ဆဲလ်တာဗီဂိုအနေနဲ့ အဝေးကွင်းမှာလည်း တိုက်စစ်ကအစ အားနည်းတတ်ပြီး သုံးဂိုးသာသွင်းယူထားနိုင်ပါတယ်။

### ဂီဂျွန် - ဆီဗီလာ
**ညနေ ၅း၃၀ (၂၉-၁၀-၁၆)**

ဆီဗီလာက နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာ လီဂါနက်စ်ကို အနိုင်ရယူနိုင်ခဲ့သလို အဝေးကွင်းနိုင်ပွဲပြန်လည်ရရှိခဲ့ပြီဖြစ်ပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းကတော့ သာမန်သာရှိပါသေးတယ်။ ခံစစ်ပိုင်းကလည်း အဝေးကွင်းမှာ ထင်သလောက်မတည်ငြိမ်ပါဘူး။ ဂီဂျွန်ကတော့ ခြေစွမ်းပိုင်းအရသာမန်သာရှိတယ်ဆိုပေမယ့်လည်း အိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်တယ်။ ဆီဗီလာအနေနဲ့ချန်ပီယံလိဂ်လည်းရှိသေးလို့နိုင်မယ်ဆိုရင်တောင်ဂိုးပြတ်ဖို့ခက်ပါတယ်။

### အက်သလက်တီကို - မာလာဂါ
**ည ၁၁း၀၀ (၂၉-၁၀-၁၆)**

မာလာဂါက ဒီရာသီမှာခြေစွမ်းပိုင်းအရ သာမန်ထက်မပိုပါဘူး။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်းကပိုမိုအားနည်းတတ်ပြီးလက်ရှိအချိန်အထိ အဝေးကွင်းနိုင်ပွဲရယူနိုင်ခြင်းမရှိသေးပါဘူး။ အက်သလက်တီကိုကတော့ ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေ ချာနေပါတယ်။ ဒါကြောင့်လည်း အက်သလက်တီကိုတို့အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဦးမှာသေချာနေပါတယ်။

### အီဘား - ဗီလာရီးယဲလ်
**ညနေ ၅း၃၀ (၃၀-၁၀-၁၆)**

ဗီလာရီးယဲလ်က ခြေစွမ်းပိုင်းအရ ကောင်းမွန်မှုရှိတယ်ဆိုပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ထင်သလောက်ခြေစွမ်းထက်မြက်မှု မရှိသေးပါဘူး။ ဗီလာရီးယဲလ်အနေနဲ့ အဝေးကွင်းပွဲတွေမှာ ရှုံးပွဲမရှိသေး ဘူးဆိုပေမယ့်လည်း တစ်ပွဲသာအနိုင်ရထားတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ရှိသလို ဗီလာရီးရဲအတွက်ယူရိုပါလိဂ်ကလည်း အမှားမခံတဲ့ အခြေအနေမှာရှိနေပါတယ်။ ဒါကြောင့် အီဘားရဲ့ခံကစားအားကိုခက်ခက်ခဲခဲကျော်ဖြတ်ရနိုင်ပါမယ်။

### ဘက်တစ် - အက်စ်ပန်ညို
**နံနက် ၀၀း၀၀ (၃၁-၁၀-၁၆)**

ဘက်တစ်ကအိမ်ကွင်းကစားအားကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ထက်မြက်မှုသိပ်မရှိပါဘူး။ အိမ်ကွင်း လေးပွဲမှာ လေးဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ အက်စ်ပန်ညိုကတော့ အဝေးကွင်းမှာရလဒ်ပိုင်းပိုကောင်းတတ်တဲ့အသင်းဖြစ်ပါတယ်။ အဝေးကွင်းမှာတစ်ပွဲသာရှုံးနိမ့်ခဲ့တာကိုတွေ့ရပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ ပိုမိုကောင်းမွန်တာကြောင့် အက်စ်ပန်ညိုတို့ အနိမ့်ဆုံးသရေလောက်ပါပဲ။

### ဒီပိုတီဗို - ဗလင်စီယာ
**နံနက် ၂း၁၅ (၁-၁၁-၁၆)**

ဘာစီလိုနာကိုရှုံးနိမ့်ခဲ့ရတယ်ဆိုပေမယ့်လည်း အဆိုပါပွဲမှာဗလင်စီယာရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်ခဲ့ပါတယ်။ နောက်ဆုံးမိနစ်မှပင်နယ်တီပေးခဲ့ရတာကြောင့်သာ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီပိုတီဗိုကလည်း အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်မှုရှိကာ အိမ်ကွင်းရှုံးပွဲ မရှိသေးတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ဗလင်စီယာတို့ဒီပွဲစဉ်မှာတော့ ထင်သလောက်မလွယ်ကူနိုင်ပါဘူး။ ဗလင်စီယာအနိုင်ရနိုင်ပေမယ့် ဒီပို့တီဗိုရဲ့အိမ်ကွင်းကစားအားကြောင့် ဂိုးပြတ်ဖို့ တော့မလွယ်ဘူး။

## လူငယ်ကစားသမားအပြောင်းအရွှေ့စည်းကမ်းချိုးဖောက်မှုကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ်အား ပေါင် ၁၇၀၉၄၀ ဒဏ်ရိုက်

ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့အပါအဝင် စပိန်လာလီဂါကလပ်အသင်းများတွင် ဖြစ်ပေါ်ခဲ့သည့် လူငယ်ကစားသမား အပြောင်းအရွှေ့စည်းမျဉ်းစည်းကမ်းများချိုးဖောက်မှုကြောင့် စပိန်ဘောလုံးအဖွဲ့ချုပ်အား ပေါင်စတာလင် ၁၈၀၉၄၀ ဒဏ်ရိုက်ခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည်လည်း ၎င်းတို့၏ ကျူးလွန်ခဲ့သည့်ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ လျှောက်လဲချက်တင်ခဲ့ရာတွင် မအောင်ခဲ့ခြင်းကြောင့် အဆိုပါနှစ်သင်းကိုလည်း အပြောင်းအရွှေ့ရာသီနှစ်ရာသီအတွင်း ကစားသမားများ ခေါ်ယူစာချုပ်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ခံခဲ့ရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က စပိန်လာလီဂါ၏ အပြောင်းအရွှေ့စနစ်ကို ခြောက်လအထိတိုးမြှင့်ပေးခဲ့ခဲ့ရာ ပြည်ပကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားမည့် အသက်(၁၈)နှစ်အောက်ကစားသမားများအတွက် တင်းကျပ်သည့်စည်းကမ်းလည်းဖြစ်လာခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း အက်သလက်တီကိုမက်ဒရစ်အသင်း၌ ကစားခဲ့သည့် လူငယ်ကစားသမားများနှင့် ပတ်သက်၍လည်းကောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ရီးယဲလ် မက်ဒရစ်အသင်း၌ ကစားခဲ့သည့်လူငယ်ကစားသမားများနှင့် ပတ်သက်၍လည်းကောင်း စုံစမ်းစစ်ဆေးမှုများပြုလုပ် ခဲ့ပြီးနောက် လူငယ်ကစားသမားအပြောင်းအရွှေ့စည်းကမ်းချိုးဖောက်ခြင်းအတွက် အက်သလက်တီကိုမက်ဒရစ် အသင်းကို ပေါင် ၆၂၂၀၀၀ နှင့် ရီးယဲလ်မက်ဒရစ်အသင်းကို ပေါင် ၂၄၉၀၀၀ စသည်ဖြင့် အသီးသီးဒဏ်ရိုက်ခဲ့ကြောင်းသိရသည်။

ဘာစီလိုနာအသင်းသည်လည်း ၂၀၁၄ ခုနှစ်ဧပြီလအတွင်းက အပြောင်းအရွှေ့ရာသီနှစ်ရာသီကြာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံခဲ့ရသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ်အတွင်း အာဒါတူရန်နှင့် ဗီဒယ်တို့ကို ခေါ်ယူခဲ့ကြောင့် နောက်ဆုံးတွင် အဆိုပါကစားသမားနှစ်ဦးအားပွဲကစားခွင့်ပိတ်ပင်ခံခဲ့ရပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည် ဖြေလျှော့ပေးခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့မှာ အပြောင်းအရွှေ့ရာသီနှစ်ရာသီကြာ ကစားသမားခေါ်ယူမှုပိတ်ပင်ခံခဲ့ရခြင်းကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ကစားသမားခေါ်ယူမှုကိုပိတ်ပင်ခံထားရကြောင်း သိရသည်။ **(ငွေကြယ်)**

# မြင်းခြံမြို့နယ် တိုင်ထောင်ခရမ်းချဉ်များ လှိုင်လှိုင်ပေါ် ခရမ်းချဉ်သီးဈေးကောင်းလာ၍ တောင်သူများအဆင်ပြေ

**မြင်းခြံ အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံအလယ်ပိုင်း စိုက်ပျိုးရေးကိုသာအဓိကထားလုပ်ကိုင်လျက်ရှိသော မြင်းခြံမြို့နယ်တွင် တိုင်ထောင်ခရမ်းချဉ်များလှိုင်လှိုင်ပေါ်၍ ခရမ်းချဉ်သီးဈေးကောင်းနေသောကြောင့် ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့နယ် ဖက်ရင်းကျေးရွာမှ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက "ခရမ်းချဉ်သီးက ပြီးခဲ့တဲ့လက တစ်ပိဿာ ငွေကျပ် ၂၀၀၊ ၃၀၀ ဆိုတော့ ဈေးသိပ်မကောင်းဘူး။ ခုတဖြည်းဖြည်းနဲ့ ဈေးတက်လာတာ တစ်ပိဿာကို မြင်းခြံမြို့ပေါ်မှာ ကျပ် ၈၀၀ ဆိုတော့ ကျွန်တော်တို့တောင်သူတွေ တော်တော်လေးအဆင်ပြေနေပြီ။ ကုန်စိမ်းဆိုတော့ ဈေးကတော့မငြိမ်ဘူး၊ ဈေးနှုန်းအပြောင်းအလဲခဏခဏဖြစ်တယ်။ တောင်သူတွေက ပြီးခဲ့တဲ့လက ဈေးကျချိန် အဆင်မပြေပေမယ့် ခုဈေးကောင်းနေတော့ တော်တော်လေး အဆင်ပြေကြတယ်" ဟု ပြောသည်။



၎င်းက ဆက်လက်၍ တိုင်ထောင်ခရမ်းချဉ်ကို ဝါဆိုလလောက်က စတင်စိုက်ပျိုးထားကြောင်း၊ ပြီးခဲ့တဲ့လက အသီးစတင်ခူးရကြောင်း၊ အခုအသီးများလှိုင်လှိုင်ပေါ်လျက်ရှိကြောင်း၊ နှစ်ရက်ခြားတစ်ခါခူးရကြောင်း၊ အပင်အပြုအစုကောင်းရင် တပို့တွဲ၊ တပေါင်းလောက်အသီးခူးလို့ရကြောင်း၊ ဒေသရာသီဥတုနဲ့ ကိုက်တဲ့ နိုင်းအိုနိုင်းမျိုးကိုသာ မန္တလေးမြို့မှ ဝယ်ယူစိုက်ပျိုးကြောင်း၊ တစ်ဧကလျှင် မျိုးထုပ်လေးထုပ်စိုက်ပျိုးကြောင်း၊ ပျိုးပင် ၁၅ ရက်သားဆို စတင်၍ စိုက်ပျိုးကြောင်း၊ တောင်ရိုးဝါးနှင့် သနပ်ဝါးများ အသုံးပြု၍ ဝါးတန်းလေးတန်းထိတက်ပေးရကြောင်း၊ မိုးလည်းကောင်း၍ အပင်များဖြစ်ထွန်းလျက်ရှိကြောင်း၊ အပင်သန်ဆေးနှင့်ပိုးသတ်ဆေးလေးရက်တစ်ခါဆေးဖျန်းပေးရကြောင်း၊ ယာခင်းမှ ထွက်ရှိသော အသီးများကို မြင်းခြံမြို့သို့ပို့ဆောင်ရောင်းချကြောင်း၊ တစ်ဧကလျှင် စိုက်ပျိုးစရိတ် ၁၅ သိန်းခန့်ကုန်ကျကြောင်း၊ သုံးရက်ခြားတစ်ခါခူးရင် အသီးလှိုင်ချိန်တွင် တစ်ဧက ပိဿာ ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ယခုရက်ပိုင်းတွင် မြင်းခြံမြို့တွင် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ကျော်ဈေးပေါက်နေ၍ ခရမ်းချဉ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ပြောသည်။

မြင်းခြံမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ မြေပဲ၊ ပဲစိမ်းငုံ၊ ဖရဲ၊ သခွား၊ ခရမ်းချဉ်နှင့် အခြားသီးနှံများစိုက်ပျိုးလျက်ရှိပြီး ခရမ်းချဉ်သီးဈေးကောင်းရနေ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## လုပ်ငန်းများကျွမ်းကျင်တတ်မြောက်စေရန် သမဝါယမမွမ်းမံသင်တန်းဖွင့်

**မကွေး အောက်တိုဘာ ၂၆**

ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သမဝါယမအသင်းများ အဆင့်မြှင့်ခြင်းလုပ်ငန်းများကို ပိုမိုစွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်ရန် အမှုထမ်းများအား သမဝါယမ မွမ်းမံသင်တန်း(၁/၂၀၁၆)ကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက မကွေးမြို့ သမဝါယမသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနိုင်အောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များမှာ သမဝါယမ ကဏ္ဍအနေဖြင့် အင်တိုက်အားတိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်နေ ၇၀ ရာခိုင်နှုန်းသော ပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒါကြောင့် သမဝါယမဦးစီးဌာနအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများအနေနဲ့ သမဝါယမလုပ်ငန်းပိုင်းဆိုင်ရာတွေကို ကျွမ်းကျင်တတ်မြောက်နေဖို့လိုအပ်သည့်အတွက် အခုလို မွမ်းမံသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် စာရင်းရေး၊ စာရင်းကိုင်ပညာ၊ စာရင်းစစ်ဆေးခြင်း၊ စီမံခန့်ခွဲမှုပညာ၊ လက်ရှိဆောင်ရွက်နေသော သမဝါယမလုပ်ငန်းများ၊ ဝန်ကြီးဌာနမှ ချမှတ်ထားသောမူဝါဒ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သမဝါယမနည်းဥပဒေများစသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းသို့ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်နှင့် ချင်းပြည်နယ် သမဝါယမဦးစီးဌာနမှ သင်တန်းသား ၄၀ တက်ရောက်လျက်ရှိပြီး အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ၁၄ ရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ **ညီညီမောင်(မကွေး)**

## လောင်စာဆီအရောင်းဆိုင်နှင့်ဈေးဆိုင်များအား ပညာပေးစစ်ဆေး

**တနင်္သာရီ အောက်တိုဘာ၂၆**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ပေါ်ရပ်ကွက်များအတွင်း လောင်စာဆီအရောင်းဆိုင်များနှင့် ဈေးဆိုင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးလွှမ်းမိုးအောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲမှစ၍ ချောင်းကြီးရပ်ကွက် ချောင်းငယ်ရပ်ကွက်အတွင်းရှိ လောင်စာဆီအရောင်းဆိုင် ၂၁ ဆိုင်တို့အား မီးဘေးကြိုတင်ကာကွယ်ရေး၊ လောင်စာဆီသိုလှောင်ထားရှိမှု၊ ရောင်းဝယ်ဖြန့်ဖြူးနေမှုနှင့် မီးဘေးကြိုတင်သတိပေးစာတန်းများ ချိတ်ဆွဲထားရှိမှုတို့အား စစ်ဆေး၍ ပညာပေးဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ရပ်ကွက်အတွင်းရှိ ဈေးဆိုင် ၁၀ ဆိုင်ကိုလည်း တားမြစ်အစားအစာများ၊ ရက်လွန် အစားအစာများ၊ မြန်မာစာတန်းမပါသော အစားအစာများကို ရောင်းချခြင်းမပြုရေး ပညာပေးစစ်ဆေးခဲ့ကြကြောင်း သိရသည်။**ထိန်ဝင်း(နန်းသာရီ ပြန်/ဆက်)**



## မုံရွာဘေးမဲ့ကန်သာယာအတွင်းဥပဒေမဲ့ ငါးခိုးဖမ်းမှုများရှိနေ

**မုံရွာ အောက်တိုဘာ ၂၆**

မုံရွာမြို့ ဘေးမဲ့ကန်သာယာတွင် ငါးခိုးဖမ်းသူများက ဥပဒေမဲ့သည့်လုပ်ဆောင်ချက်များ အကြိမ်ကြိမ်ကျူးလွန်နေသည်ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုင်ကြားထားကြောင်း မုံရွာမြို့ ရာပြည့်ကပ်ကျော်မင်္ဂလာစေတီဥက္ကဌ ဦးကောင်းညွန့်ထံမှ သိရသည်။

"အောက်တိုဘာ ၂၁ ရက်က ဥပဒေမဲ့ငါးခိုးဖမ်းသူတွေဟာ ပေ ၃၀၀၀ လောက်ရှိတဲ့ ငါးဖမ်းပိုက်ကွန်များနဲ့ ဘေးမဲ့ကန်သာယာအတွင်းမှာရှိတဲ့ သားငါးတွေကို ခိုးယူဖမ်းဆီးဖို့ ပြင်ဆင်နေတာကို ရာပြည့်ကပ်ကျော်စေတီတော်ရဲ့ ပရဟိတလူငယ်အဖွဲ့က တွေ့ရှိရပါတယ်။ ရာပြည့်ကပ်ကျော်မင်္ဂလာစေတီရဲ့ ထင်ရှားကျော်ကြားတဲ့ သာသနာ့ပုံရိပ်နဲ့ မလျော်ညီတဲ့ ဘေးမဲ့ကန်သာယာအတွင်းမှာရှိတဲ့ သားငါးတွေကို ဥပဒေမဲ့ခိုးယူဖမ်းဆီးတာတွေ ဆက်လက်မဖြစ်ပွားစေဖို့အတွက် လိုသလိုအရေးယူဆောင်ရွက်ပေးဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြတိုင်ကြားထားပါတယ်"ဟု ဦးကောင်းညွန့်က ပြောပြသည်။

၁၉၂ ဧကရှိသော ကန်သာယာ၏အလယ်တွင် မုံရွာမြို့ ရာပြည့်အထိမ်းအမှတ်အဖြစ် ရာပြည့်ကပ်ကျော်မင်္ဂလာမဟာစေတီတော်ကို ဉာဏ်တော် ၅၃ ပေ ၆ လက်မရှိသည့် ရွှေတိဂုံပုံတူစေတီကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဘေးမဲ့ကန်အဖြစ်သတ်မှတ်ထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## နွားထိုးကြီး၌ မြေပဲအထွက်ကောင်းသော်လည်း အလုပ်သမားစရိတ်ကြီးမြင့်နေမှုကြောင့် တောင်သူများအရှုံးပေါ်

**နွားထိုးကြီး အောက်တိုဘာ ၂၆**

နွားထိုးကြီးနယ်တွင် ပင်ထောင်မြေပဲ လှိုင်လှိုင်ပေါ်ပြီး ယခုနှစ်မကြုံစဖူး ပဲထွက်ကောင်းသော်လည်း မြေပဲနှုတ်လုပ်သားစရိတ်ကြောင့် မြေပဲတောင်သူများ အမြတ်အစွန်းနည်းနေ၍ မြေပဲအပေါ်စိတ်ကုန်နေသည်။

မြေပဲအထွက်ကြောင့် စရိတ်ကြီးသောမြေပဲကို အပြိုင်အဆိုင်စိုက်ခဲ့ကြရာ ယခင်က မိုးဦးစိုက်ဧက ၈၀၀၀ ကျော်ရှိပြီး ယခုအခါ ၁၄၂၅၀ ကျော်အထိ စိုက်ပျိုးကြသည်။ အလားတူ မိုးလယ်မှာလည်း ၁၀၄၆၃ ဧကထိ တိုး၍စိုက်ပျိုးနေသည်။

ပင်ထောင်မိုးဦးမြေပဲပေါ်ချိန် လုပ်သားစရိတ် တစ်ဦးကျပ် ၅၀၀၀ ထိလည်းကောင်း၊ ထော်လာဂျီအပို့အယူစရိတ်ဖြင့်လည်းကောင်း၊ မြေပဲနှုတ်ခပိုမိုပေးကြရ၍လည်းကောင်း၊ လုပ်သားအပြိုင်အဆိုင်ငှားကြရ၍လည်းကောင်း မြေပဲနှစ်တင်းစိုက်မှ ကျပ် ၂၀၀၀၀ သာကျန်တော့ကြောင်း ထန်းဇင်ရွာမြေပဲတောင်သူက ပြောသည်။

မြေပဲပေါ်ချိန် မိုးဆက်ရွာသွန်းမှုကြောင့် မြေပဲအချို့အပင်ပေါက်ပြီး ဆုံးရှုံးမှုများသည်။ လုပ်သားခ စရိတ်ကြီးမြင့်မှုကြောင့် အရှုံးပေါ်နေခြင်းဖြစ်သည်။ မြေပဲအထွက် နှစ်စဉ်ကောင်းနေသော်လည်း မြေပဲကို စက်ကိရိယာနှင့်စိုက်သိမ်းရန် ပဲတောင်သူများ စဉ်းစားလာသည်။ စက်ဖြင့်စိုက်သိမ်းမှုမှာ ယခုလောလောဆယ်တွင် အလေအလွင့်များနေ၍ မြေပဲနှုတ်သိမ်းရေး စက်စွမ်းအားကို မဝံ့မရဲရှိနေကြောင်း ၎င်းက ဆက်ပြောသည်။

နွားထိုးကြီးနယ်တွင် ထွက်သမျှမြေပဲ လုပ်သားစရိတ်စားမှုကြောင့် မြေပဲစိုက်ပျိုးရေးတွင် အခက်အခဲကြီးနှင့် ကြုံတွေ့နေရပြီဟုဆိုသည်။ **ဌေးမြင့်မောင်**

## ကလေးသူငယ်များအသိပညာ၊အတွေးအခေါ်ထက်မြက်လာစေရန် ပုံတူဆွဲဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**ဟိုမိန်း အောက်တိုဘာ ၂၆**

ရှမ်းပြည်(တောင်ပိုင်း) ဟိုမိန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသားလူငယ်လေးများ အသိပညာပြည့်စုံပြီး ဉာဏ်ရည်ဉာဏ်သွေး ထူးချွန်ထက်မြက်စေရေး၊ အတွေးအခေါ်များရင့်သန်၍ ပင်ကိုယ်အတွေးအခေါ်များ ထက်မြက်လာစေရန် ရည်ရွယ်၍ ပုံတူဆွဲဆေးရောင်ခြယ်ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက ဟိုမိန်းပြည်သူ့စာကြည့်တိုက်ရှိ ကလေးပန်းချီခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆေးရောင်ခြယ်ပြိုင်ပွဲသို့ အ-ထ-က(ဟိုမိန်း)ကျောင်းမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ KG တန်းမှ ဝါသနာရှင်နှစ်ဦး စုစုပေါင်း ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ရေးဆွဲကြရာ ပြန်/ဆက်ဦးစီးမှူး ဦးအောင်သန်းနိုင်နှင့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများက ကလေးငယ်များ၏ လိုအပ်မှုများကို ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် ပုံတူဆွဲဆေးရောင်ခြယ်ပြိုင်ပွဲတွင် အကောင်းဆုံး ပထမဆုရရှိသော နန်းခမ်းကူ၊ ဒုတိယဆုရရှိသော စိုင်းဟန်ဖ၊ တတိယဆုရရှိသော နန်းကော်ခမ်း တို့အား မြို့နယ်ပြန်ဆက်ဦးစီးမှူးက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းသုံးဗလာစာအုပ်နှင့် ပုံဆွဲနည်းစာအုပ်လေးများကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

# အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ကာလတိုသင်တန်းများဖွင့်လှစ်

**ပခုက္ကူ အောက်တိုဘာ ၂၆**

အာရှဖွံ့ဖြိုးရေးဘဏ်၏ ပံ့ပိုးမှုဖြင့် ပညာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဂဟေဆက်သင်တန်း၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း၊ စိုက်ပျိုးရေးစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများပါဝင်သည့် ကာလတို သုံးလသင်တန်းများဖွင့်လှစ်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက အမှတ် ၄ စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ကနောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါက ကျွမ်းကျင်လုပ်သားများ လိုအပ်လာမည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့်သင်တန်းမှ သင်တန်းသားများအနေဖြင့် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူကြစေလိုကြောင်း၊ သင်တန်းမှ ကျွမ်းကျင်မှုလုပ်သားများ မွေးထုတ်ပေးနိုင်မည်ဖြစ်၍ ကျေနပ်အားရပါကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းနောက် စက်မှုဝန်ကြီးဌာန အမှတ်(၅) အထည်စက်ရုံ စက်ရုံမှူး ဦးမြင့်သိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင် စာတွေ့၊ လက်တွေ့ပို့ချမည့်အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး၊ ပခုက္ကူ ရေစကြိုမြိုင်မြို့နယ်တို့မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် သင်တန်းများ လက်တွေ့ဆောင်ရွက်သည့် အလုပ်ရုံနှင့် သင်တန်းခန်းမများကို လှည့်လည်ကြည့်ရှုရာ သင်တန်းကျောင်းအုပ်ကြီး ဦးရဲထွဋ်ဇော်နှင့် သင်တန်းတာဝန်ခံများက လိုက်လံရှင်းလင်းပြသသည်။

ယခုဖွင့်လှစ်သည့် ကာလတိုသုံးလသင်တန်းများသို့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ သင်တန်းသား ၅၉ ဦး၊ သင်တန်းသူနှစ်ဦး တက်ရောက်ပြီး အခြေခံပညာစတုတ္ထတန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ ကာလရှည် တစ်နှစ်သင်တန်း တက်ရောက်လိုပါက တက္ကသိုလ်ဝင်တန်း တက်ရောက်ဖူးသူများ တက်ရောက်ခွင့်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးသည် ပခုက္ကူမြို့ အမှတ် ၄ ရပ်ကွက် ထင်းတန်းလမ်းရှိ နှစ်ထပ်စာဖြေဆောင်၌ ခရိုင်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အမှတ် ၅ အထည်စက်ရုံသို့ရောက်ရှိ၍ စက်လည်ပတ်နေမှု ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **တင်အောင်ဝင်း(ပြန်/ဆက်)**



## အုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

**ပခုက္ကူ အောက်တိုဘာ ၂၆**

ပခုက္ကူမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ အမှတ်၄ ရပ်ကွက် ထင်းတန်းလမ်းရှိ နှစ်ထပ်စာဖြေဆောင်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပခုက္ကူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ အဆိုပါသင်တန်းသို့ ပခုက္ကူမြို့ပေါ် ရပ်ကွက် ၁၅ ရပ်ကွက်နှင့် ကံမမြို့ ရပ်ကွက် ၁၂ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ၂၇ ဦး၊ ကျေးရွာအုပ်စု ၅၄ အုပ်စုမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၅၄ ဦး စုစုပေါင်း ၈၁ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်ထိ ၅ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများတက်ရောက်ကြပြီး သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းတာဝန်များအကြောင်း သက်ဆိုင်ရာဌာနများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းသိရသည်။

**ကိုဇော်(ဓာတုဗေဒ)**

## မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲနှင့် တောင်သူများအား ပဲမျိုးစေ့၊ မြေသြဇာများ ထောက်ပံ့

**မိုင်းရှူး အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် စပါးစိုက်ဧကများ အထွက်နှုန်းတိုးရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဝမ်ဆော့ကျေးရွာအုပ်စု လွိုင်ခမ်းကျေးရွာ တောင်သူဦးလောဝမ်၏ မိုးစပါးစံပြစိုက်ခင်းတွင် မိုးစပါးစံပြစိုက်ခင်း အထွက်နှုန်းစံကွက်ရိတ်သိမ်းပွဲနှင့် စပါးအပြီးစိုက်ပျိုးနိုင်ရန် ပဲစဉ်းငုံမျိုးစေ့နှင့် နှစ်ရှည်ခံကြယ်ပဲမျိုးများ ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးခိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးဆန်းထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာတောင်သူများ တက်ရောက်ပြီး စုပေါင်းစံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၉၂ ဒသမ ၄၈ တင်းထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တက်ရောက်လာကြသော တောင်သူများအား စပါးရိတ်သိမ်းပြီး စိုက်ပျိုးနိုင်ရန်အတွက် ပဲစဉ်းငုံမျိုးစေ့ ဧက ၅၀ စာ၊ နှစ်ရှည်စိုက်ပျိုးရသော ကြယ်ပဲပျိုးပင် ၁၅၆၀ နှင့် ပုလဲခတ်မြေသြဇာ အိတ် ၂၀၊ အာမို ၁၀ အိတ်၊ ဂျစ်ပဆန်(ကျောက်မှုန့်) အိတ် ၂၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဘုန်းသာစေတီတော်မြတ် ထီးတော်တင်လှူ



**မင်းလှ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မြို့မရပ်ကွက် ရွှေဘုန်းသာဘုရားဝင်းအတွင်း၌ အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီက ထီးတော်တင်လှူပွဲကျင်းပခဲ့ကြောင်း သိရသည်။ လျှပ်ဒဏ်ကြောင့် ငှက်မြတ်နားတော် အနည်းငယ်ယိုင်သွားခဲ့သည့် ရွှေဘုန်းသာစေတီတော်မြတ်ကြီး၏ ထီးတော်အားပြန်လည်ပြုပြင် ရွှေချ၍ ထီးတော်တင်ပွဲအခမ်းအနားတွင် မြို့နယ်သံဃနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး စကြာသာသနာပြုထီးတော်တင်အဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ထီးတော်တင်ပြီး ရွှေမိုးငွေမိုး ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။ **ကိုသက်(အထက်မင်းလှ)**

# ကြက်သွန်နီနှင့် ကြက်သွန်ဖြူ အခွံချွတ်လုပ်ငန်းကြောင့် နေ့စဉ်ပုံမှန်ဝင်ငွေရရှိ

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးမြို့ ကြက်သွန်ဖိုရပ်ကွက်တွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ အခွံချွတ်လုပ်ငန်းဖြင့် အိမ်ရှင်မများ အိုးမကွာ အိမ်မကွာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြသည်။ မိုးတွင်းကာလတွင် ကြက်သွန်ဖြူထက် ကြက်သွန်နီ အခွံချွတ်ခြင်း၊ အခွံသင်ခြင်းများကို ပြုလုပ်ကြရသည်။

ကြက်သွန်ဖြူရပ်ကွက်တွင် ကြက်သွန်ပွဲရုံများမှ ကြက်သွန်ဖြူများကို ထုတ်ပေးပြီး အခွံချွတ်ခြင်းကို ပိဿာပြတ်ဖြင့် ပြုလုပ်ခိုင်းကြသည်။ ကြက်သွန်များ ပွဲရုံမှလာပို့ပြီဆိုပါက အုပ်စုလိုက် အခွံချွတ်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ကြက်သွန်နီအခွံချွတ်ခြင်းလုပ်ငန်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ နှုန်းဖြင့် ပြုလုပ်ရပြီး တစ်နေ့လျှင် ကြက်သွန်နီပိဿာ လေးဆယ်ကျော်အထိ ပြီးစီးသည်။ လူတစ်ဦးလျှင် အနည်းဆုံးငွေကျပ် ၅၀၀၀ ကျော်အထိ ရရှိသည်။

ကြက်သွန်နီအခွံချွတ်၊ အခွံသင်ခြင်းလုပ်ငန်းမှာ အလုပ်ရှုပ်မှုနည်းပါးပြီး ဓားဖြင့်အခွံသင်ပေးကာ ပွဲရုံသို့ ပြန်လည်သွင်းကြရသည်။ ပွဲရုံမှ ရေဆေးခြင်း၊ သန့်စင်ခြင်းများပြုလုပ်ကာ စက်ဖြင့်ကြိတ်ကာ ကြက်သွန်ကြော်ကို ပြုလုပ်ကြသည်။ ကြက်သွန်ဖြူအခွံချွတ်လုပ်ငန်းမှာ အနည်းငယ်လက်ဝင်ပြီး ဈေးနှုန်းလည်းပိုရသည်။



ကြက်သွန်ဖြူအခွံချွတ်လုပ်ငန်းလုပ်ကိုင်ရာတွင် ပထမဦးစွာ ကြက်သွန်ဖြူ အမြွှာင်းကလေးများဖြစ်စေရန် ပြု လုပ်ပေးကြရသည်။ ဒုတိယအနေဖြင့် ကြက်သွန်ဖြူ အမြွှာင်းကလေးများ အပေါ်ယံအခွံဖြူများကို ချွတ်ကြပြီး ဧရာဝတီမြစ်အတွင်း ရေဆေးကြသည်။ ရေဆေးပြီးပါက အခြောက်လှန်းခြင်းမှအစ အဆင့်လိုက် စနစ်တကျ ပြုလုပ်ကြရသည်။ ရေဆေးပြီး ကြက်သွန်ဖြူများကို စက်ဖြင့်ထပ်ကြိတ်ကာ အခွံသင်ကြသည်။ အခွံလုံးဝမပါသော ကြက်သွန်ဖြူအမြွှာင်းကလေးများရရှိလာပါက ဆီဖြင့်ကြော်ခြင်းလုပ်ကာ သန့်စင်သော ကြက်သွန်ဖြူကြော်များကို ရရှိကြသည်။

ကြက်သွန်ဖိုရပ်ကွက်အတွင်းရှိ အိမ်ရှင်မများမှာ ကြက်သွန်ဖြူ ကြက်သွန်နီ အခွံချွတ်လုပ်ငန်းကြောင့် အိုးမကွာအိမ်မကွာ အလုပ်အကိုင် အခွင့်အလမ်း ရရှိကြသည်။ ကြက်သွန်ဖြူအခွံချွတ်ခြင်းလုပ်ငန်းတွင် ပထမဦးဆုံး အပေါ်အရေခွံချွတ်ခြင်း၊ အမြွှာင်းပြုလုပ်ခြင်းမှ ရေဆေးပြီးသည်အထိ တစ်ပိဿာကို ငွေကျပ် ၁၂၀ နှုန်းရရှိပြီး အနည်းဆုံးပိဿာချိန် ၄၀ မှ ၅၀ အထိ ပြီးစီးကြောင်း သိရသည်။ အိမ်ရှင်မတစ်ဦးလျှင် အနည်းဆုံးငွေကျပ် ၅၅၀၀ မှ ၆၀၀၀ အထိရရှိပြီး တစ်နှစ်ပတ်လုံး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## ဆည်ရေအသုံးချမှု စီမံခန့်ခွဲရေးသင်တန်းဖွင့်

**ပဲခူး အောက်တိုဘာ ၂၆**

ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ သင်တန်းခန်းမ၌ အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ဦးစီးအရာရှိ(မြို့ပြ) ဆည်ရေအသုံးချမှုစီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ဆည်မြောင်းပညာရပ်ဦးစီးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချသည့် ဘာသာရပ်များ၏ ရည်ရွယ်ချက်များကို နားလည်သဘောပေါက်ပြီး လုပ်ငန်းခွင်တာဝန်ထမ်းဆောင်ချိန်၌ လက်တွေ့ဘဝကို စာတွေ့နှင့် ပေါင်းစပ်ပြီး အကောင်းမွန်ဆုံး၊ အတိုးတက်ဆုံးနှင့် ကျွမ်းကျင်နိုင်နင်းစွာ တာဝန်ထမ်းဆောင်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

အဆိုပါသင်တန်းအား အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဌာနအောက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးအရာရှိ(မြို့ပြ) ၄၀ နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ပဲခူးတိုင်းဒေသကြီးမှ အသင်းဝင် မျိုးဆက်သစ်အင်ဂျင်နီယာလေးဦး စုစုပေါင်း ၄၄ ဦး တက်ရောက်ကြသည်။

ယင်းသင်တန်းအား ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်၊ ရှိရင်းစွဲသယံဇာတများ မပျက်စီးစေဘဲ အထိရောက်ဆုံးထုတ်ယူသုံးစွဲနိုင်မည့် ဆည်မြောင်းတည်ဆောက်ရေးဆိုင်ရာ နည်းစနစ်များ၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာများ၊ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား သက်ဆိုင်ရာ ဆည်မြောင်းပညာရှင်များအနေဖြင့် ပိုမိုကြိုးစားလုပ်ဆောင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ **မျိုးသိန်း(ပဲခူး)**

# လူသားအကျိုးပြုအဖွဲ့စည်းကြီး ဆက်လက်တည်တံ့ခိုင်မြဲရေးဆီသို့

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာ့နိုင်ငံများအကြား အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ ကျူးကျော်ရန်စမှုများ၊ နိုင့်ထက်စီးနင်းပြုမှုများ၊ ဥပဒေမဲ့လုပ်ရပ်များ စသည့်မြားမြောင်သောနယ်ပယ်များကို ညှိနှိုင်းဆွေးနွေးတိုင်ပင်အဖြေရှာပြီး တည်ငြိမ်အေးချမ်းမှုကို ဟန်ချက်ညီညီ ထိန်းညှိနိုင်ရန်အတွက် နိုင်ငံပေါင်းစုံပါဝင်သော အဖွဲ့အစည်းကြီးတစ်ခုကို ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ကြီးကား အခြားမဟုတ်ချေ။ ကျွန်ုပ်တို့အားလုံးသိရှိထားပြီးဖြစ်သည့် ကမ္ဘာသူ၊ကမ္ဘာသားများ၏အကျိုးကို ဖော်ဆောင်ပေးနေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး (The United Nations -UN) ပင်ဖြစ်သည်။

ထိုရည်မှန်းချက်များအပြင် ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အလားတူပဋိပက္ခကို တားဆီးနိုင်စေရန်၊ အစိုးရများအကြား နိုင်ငံရေးနှင့်စီးပွားရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်နှင့် သက်ဝင်လှုပ်ရှားမှုမရှိတော့သည့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏နေရာတွင်အစားထားရန်ဆိုသော ကောင်းမွန်သော ရည်မှန်းချက်များဖြင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ၅၁ နိုင်ငံသာရှိသော်လည်း လက်ရှိအချိန်တွင် ၁၉၃ နိုင်ငံအထိ တိုးတက်လာပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် UN ၏ သက်တမ်း ၇၁ နှစ်ပြည့်ပြီဖြစ်သည်။

UN အဖွဲ့ကြီး၏ရန်ပုံငွေကို အဖွဲ့ဝင်နိုင်ငံများထံမှ အချိုးကျထည့်ဝင်ငွေနှင့် ထောက်ပံ့လှူဒါန်းငွေများဖြင့် ထူထောင်ထားခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ လက်ရှိအချိန်အထိ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခများ လျှော့ချရေးတို့အပါအဝင် များစွာသောတာဝန်များကို မမောမပမ်း ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်ကို ကျွန်ုပ်တို့အားလုံး အသိအမှတ်ပြုရမည်ဖြစ်သည်။

၁၉၄၅ ခုနှစ် ဧပြီလမှ ဇွန်လအထိ ကွန်ဖရင့်တစ်ရပ်ကျင်းပ၍ ကုလသမဂ္ဂပဋိညာဉ်ကိုစတင်ပြုစုခဲ့သည်။ အဆိုပါပဋိညာဉ်သည် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်အာဏာသက်ရောက်လာပြီး ကုလသမဂ္ဂလုပ်ငန်းများ စတင်လည်ပတ်နိုင်ခဲ့သည်။ အသင်းကြီးစတင်ဖွဲ့စည်းပြီးနောက် အစောပိုင်းကာလများတွင် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အပြင် ၎င်းတို့၏ မဟာမိတ်များအကြား စစ်အေးတိုက်ပွဲများကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သိမ်မွေ့နက်နဲ ရှုပ်ထွေးခဲ့ရသည်။

၁၉၆၀ ပြည့်လွန်နှစ်များတွင် ကိုလိုနီဝါဒ ဆိတ်သုဉ်းပြီးနောက် အသင်းကြီးတွင်အဖွဲ့ဝင်နိုင်ငံများ သိသိသာသာမြင့်တက်လာခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ၌ အဖွဲ့အစည်းကြီး၏ ရန်ပုံငွေများအား လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် သုံးစွဲသည်ထက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ၌ ပိုမိုသုံးစွဲခဲ့သည်။ ထူးခြားချက်အနေဖြင့် စစ်အေးကာလပြီးနောက် ကမ္ဘာတစ်ဝန်းတွင်အဓိကကျသော စစ်ရေးနှင့်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုမစ်ရှင်များ ထမ်းဆောင်ခဲ့ရာ အောင်မြင်မှုများစွာ ရရှိခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင်ပါဝင်သည့် အဓိကကျသောအစိတ်အပိုင်းကြီးများမှာ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ၊ နယ်မြေစောင့်ရှောက်ရေးကောင်စီ (၁၉၉၄ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ခြင်းမရှိတော့ပေ။)၊ နိုင်ငံတကာတရားရုံးနှင့် UN အတွင်းရေးမှူးချုပ်ရုံးတို့ဖြစ်သည်။ ၎င်းအဖွဲ့အစည်းများကို UN စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

UN ရှိအစိတ်အပိုင်းများသည် မတူညီသောမစ်ရှင်များကို ထမ်းဆောင်လျက်ရှိသည်။ UN တွင် အထင်ရှားဆုံးပုဂ္ဂိုလ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည်။ လက်ရှိအတွင်းရေးမှူးချုပ်သည် တောင်ကိုရီးယားနိုင်ငံသား မစ္စတာဘန်ကီမွန်းဖြစ်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ပေါ်တူဂီနိုင်ငံသား အန်တိုနီယိုဂူတာရက်စ်သည် ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန် စတင်ထမ်းဆောင်သွားမည်ဖြစ်သည်။ ထူးခြားချက်အနေဖြင့် UN သည် ၂၀၀၁ ခုနှစ်တွင် နိုဗယ်ငြိမ်းချမ်းရေးဆု (Nobel Peace Prize) ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အပြင်အသင်းကြီး၏ဝန်ထမ်းအချို့နှင့် လက်အောက်ခံအဖွဲ့အစည်းများသည်လည်း နိုဗယ်ငြိမ်းချမ်းရေးဆုများ ရရှိထားကြသည်။

လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအားလုံးကို ဆိုးကျိုးသက်ရောက်လျက်ရှိသည်။ ပြည်သူများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာခြင်း၊ အစွန်းရောက်ရာသီဥတုများ ဖြစ်ပေါ်လာခြင်းတို့အပြင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုသည်လည်း ရာသီဥတုပြောင်းလဲမှုကို ပိုမိုဖြစ်ပေါ်စေသည်။ အချိန်မီအရေးယူ ဆောင်ရွက်မှုမရှိလျှင် ကမ္ဘာ့အပူချိန်သည် ၂၁ ရာစုတွင် ၃ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်လာမည် ဖြစ်သည်။ တချို့သောဒေသများသည် ထို့ထက်ပင်အပူချိန်မြင့်မားလာနိုင်သည်။ ရာသီဥတုပြောင်းလဲလာမှုကို ကိုင်တွယ်ဖြေရှင်းရန် အတွက် ကမ္ဘာ့နိုင်ငံများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် Paris Agreement ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်အရ ကမ္ဘာ့နိုင်ငံများသည် အပူချိန်ထုတ်လွှတ်မှုကို လျှော့ချသွားမည်ဖြစ်သည်။ ထိုသဘောတူညီချက် အကောင်အထည်ဖော်နိုင်မှုသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ရည်မှန်းချက်များအောင်မြင်မှု တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

UN ၏ ထူးခြားသောအခြားတာဝန်တစ်ရပ်သည် ကမ္ဘာ့ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်ဖြစ်သည်။ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် စစ်သား၊ ရဲတပ်ဖွဲ့တို့အပြင် အရပ်သားများလည်း ပါဝင်ကြသည်။

> ကမ္ဘာကြီး သာယာဝပြောရေးအတွက် ကောင်းမွန်သော ရည်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော UN အဖွဲ့ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နိုင်ရန်သည် ကျွန်ုပ်တို့လူသားအားလုံး၏ တာဝန်. . .

လက်ရှိအချိန်တွင် UN သည် တပ်ဖွဲ့ဝင်တစ်သိန်းကျော်ဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ စစ်ဆင်ရေး ၁၆ ခု အားစေလွှတ်တပ်ဖြန့်တာဝန်ပေးထားသည်။ တပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းမှုနှင့်လုံခြုံမှုထိန်းသိမ်းရေး တာဝန်များအပြင် နိုင်ငံရေးလုပ်ငန်းစဉ်၊ ပြုပြင်ပြောင်းလဲမှုဖော်ဆောင်သော တရားစီရင်ရေးစနစ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရဲတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးမှု၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအား လက်နက်ဖြုတ်သိမ်းခြင်း၊လူ့အဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း၊ အိမ်ခြေရာမဲ့နှင့် ဒုက္ခသည်များအား နေရပ်ပြန်နိုင်ရေး စသည့်တာဝန်များကို ထောက်ပံ့ကူညီပေးသည်။


UN ၏ ၂၀၃၀ မျှော်မှန်းချက်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်သွားရန်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် ဆင်းရဲမွဲတေမှု အဆုံးသတ်ရေး၊ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားတိုင်း သာယာဝပြောမှုခိုင်မာသေချာစေရေးတို့အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းစဉ်တိုင်းတွင် လာမည့် ၁၅ နှစ်အတွင်း အောင်မြင်မှုရရှိအောင် ဆောင်ရွက်မည့် သီးသန့်ရည်မှန်းချက်များ ပါရှိသည်။ ထိုရည်မှန်းချက်များ အောင်မြင်ရန်အတွက် အဆွေစာရှုသူများအပါအဝင် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများရှိ လူတစ်ဦးချင်းစီသည် ကျရာအခန်းကဏ္ဍကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံများ ခေါင်းခဲနေရသော ပြဿနာသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးဖြစ်သည်။ UN သည် ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်များပြားလာသော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးအား ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ ထိပ်သီးညီလာခံကိုကျင်းပခဲ့သည်။ ဒုက္ခသည်များအရေးကို လူသားချင်းစာနာထောက်ထားသော ချဉ်းကပ်မှုမျိုးဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ကမ္ဘာ့နိုင်ငံများအား စည်းရုံးကျင်းပခဲ့ခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ UN အဖွဲ့ကြီး၏လုပ်ငန်းတာဝန်များသည် ရေးသား၍ကုန်နိုင်မည် မဟုတ်ချေ။ ထိုတာဝန်များ စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးသည် အဖွဲ့ဝင်နိုင်ငံအားလုံးရှိ အစိုးရများနှင့်ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာကြီး သာယာဝပြောရေးအတွက် ကောင်းမွန်သော ရည်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော UN အဖွဲ့ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နိုင်ရန်သည် ကျွန်ုပ်တို့လူသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် UN အဖွဲ့ကြီးသည် စတင်ဖွဲ့စည်းစဉ်မှစ၍လက်ရှိအချိန်ထိ နှစ်ပေါင်း ၇၁ နှစ် ကြာအောင် တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ ဆက်လက်ထမ်းဆောင်သွားမည်မှာလည်း အသေအချာပင်ဖြစ်သည်။ နိုင်ငံတကာငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခများတွင် လူသားချင်းစာနာထောက်ထားသော အကူအညီများပေးအပ်ရေးဆိုသော UN အဖွဲ့ကြီး၏ ဦးတည်ချက်များ စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးသည် အသက်တမျှအရေးပါလျက်ရှိသည်။ ထို့ကြောင့် ဆိုခဲ့ပါ ရည်မှန်းချက်များအား ရုပ်လုံးဖော်ပေးမည့်လူသားအကျိုးပြုအဖွဲ့အစည်းကြီး ဆက်လက်တည်တံ့ခိုင်မြဲရေး အတွက် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်း ရေးသားတင်ပြအပ်ပါသည်။

# လျှင်ဒဏ်သင့် ဘုရားပုထိုးစေတီများ စနစ်တကျပြုပြင်နိုင်မှုသည် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမှုလုပ်ငန်း၏ အရေးပါသောအချက်ဖြစ်



အမေး/အရေး - နိုင်လင်းကြည်
ဓာတ်ပုံ - သီဟစည်သူ

မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိရှေးဟောင်းအဆောက်အအုံ ၃၈၉ ဆူ ထိခိုက်ပျက်စီးမှုရှိခဲ့ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာန)ခွဲမှ ဝန်ထမ်းများ၊ ပြည်တွင်းမှ ဗိသုကာပညာရှင်များ၊ ငလျင်ပညာရှင်များအပြင် UNESCO နှင့် နိုင်ငံတကာပညာရှင်များလာရောက်၍ ငလျင်ဒဏ်သင့်ဘုရားပုထိုးစေတီများအား ရှေးဦးပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကြေးမုံသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ဩဂုတ်လ ၂၄ ရက်နေ့ ငလျင်လှုပ်တဲ့အချိန်မှာ ဒီဌာနမှာရှိတဲ့ဝန်ထမ်းတွေအားလုံး ကွင်းဆင်းဆောင်ရွက်ကြပါတယ်။ သတင်းပို့ပြီးနောက်တစ်နေ့မှာပဲ ခရိုင်ကနေအစည်းအဝေးလုပ်ပြီးတော့ နယ်မြေ ၁၁ ခု ခွဲခြားထားပါတယ်။ အဲဒီနယ်မြေ ၁၁ ခုမှာ ဌာနဆိုင်ရာတွေ ပူးပေါင်းပြီးတော့ လုပ်ဆောင်ခဲ့ပါတယ်။ ဌာနဆိုင်ရာ ဝန်ထမ်းတွေရယ် ကျွန်တော်တို့ဌာနဝန်ထမ်းတွေရယ် အားလုံးကွင်းဆင်းပြီးတော့ ကောက်ကြတဲ့အခါမှာ ပထမအနေနဲ့ အဆူလေးရာလောက် စာရင်းကောက်ယူရရှိပါတယ်။ အဲဒီအထဲမှာ အရေးကြီးဘုရားကတော့ အဆူရှစ်ဆယ်လောက် စာရင်းကောက်ယူရရှိပါတယ်။ ငလျင်လှုပ်ပြီးတဲ့အချိန်မှာပဲ ရဲတပ်ဖွဲ့ကနေပြီးတော့ လုံခြုံရေးတွေ ပုဂံဌာနကိုချထားပေးပါတယ်။

ပြီးတော့ အရေးပေါ် ထိန်းသိမ်းဖို့လိုတဲ့ လုပ်ငန်းတွေဆောင်ရွက်ပါတယ်။ အဲဒီအချိန်မှာ ပရဟိတအဖွဲ့အစည်းတွေကလည်း ဝိုင်းဝန်းဆောင်ရွက်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဖွဲ့တွေလည်း ဝိုင်းဝန်းဆောင်ရွက်ပါတယ်။ မိုးကာအုပ်တဲ့နေရာမှာလည်း မိုးကာအုပ်တဲ့ ရည်ရွယ်ချက်ကမိုးကာအုပ်ဖို့အတွက်ကို ဝါးငြမ်းဆင်တဲ့ အလုပ်တွေကို အရင်ဆင်ရတယ်။ ဖြစ်ပြီးသားတွေကိုဆက်ပြီးတော့ ပြိုကျမသွားအောင် ဝါးငြမ်းနဲ့ ထိန်းသိမ်းရတဲ့ လုပ်ငန်းတွေဆောင်ရွက်ရပါတယ်။ တချို့ကျတော့လည်း ဝါးငြမ်းဆင်ပြီးတော့မှ အပေါ်က အလေးချိန်လျှော့ချရတဲ့ အနေအထားတွေရှိပါတယ်။ အဲဒီအတွက်လည်း ဝါးငြမ်းဆင်တဲ့ လုပ်ငန်းတွေဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ဌာနရယ်၊ ပရဟိတအဖွဲ့တွေရယ်၊ ဆောက်လုပ်ရေးအဖွဲ့တွေရယ် ဝိုင်းဝန်းဆောင်ရွက်တဲ့အတွက်ကြောင့် အရေးကြီးနေတဲ့ အရေးပေါ်လုပ်ရမယ့် လုပ်ငန်းတွေကိုဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ရှင်းပြသည်။

ဘုရားများပေါ်တွင် အလေးချိန်မမျှသည့် ဝန်တွေကို ထမ်းနေရခြင်းကြောင့် ပြန်ပြီးလျှော့ချမှုများ လုပ်ဆောင်လျက်ရှိပြီး နံရံများလန်နေသည့်အပိုင်းများကို ဒေါက်ထောက်ခြင်း၊ နံရံအက်ကြောင်းများမှတစ်ဆင့် မိုးရေယိုနိုင်လောက်သည့် အနေအထားတွင် လိုင်းမော်တာ၊ ထုံးသရိုးများနှင့် လိုင်းများကို လိုက်ပိတ်ခြင်း၊ တချို့ဘုရားများတွင် နိုင်လွန်ခါးပတ်များဖြင့် အောက်ခြေတွင် ပြိုကျနိုင်သည့်အနေ အထားများကို ထိန်းနိုင်သမျှထိန်းနိုင်ခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။ ထို့အတူ စေတီဘုရားပုထိုးအဆူခြောက်ဆယ်ခန့်ကို မပျက်စီးနိုင်မည့်အနေအထားအထိ ထိန်းသိမ်းထားနိုင်ပြီဖြစ်ပြီး သဗ္ဗညုဘုရားကြီးကိုလည်း ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျွမ်းကျင်ပညာရှင်အဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက်ကိုလည်း အဆိုပါပညာရှင်များ၏ အကြံပြုချက်များဖြင့် ကြံခိုင်မှုရှိ မရှိစစ်ဆေးကာ မည်သို့သော နည်းပညာများကိုသုံးပြီး ဆောင်ရွက်ရမည်ကိုရွေးပြီး ရေရှည်ဆောင်ရွက်ရမယ့်အရာများကိုဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းလည်း သိရသည်။

"ပျက်စီးသွားတဲ့ဘုရားတွေမှာ ဦးစားပေးစနစ် သုံးမျိုးခွဲထားတယ်။ ပထမဦးစားပေးက ဆက်လက်ပြိုကျ ပျက်စီးသွားနိုင်တဲ့ ဘုရားတွေ၊ အပြင်ကကြည့်တော့ မပျက်စီးဘဲနဲ့ အတွင်းကြေကြေနေတဲ့ဘုရားတွေ၊ Structure မှာပျက်စီးနေတဲ့ဘုရားတွေပေါ့။ ပျက်တော့ ပျက်စီးသွားပြီ ပျက်စီးမှု ပမာဏတော့များတယ်၊ ဆက်လက်ပျက်စီးနိုင်တဲ့အနေအထား မရှိတော့ဘူးဆိုရင် ဒုတိယဦးစားပေးပေါ့။ တတိယဦးစားပေးကတော့ အပေါ်ယံသာမန်အနေအထားပျက်စီးတဲ့ အနေအထားမျိုးတွေပေါ့။ ပုဂံမှာ ဘုရားပေါင်းက သုံးထောင်ကျော်ရှိတယ်။ ဘယ်ဘုရားသွားသွား အနည်းနဲ့အများ ပျက်စီးမှုလေးတွေတော့ရှိတယ်။

"ကျွန်တော်တို့ဌာနက ပထမဦးစားပေးအနေနဲ့ ဘတ်ဂျက်အရပြင်မှာကတော့ စုစုပေါင်း ၆၂ ဆူပေါ့။ အဲဒီအထဲက အရေးပေါ်ထိန်းသိမ်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေတာပေါ့။ နံပါတ်တစ် ငြမ်းတွေဆင်တယ်၊ ဆက်ပြီးပြိုကျနိုင်တာတွေကျတော့ နိုင်လွန်ခါးပတ်တွေနဲ့ ထိန်းတယ်။ တချို့ဘုရားတွေကျတော့ ပစ္စယံတွေ လန်ကျသွားနိုင်တာတွေကို သစ်သားတွေနဲ့ ဒေါက်ထောက်ထားတယ်။ အပေါ်က ရေမဝင်နိုင်အောင် ထုံးနဲ့ ရေပိတ်လွှတင်ပြီး ပြန်ပိတ်ထားတယ်။ နောက်မိုးကာတွေအုပ်ပေးထားတယ်။ နောက်ပြီးတော့ တုန်ခါတာတွေကို ထိန်းနိုင်ဖို့အတွက် မြေကြောဖြတ်တာတွေလုပ်တယ်။ အခုတော့ အချိန်မီထိန်းသိမ်းခဲ့တော့ ပျက်စီးနိုင်မယ့်အနေအထားတော့ လျော့သွားပါပြီ။ ပထမရှေးဦးသူနာပြုအနေနဲ့ကတော့ ကျွန်တော်တို့ကယ်ထားနိုင်တဲ့အနေအထား ရောက်နေပါပြီ။ ကျွန်တော်တို့ဌာနအနေနဲ့ လူအင်အားလည်း နည်းနေတယ်။ နယ်မြေ ၁၁ ခုမှာ အဆူပေါင်း သုံးထောင်လောက်ရှိတဲ့အတွက် နယ်မြေတစ်ခုမှာ ပျမ်းမျှသုံးရာလောက်ရှိတာမှာ အင်ဂျင်နီယာက ကျွန်တော်အပါအဝင်မှ လေးယောက်ပဲရှိတယ်။ Expert Team မှာဘယ်လိုအဖွဲ့တွေပါလဲဆိုရင် မြန်မာနိုင်ငံအင်ဂျင်နီယာအဖွဲ့တွေပါတယ်။ နောက်ငလျင်ပညာရှင်တွေပါတယ်။ ဗိသုကာပညာရှင်တွေပါတယ်။ ဆောက်လုပ်ရေးအင်ဂျင်နီယာတွေပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ဆက်လက်ပြောကြားခဲ့သည်။

ယူနက်စကိုအနေဖြင့် လက်ရှိအချိန်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနဲ့ ပုဂံငလျင်ဒဏ်ခံအဆောက်အအုံများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပထမအဆင့်အနေဖြင့် အရေးပေါ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွင် ဘယ်လိုလုပ်ငန်းဆောင်တာများ ဆောင်ရွက်ရမည်ဆိုသည်ကို ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒုတိယအဆင့်ဖြစ်သည့် အရေးပေါ်ကာကွယ်ထိန်းမှုပြီးတဲ့အခါတွင် ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းအစီအစဉ်တွင်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော့အနေနဲ့ ယဉ်ကျေးမှုဆိုင်ရာဒေသများကမ္ဘာ့အမွေအနှစ် တင်သွင်းမှုမှာလိုအပ်တဲ့စီမံခန့်ခွဲမှုအစီအစဉ်နဲ့ ပတ်သက်ပြီးတော့ တာဝန်ယူဆောင်ရွက်ခဲ့တာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းကပါ။ ပုဂံဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်တင်သွင်းဖို့နဲ့ ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်မှုတစ်ခုဖြစ်တဲ့ ယဉ်ကျေးမှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်နေပါတယ်။

"ငလျင်လှုပ်တာကတော့ သဘာဝအခြေအနေပါပဲ။ ငလျင်ဒဏ်သင့်အဆောက်အအုံတွေနဲ့ ပတ်သက်ပြီးတော့ အကဲဖြတ်သုံးသပ်ရမယ် ဆိုရင်တော့ အခုမှငလျင်လှုပ်တာမဟုတ်ပါဘူး။ အရင်တုန်းကလည်း လှုပ်ခဲ့ဖူးပါတယ်။ အခုငလျင်လှုပ်ပြီးတော့ ပြိုကျပျက်စီးတဲ့ အဆောက်အအုံတွေဟာ မတိကျမသေချာတဲ့ ပြန်လည်အစားထိုးပြုပြင်တဲ့ လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လုပ်ခဲ့တဲ့အကြောင်း၊ လုပ်ခဲ့တဲ့အရာတွေပျက်စီးမှု၊ နောက်ပိုင်းမှာ ပြန်လည်ပြုပြင်မှု အပိုင်းနဲ့ဆိုင်တဲ့ ဆောင်ရွက်ခဲ့တာတွေကပျက်စီးပြိုကျမှုများတယ်။ လက်ရှိအဆောက်အအုံတွေနဲ့ ပတ်သက်ပြီးတော့ ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုနဲ့ လက်ရှိငလျင်ဒဏ်ခံရတဲ့အခြေအနေနဲ့ တိုက်ရိုက်ပတ်သက်ဆက်နွှယ်မှုတော့ မရှိပါဘူး။ ဒါပေမယ့် ဘယ်လိုသက်ဆိုင်လဲဆိုတော့ ပျက်စီးသွားတဲ့ ပြောင်းလဲသွားတဲ့အရာတွေကိုဘယ်လိုမျိုးစီမံခန့်ခွဲတယ်၊ ဘယ်လိုနည်းစနစ်တွေနဲ့ ဆောင်ရွက်တယ်ဆိုတဲ့အချက်တွေဟာ ကမ္ဘာ့အမွေအနှစ်တင်သွင်းမှုလုပ်ငန်းအတွက် အရေးပါတဲ့ အချက်ဖြစ်ပါတယ်။ ငလျင်ကြောင့် ပျက်စီးသွားတဲ့အပေါ်မှာမူတည်ပြီးတော့ ဘယ်လိုစနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်နိုင်တဲ့အရာတွေကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမှုလုပ်ငန်းမှာ ရေးဖွဲ့တင်ပြလိုက်မယ်ဆိုရင် ဒီအရာတွေဟာ ကမ္ဘာ့အမွေအနှစ် တင်သွင်းမှုလုပ်ငန်းအတွက် အထောက်အကူတောင် ပိုဖြစ်နိုင်ပါတယ်။ ပျက်စီးဆုံးရှုံးမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုအစီအစဉ်တွေဆောင်ရွက်မယ်။ ဘယ်အရာတွေကို ဦးစားပေးလုပ်ဆောင်မယ်၊ ဘယ်လိုမှတ်တမ်းတွေကောက်ယူမယ် အစရှိတဲ့ အစီအစဉ်တွေဟာ အလွန်အရေးပါပြီးတော့ ကမ္ဘာ့အမွေအနှစ် တင်သွင်းမှုလုပ်ငန်းအတွက် အထောက်အကူလည်း ဖြစ်လာနိုင်ပါတယ်" ဟု ယူနက်စကိုမှ ဗိသုကာပညာရှင် Mr Ki Weise က ရှင်းပြသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ Minimum Intervention,Miximun Protection ဆိုတာကိုင်ထားရတယ် Minimun Intervition ဆိုတာက မလွဲမရှောင်သာတဲ့ အနေအထားလောက်ပဲထိတာ ကောင်းတယ်။ တတ်နိုင်သရွေ့ကတော့ ကာကွယ်နေတာ အကောင်းဆုံးပဲ။ ဒါမှ ရှေးဟောင်း အရာဝတ္ထုတစ်ခုရဲ့ တန်ဖိုးကမြင့်မှာ၊ တန်ဖိုးကျသွားမယ်ဆိုရင် သူ့ရဲ့ သမိုင်းတန်ဖိုးက ကျသွားမယ်။ ဒီသမိုင်းတွေကလည်း ပြောရမယ်ဆိုရင် အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ထိန်းနေရတာပါ။ တကယ်တမ်းတော့ အမျိုးသားတိုင်းမှာ တာဝန်ရှိတယ်။ ကိုယ့်ရဲ့အမျိုးသားတွေ မျိုးချစ်စိတ်ဓာတ်တက်ကြွစေတယ်။ အားလုံးပူးပေါင်း ထိန်းသိမ်းမယ်ဆိုရင်တော့ မကြာတော့တဲ့ကာလမှာ ကိုယ့်အမွေအနှစ်ကြီးမပျောက်ပျက်အောင် ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ လူနည်းစုနဲ့ထိန်းရတဲ့အခါကျတော့ နှစ်ကာလတွေကြာအောင် အများကြီး အလုပ်လုပ်ရမှာပါ"ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ရှင်းပြသည်။

ဆက်လက်ပြီး ယူနက်စကိုမှ အဆောက်အအုံပိုင်းဆိုင်ရာအင်ဂျင်နီယာ Mr. Vittorio Gallinar ကလည်း "ကျွန်တော်ကတော့ အခုပုဂံဒေသမှာဖြစ်ပေါ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရတဲ့ အဆောက်အအုံတွေနဲ့ ပတ်သက်ပြီး အကြံပြုဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ယူဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ပုဂံဒေသက ငလျင်ဒဏ်သင့် အဆောက်အအုံတွေ ရေရှည်ကြံ့ခိုင်မှုရှိဖို့အတွက် ဘယ်လိုဆောင်ရွက်မယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဘယ်လိုမှတ်တမ်းတွေတင်ပြီး ဆောင်ရွက်မလဲဆိုတာ အဓိကတာဝန်တစ်ရပ်အနေနဲ့ လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆောက်အအုံကြံ့ခိုင်မှုအပြင် အဆောက်အအုံမှာရှိတဲ့ ပေါင်းစပ်တည်ဆောက်ထားတဲ့၊ ဖွဲ့တည်ထားတဲ့ အဆောက်အအုံပိုင်းဆိုင်ရာကိစ္စတွေ၊ ငလျင်ဖြစ်တဲ့အခါမှာ ကျရောက်လာတဲ့အခြေအနေတွေ၊ အဲဒီအခြေအနေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပစ္စည်းတွေနဲ့ ဘယ်လိုနည်းစနစ်တွေနဲ့ ဆောင်ရွက်မယ် စတဲ့လိုအပ်ချက်တွေကိုကျွန်တော့်အနေနဲ့ လေ့လာမှတ်တမ်းတင်ရာမှာ ရှေးဟောင်းသုတေသနဦးစီးဌာနကိုကူညီပံ့ပိုးဖို့အတွက် ဖြစ်ပါတယ်။ ဒီကိစ္စဟာ ကြီးမားတဲ့စိန်ခေါ်မှု တစ်ရပ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ၁၉၇၅ ခုနှစ်ကလည်း ငလျင်လှုပ်ခဲ့ပါတယ်။ အခုလက်ရှိအနေနဲ့ ပုဂံငလျင်နဲ့ပတ်သက်ပြီးတော့ အရင်လုပ်ခဲ့တဲ့ ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းတွေကိုလေ့လာနေပါတယ်။ ၁၉၇၅ နောက်ပိုင်းမှာ ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေ၊ အဆောက်အအုံဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုအရာတွေအားလုံးကို မှတ်တမ်းတင်ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ငလျင်လှုပ်တဲ့အခါမှာ အဆောက်အအုံဟာ တစုတစည်းတည်းရှိနေပါတယ်။ အမိုးတွေ၊ အကာတွေ၊ နံရံတွေ၊ ပြတင်းပေါက်တွေဟာ တစုတစည်းတည်းဖွဲ့တည်ထားတဲ့အတွက်ကြောင့် ရေရှည်ခံဖို့၊ တည်မြဲဖို့ဆိုတာ တစုတစည်းတည်း အရာတွေကို စည်းစည်းလုံးလုံးနဲ့ တည်ရှိတွယ်ဆက်နေဖို့အတွက် အရေးကြီးတယ်။ အဲဒီလိုဖြစ်ဖို့အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို တစ်ခုချင်းစီမဟုတ်ဘဲ အားလုံးတည်တံ့ခိုင်မြဲအောင် စဉ်းစားနေပါတယ်။ အဲဒါဟာ ကျွန်တော်တို့အတွက်လည်း စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်ပါတယ်။

"ကြာချိန်နဲ့ပတ်သက်ပြီး အဆောက်အအုံတွေကို အရေးပေါ်ကာကွယ်ထိန်းသိမ်းရေးတွေလည်းလုပ်နေပါတယ်။ သက်ဆိုင်ရာအဆောက်အအုံတစ်ခုချင်းစီနဲ့ ပတ်သက်ပြီးတော့ ကောက်ယူမှတ်တမ်းတင်တဲ့ လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့အခြေအနေတွေ၊ အရေးကြီးတဲ့အချက်က ဒီမှာဆောင်ရွက်နိုင်ဖို့အတွက် စွမ်းရည်ပြည့်ဝပြီး တာဝန်ယူဆောင်ရွက်မယ့်ဝန်ထမ်းတွေက ဒီအခြေအနေမှာ အရေးကြီးပါတယ်။ အဲဒါကြောင့် အချိန်ယူရဦးမှာပါ။ အဆောက်အအုံတွေနဲ့ ပတ်သက်ပြီးတော့ ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်တဲ့ လုပ်ငန်းမှာ အရေးပေါ် ထိန်းသိမ်းမှုအပြင် အဆောက်အအုံတွေနဲ့ ပတ်သက်တဲ့ အထင်ကရအချက်အလက်တွေ၊ အရေးပါတဲ့အထောက်အထားတွေ၊ အသေးစိတ်ဆောင်ရွက်ရမယ့်အရာတွေ၊ တန်ဖိုးနဲ့ပတ်သက်ပြီးဆုံးဖြတ်ဆက်စပ်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ရမယ့် လုပ်ငန်းတွေ လုပ်ရမှာဖြစ်တဲ့အတွက် ဆောင်ရွက်နိုင်တဲ့အနေအထားပေါ်မှာ မူတည်ပြီးတော့ အဆောက်အအုံတွေရဲ့ ရေရှည်တည်တံ့မှုကိုချင့်ချိန်တွက်ချက်နိုင်မှာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

လက်ရှိဆောင်ရွက်နေသည့်အခြေအနေသည် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ငလျင်ဒဏ်သင့်ပြီးချိန်တွင် မည်သို့ပြုပြင်ဆောင်ရွက်မှု၊ အဆင့်လိုက် စနစ်တကျမည်သို့ဆောင်ရွက်မှုများသည် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းတဲ့လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တင်ပြမည်ဆိုပါက မြန်မာနိုင်ငံ၏ စီမံခန့်ခွဲမှုစနစ်ကိုလက်ခံအတည်ပြုပြီးလျှင် ကမ္ဘာ့အမွေအနှစ်တင်သွင်းမည့် လမ်းကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့နိုင်ငံ၏ ပြယုဂ်တစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောကြားခဲ့သည်။

"တစ်နည်းအားဖြင့်ပြောရရင် ငလျင်ဒဏ်တော့ခံခဲ့ရတယ်။ သို့သော် ခံရတဲ့ငလျင်ဒဏ်ထဲမှာပဲ စနစ်တကျ စီမံခန့်ခွဲနိုင်မှုအခြေအနေကိုလည်း တင်ပြနိုင်ပါလိမ့်မယ်။ အဲဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် ရလဒ်ကောင်းတစ်ခု ဖြစ်လာမှာပါ။ ဒီဇင်ဘာကျရင် ဘယ်လိုနည်းလမ်း၊ နည်းစနစ်တွေနဲ့ ဆောင်ရွက်မယ်၊ ဘဏ္ဍာငွေဘယ်လောက်ကုန်ကျနိုင်တယ်ဆိုတာတွေကို ဆွေးနွေးမှာဖြစ်တဲ့အတွက် ငလျင်ဖြစ်ပြီး လေးလအတွင်းမှာ စီစဉ်ထားတဲ့အစီအစဉ်ပါ။ ယူနက်စကိုအနေနဲ့ကလည်း နိုဝင်ဘာ၊ ဒီဇင်ဘာမှာဆောင်ရွက်မယ်ဆိုတော့ အချိန်အားဖြင့်ကိုက်ညီမှုရှိပါတယ်။ ငလျင်ဒဏ်ခံခဲ့ရပြီး သုံးလနဲ့လေးလကြားမှာ နောက်တစ်ဆင့်အနေနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတာကိုလည်း ဆွေးနွေးဖို့ပြင်ဆင်ထားကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

# ကြော်ငြာ


## ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ၏ (၃၅)ကြိမ်မြောက် ဒါနဥပ-ပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို နိုဝင်ဘာလ (၆)ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများ အဆင်ပြေစေရန် ၃၁-၁၀-၂၀၁၆ နေ့မှ စတင်၍ ဖုန်း ၀၁-၃၇၀၂၆၀ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

ကိုမင်းမင်းဦးစီးသော
## ရွှေလမ်းညွှန်
01-384486, 09-262705136, 09-791975802.

တောင်ကြီးမီးပုံးပျံပွဲ - အင်းလေး - ပင်းတယ - ကလော (၄) ရက် ကား/တည်း-ငြိမ်း ၅၅၀၀၀/ကျပ် ဓာတ်လှေအပါ။
Nov 11-2016 ထွက်မည်။
ပုပ္ပါး - ပုဂ္ဂံ - ပုဂံ (၃) ရက် ကား/တည်း-ငြိမ်း ၄၅၀၀၀/ကျပ် ရှယ်တော်လှေအပါ။
အမှတ် ၁၁၈၊ ၂၈ လမ်း (လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

## မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (နေ့ချင်း/ငြိမ်း) 33000
ရွှေညောင်သာ (Guest - ငြိမ်း) 33000
(နေ့စဉ်) (Hotel - ငြိမ်း) 40000
ငွေဆောင် (Hotel - ငြိမ်း) 50000
(နေ့စဉ်) (Hotel+ကား) 45000
ပုဂံ/ပုပ္ပါး (Hotel - ငြိမ်း) 110000
ကားချိန်း၍ စင်းလုံးငှားဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

## Summer Asia
ချောင်းသာ (ကားခ)-12000
ကား+စား+တည်း(AC)+ငြိမ်း -30000
ကား+စား+တည်း+ငြိမ်း -25000
ကျိုက်ထီးရိုး (ကားခ)-10000
* လက်မှတ်အိမ်အရောက်ပို့စနစ် *
Ph:09-797853708,-261879266
-797853705

## ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
မြတ်ရွှေရတီသာ




- Nov 26 - Dec 3 (7 N / 8 D) USD 650 + (၂) သိန်း
- Dec 21 - Jan 4 (14 N /15 D) USD 850 + (၂) သိန်း
- Feb 21 - 28 (7 N / 8 D) USD 650 + (၂) သိန်း
- Mar 18 - 25 (7 N / 8 D) USD 650 + (၂) သိန်း
- Apr 11 - 18 (7 N / 8 D) USD 650 + (၂) သိန်း

ဝန်ဆောင်မှုများ

ခရီးစဉ်များတွင်လူနည်းစုဖြင့်သာသွားသောကြောင့် ကြိုတင်စာရင်းပေးသွင်းစေလိုပါသည်။

(ပခ - ၀၃၂၇)
## MYAT SHWE YA TI THAR
TRAVELS & TOURS



ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်လိုသူများအတွက် Order Made Service ဖြင့်
- မိသားစုဖြင့်ဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းများဖြင့်ဖြစ်စေသွားရောက်လိုသူများအတွက် Family Trip,
- လူကြီးမင်းတို့အကြိုက် ဂျပန်ပစ္စည်းများ စိတ်ကြိုက်ဈေးဝယ်သွားနိုင်သောခရီးစဉ် Special Shopping Trip,
- ဂျပန်နိုင်ငံသို့သွားရောက် ဆေးစစ်လိုသူများအတွက် Trip for Medical Check-up
- ခရီးဆောင်နံများအတွက် မင်္ဂလာဦးခရီးစဉ်ဖြစ်သည့် Honeymoon Trip

တို့အား လူကြီးမင်းတို့ စိတ်တိုင်းကျစီစဉ်ဆောင်ရွက်ပေးနေပါသည်။

အထူးဝန်ဆောင်မှုအနေဖြင့်

ဂျပန်နိုင်ငံမှပြန်လာသောအခါ Overweight ဖြစ်နေသည့်ပစ္စည်းများကို Door to Door စနစ်ဖြင့်အိမ်အရောက်ပို့ဆောင်ပေးပါသည်။

မိတ်ဆွေဟောင်းမိတ်ဆွေသစ်များအား မေတ္တာတရားရှေ့ထားပြီး စိတ်တိုင်းကျပို့ဆောင်ပေးနေပါသည်။

အမှတ် (၂၇) မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၂၆၃၉၀၇၃၅၆၊ ၀၉-၄၅၅၂၀၂၅၂၂၊ ၀၉-၄၅၅၂၀၂၅၃၃

## ရွှေပလ္လင်




ရိုးရိုးလေး...
မွှေးမွှေးလေး...
အရသာရှိရှိလေး...
အကောင်းစားထောပတ်ကိုအသုံးပြုထားတဲ့
ရွှေပလ္လင်ကိတ်နဲ့ ဝါကျွတ်ကန်တော့ကြရအောင်!

"အရွယ်ရောက်သူတိုင်းအတွက် ယာဉ်မောင်းကျွမ်းကျင်မှုသင်တန်း"
Course in driving skills for all adults.
၂၀၁၆-ခု၊ အပါတ်စဉ်(၄၉)၊ နိုဝင်ဘာလ (၁)ရက်နေ့ဖွင့်မည်။

## ကောင်းဝေ
KAUNG WAI
(ယာဉ်မောင်း စက်ပြင်ထိန်းသိမ်းသင်တန်း)
အမှတ် (၆၅၁)၊ မောင်မကန်လမ်း၊ (၁၇)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။
Ph- 09 73213416, 09 73056208, 09 250166727
ဖောင်ကြီးလမ်းခွဲနှင့် သိတာအေးလမ်းထိပ်၊ ဘုရားအလုပြင်ဆိုင်နောက်ကျောဘက်၊ လှည်းကူးမြို့နယ်။
Ph- 09 453204065, 09 453204067, 09 43157424
ရွှေမင်္ဂလာကားဂိတ် နှင့် ချစ်တီးထမင်းဆိုင်ကြား၊ ရန်ကုန် - ပဲခူးလမ်း၊ ယာဉ်ဝင်းဟောင်းအနီး၊
Ph- 09 795662540, 09 254767928, 09 780977536
နည်းပြဆရာ၊ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြားလိုပါက သီးခြားစီစဉ်ထားပါမည်။

## THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 250000-Ks
(Copper Pipe-10', Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435




Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

## ကြော်ငြာ


**သန်းခွေးနှင့်ရောင်းရင်းများ မှ တန်ဆောင်တိုင်ဘုရားဖူး**

* တန်ဆောင်တိုင်မီးပုံးပျံပွဲ၊ တောင်ကြီး၊ ပင်းတယ၊ ကလော၊ ထမ်စမ်းလှိုဏ်ဂူ၊ မွေတော်ကက္ကူ(၄)ရက် * လှိုင်ကော်ပါ(၆)ရက်။ Nov 4,11,18,25 ထွက်မည်
* ပုဂံ၊ ပုပ္ပါး(ရွှယ်တော်လေးဆူ)၊ ပြည်ပါးပြည့်(၄)ရက်။ * မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်။
အားလုံးပါ(၇/၁၀)ရက်။ * ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ(၆)ရက်။
* မန္တလေး၊ ပြင်ဦးလွင်၊ ဒီခုတ်ရေပြာအိုင်၊ ကျောက်စိမ်း(၄)ရက်။ ကျိုက်ထီးရိုး ချောင်းသာ နေ့စဉ်
* မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ဆဲ(ကျိုက်ထီးရိုး)(၂/၃)ရက်။
* ဝလွန်၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်...(နေ့ချင်းပြန်)...(ဝနေ/တနင်္ဂနွေ)
ထားဝယ် မြိတ် ကော့သောင်း (ရနောင်း) (၈)ရက် အထူးခရီးစဉ်
အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

ဒုတိယအကြိမ် မြောက် တန်ဆောင်တိုင် ခရီးစဉ်
**ထူးထူးခြားခြား ကော့သောင်းခရီးသွား**
11 - 11 - 2016 မှ 16 - 11 - 2016 အထိ
သုခမိန်စာပေ 09 51 55654 / 09 965155654 / 01 253079

တိုတော့်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(ထီးတတ်) ကားသစ်ကြီးများဖြင့်ဝန်ဆောင်မှုပေးပါသည်။
09 25 358 2510, 09 515 8803

Modern Myanmar TRAVELS
ကျိုက်ထီးရိုး(နေ့စဉ်) 10000
ချောင်းသာ { Guest 33000 / Hotel 43000
ငွေဆောင် (Hotel+ကား) 40000
ကားအိုးလုံးကားများ အထူးစီစဉ်ပေးသည်
09-450047016, 09-253540004

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**ရွှေလမ်းခရီး...မှ ကျိုက်ထီးရိုး(နေ့စဉ်)**
* ပုဂံ(ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင်၊ ရွှေတန့်တစ် အပါ
* တောင်ကြီး၊(မွေတော်ကက္ကူ)၊(ထမ်စမ်းလှိုဏ်ဂူ)၊ အင်းလေး၊ ပင်းတယ၊ ရွှေအင်းတိန်
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်း၊ ဇေတီတော် ခရီးစဉ်
* ထားဝယ်(ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်ဆဲ
* ကရင်ပြည်နယ် ဘားအံ ဘုရားဖူးနှင့် မြဝတီ၊ မဲဆောက်ခရီးစဉ် (သောကြာနေ့တိုင်း)
(ထမင်းကျွေး၊ ကား၊ တစ်ဆင့်သွားကား/ လေယာဉ်၊ ဟည်းခိုခန်း ရေိတ်ပြီး)
* ဖလွန် * ပြည်၊ အကောက်တောင် * ချောင်းသာ/ငွေဆောင် 095124678
တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် လက်မှတ်ရောင်းပြီ 09401589907

**ရွှေကြေးစည်** မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
▲ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလှိုဏ်ဂူ ဆက်၍-(မန္တလေး၊ ပြင်ဦးလွင်မီးပုံးပျံပွဲ၊ စစ်ကိုင်း၊ ကျောက်စိမ်း) အထက်စဉ် သောကြာ Nov 11
▲ ပုဂံ၊ ညောင်ဦး၊ ရွှယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ သီဟိုဠ်ရှင် ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနဲ့၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား
▲ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာ၊ ကျောက်စိမ်းဘုရား၊ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနဲ့
▲ ကျိုက္ကမီ၊ မော်လမြိုင်၊ စက်ဆဲ၊ ရွှာလပို့တောင်-(ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ (သာမညာ-မြဝတီ-မဲဆောက်)(ဘားအံ ဂူဘုရားများ၊ ဇင်းကျိုက်ရေတံခွန်-နေ့ချင်းပြန်)
ပန်းဆိုးတန်း 01-240860/01-372290 ခေါ်ရန် 09-49282825, 09-421029191

**အလင်းရောင်** Travel Services ကျိုက်ထီးရိုး (နေ့စဉ်)/ချောင်းသာ (နေ့စဉ်)
အထူးPackage စနစ်ခရီးစဉ်များ Nov-11,18,25 ထွက်မည်
09-421061860, 09-421129597, 09-774400430

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ် များလိုသူများ အတွက်
**ဂုဏ်ထူးဦးအောင်ဒိုင်**
2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် အောက်တိုဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။
"Strategic Management Course for Entrepreneurs"
စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၃၁-၁၀-၂၀၁၆ရက် မှ ၁၁-၁၁-၂၀၁၆ရက် (ညနေပိုင်း ၁၀ ရက်သင်တန်း)
သင်တန်းကြေး - ၄၅၀၀၀ (ကျပ်လေးသောင်းငါးထောင်တိတိ)
အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။
သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆၊ ၀၉ ၂၅၂၈၅၄၃၃၉

**ဦးရဲကော်လတ်** MBA(UTCC), M.A(UFL)
Leadership Course
ခေါင်းဆောင်မှု သင်တန်း
Success & Motivation Course
အောင်မြင်မှုနှင့်စိတ်ဓာတ်မြှင့်တင်ရေး သင်တန်း
၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက် မြောက်ဒဂုံ။ နိုဝင်ဘာလ တန်း-၃ ဖွင့်ပြီ
09-5057138, 09-73175231


နံပါတ် (၁) MNZ ငွေရေစက် နှင့် လုံခြုံစိတ်အေးရစေမည့် MNZ မီးခံသေတ္တာ ၏
ရူပါစပါယ်ရှယ် အထူးဈေးရောင်းပွဲတော်

"ကြည်နူးဖျော်ဖြေရာ ရတ်ဖြတ်မှာ MNZ နှင့် ထံစမ်းပါ"
HAPPY HOUR 9:00 AM - 12:00 AM Stock Limited | GIFT | LUCKY DRAW | +++
Oct 27 - 30, 2016 | TATMATAW HALL ( KOREA EXPO )
09 732 44447, 09 731 91095 | /mnz.safes

KOREA Expo
**အထူးဈေးရောင်းပွဲတော်**
SAMSUNG
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
၄ ရက်တည်းသာ
ပျော်ပျော်ရွှင်ရွှင် ဈေးဝယ်ရင်း ရင်ခုန်ဖွယ်ရာ ဆုလက်ဆောင်များ ရယူကြပါစို့
27-10-2016 to 30-10-2016
ပထမဆု - Honda Fit (GE6)
Samsung ၄၇လက်မတီဗီ - ၉၉ဆု

SAMSUNG Smart Phones နှင့် Tablets တွေ ဝယ်ယူပြီး လက်ဆောင်တွေ ရယူလိုက်ကြရအောင်
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက် - Remax powerbank 10,000 mAh, Traveller Bag, Selfie Stick
ကျပ် ၅၀၀,၀၀၀ မှ ၂၀၀,၀၀၀ အတွင်း ဝယ်ယူသူတိုင်းအတွက် - Powerbank+bluetooth speaker+flashlight, Traveller Bag, Selfie Stick
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက် - Remax Powerbank 5,000 mAh, Traveller Bag, Selfie Stick
သတ်မှတ် Model အလိုက် ကံစမ်းမဲလက်မှတ်များ ရယူလိုက်ပါ။
အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းအား ဆက်သွယ်စုံစမ်းနိုင်ပါသည်၊ Facebook page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
09-977233159/229 www.facebook.com / M9 Group Co.,Ltd M9 PUBLIC CO.,LTD. Authorized Master Distributor Of SAMSUNG


BE IMMERSED WITH
TheaterMax
telenor
Free
500mb x 3လ
အင်တာနက် အခမဲ့သုံးစွဲခွင့်
Lenovo
Lenovo vibe K5 NOTE
Dual Sim
4G READY SMARTPHONE
VIBE
FREE
VR + Controller
ရုပ်ရှင်ရုံကဲ့သို့ကြည့်ရှုခံစားနိုင်သော
မြင်ကွင်းကျယ် VR အတွေ့အကြုံ
ကြည်လင်ပြတ်သားသော
Dolby အသံစနစ်
မြန်နှုန်းမြင့် 64-bit Octa Core နှင့်
4GB RAM
ကြာရှည်အသုံးပြုနိုင်သော
ဘက်ထရီစနစ် 3500 mAh
၂၉၉,၀၀၀-ကျပ်
DCD
Authorised Distributor:
Tel: 384109, 381776, 381129, 381035 Ext: 131, 142
www.lenovo.com/mm
LenovoMyanmar


CHAMPION
Johnson Suisse
Bathroom Solutions
WHITE HORSE
WHITE HORSE
CERAMIC
Made in Malaysia
CHAMPION®
ALUMINIUM
Your Preference Aluminium
CHAMPION
Laminates
CHAMPION
ပျော်ရွှင်စရာ သီတင်းကျွတ်ချိန်ခါ
HAPPY THADINGYUT FESTIVAL
Sale Promotion 2016
&
Celebrating 8 Years Anniversary
ကြေးရတု
အရောင်းမြှင့်တင်ရေးပွဲတော်
Grab Special
Discount
up to
80%
Date : 17th Oct 2016 ~ 30th Oct 2016
Champion Construction Materials Co., Ltd.
10 Mile Showroom
No.(913) | Pyay Road | 10-mile | Insein Township | Yangon.
Hotline : 09 421025234, 09 977322822, 09 43166583, 09 798453513, 09 5501654
ISO 9001:2008


Ocean
SUPERCENTER
BEST VALUE PRODUCTS
AND MORE...
SUPER SAVER
တန်ဖိုးတန်
28th Oct ~ 10th Nov, 2016
ကထိန်လှူဖွယ် ပစ္စည်းများ
SAVE
SUNKIST
Grape 330ml
WOW!
Buy 3 Get 1
Same Item
WHITE CASTLE
Butter Cookies 454g
WOW!
3,750
Ks. 4,400
CLEAR
Shampoo 170ml
WOW!
1,650
Ks. 2,050
MIDEA
Rice Cooker
MR-GM10SA (1.0 Ltr)
WOW!
12,900
Ks. 15,000
LAW KA NAT
Monk Donated Basket
(Malaysia CYC)
Ks. 19,000
KYAR NGARR KHINE
Monk Donated Basket Kereo
Ks. 21,000
LAW KA NAT
Thingan (Malaysia)
8,550
Ks.9,200
LAW KA NAT
Thingan (Singapore CYC)
9,800
Ks.10,500
LAW KA NAT
Thingan (Indonesia 3 Ryfal)
14,700
Ks.15,800
MBMT
Thingan Skate
(Thai CYC)
12,600
Ks.14,000
MBMT
Monk Rice Bowl
with Curry Bowl 4's
Ks. 4,500
LAW KA NET
Monk Curry Bowl Steel (L)
Ks. 2,500
ALTER SET
(Kettle/ Bowl/ Tray
14in) 3's
Ks. 6,500
KARAWEIK
Monk Fan (Velvet)
Ks. 1,800
HEALTH MEDICAL
Pillow
2,900
Ks.3,200
LUCKY BOY
Face Towel (Brown/Light)
6's 12x12in
3,500
Ks.3,800
BOOM BOOM
Fleece Blanket (Brown)
50x80in
5,500
Ks.5,800
LAW KA NET
Blanket (Thailand)
13,000
Ks.14,000
YWET HLAY
Monk Slipper (Velvet)
Ks. 2,300
ASAHI
Monk Umbrella UV
Ks. 5,500
FLYING TIGER
Food Carrier 14x5 (Green)
5,150
Ks.5,600
SUPER
Water Filter with
Handle 6's
2,500
Ks.2,800
SIGNAL
Toothpaste Action
6's 75g
3,300
Ks.3,650
BERMAN
Toothbrush Adult
6's
1,600
Ks.1,800
CAMAY
Bar Soap
3's x125g
1,800
Ks.2,000
ELAN
Bar Soap
10x120g
2,850
Ks.3,200
ELAN
Enzyme Detergent
Powder 3x350g
1,550
Ks.1,700
N VEON
Soap Case
2,750
Ks.3,050
ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။
Prices may change without prior notice. While Stocks Last!
BEST VALUE BEST PRODUCTS AND MORE...
ပစ္စည်းလည်းမှန် ဈေးလည်းတန် ...

# ကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်ဝင်း**
(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)
**အသက် (၆၃)နှစ်**
**ဥက္ကဋ္ဌ (ထွန်းတောက် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)**
**A.C.E Group of Companies**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ငွေငွေငြိမ်းတို့၏ အစ်ကိုဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ဝင်းသည် ၂၅-၁၀-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄း၁၇ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**A.C.E Group of Companies မှ**
**ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်ဝင်း**
(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)
**အသက် (၆၃)နှစ်**
**ဥက္ကဋ္ဌ (ထွန်းတောက် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)**
**A.C.E Group of Companies**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ငွေငွေငြိမ်းတို့၏ အစ်ကိုဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ဝင်းသည် ၂၅-၁၀-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄း၁၇ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**A.C.E Construction Group မှ**
**ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်ဝင်း**
(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)
**အသက် (၆၃)နှစ်**
**ဥက္ကဋ္ဌ (ထွန်းတောက် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)**
**A.C.E Group of Companies**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ငွေငွေငြိမ်းတို့၏ အစ်ကိုဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ဝင်းသည် ၂၅-၁၀-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄း၁၇ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**A.C.E Machinery Group မှ**
**ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်ဝင်း**
(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)
**အသက် (၆၃)နှစ်**
**ဥက္ကဋ္ဌ (ထွန်းတောက် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)**
**A.C.E Group of Companies**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ငွေငွေငြိမ်းတို့၏ အစ်ကိုဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ဝင်းသည် ၂၅-၁၀-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄း၁၇ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**A.C.E Hotels & Tourism Group မှ**
**ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတင်ဝင်း**
(ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့)
**အသက် (၆၃)နှစ်**
**ဥက္ကဋ္ဌ (ထွန်းတောက် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း)**
**A.C.E Group of Companies**

A.C.E Group of Companies မှ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးတင့်ဆန်း-ဒေါက်တာဒေါ်ငွေငွေငြိမ်းတို့၏ အစ်ကိုဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးတင်ဝင်းသည် ၂၅-၁၀-၂၀၁၆ ရက် (အင်္ဂါနေ့) ညနေ ၄း၁၇ နာရီတွင် နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Businet Development Group မှ**
**ဝန်ထမ်းများ**

### မဇင်ဝါဖြူ
**အသက် (၃၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မာလာလမ်း၊ (၁၃)ရပ်ကွက်၊ အမှတ် (၃၄)၊ (၅-ဘီ)နေ (ဦးဆန်းထွန်းဦး)-ဒေါ်ရီရီတင် (SAT-ငြိမ်း)တို့၏ ချစ်လှစွာသောသမီး၊ ဦးကျော်သာ-(ဒေါ်စောတင့်)တို့၏ သမီးချွေးမ၊ ကိုကျော်သာဝင်း (ခေတ္တ-USA)၏ ချစ်လှစွာသောဇနီး၊ မြသိင်္ဂါကျော်၏ မွေးသမိခင်၊ ဦးဇာနည်ဦး-ဒေါ်အိသူဟံ၊ ဦးလွမ်းမိုးသူ၊ ဦးညီညီစိုး-ဒေါ်စောယုမွန်၊ မကြည်စင်သန့်တို့၏ အစ်မ/ညီမ၊ မစောသန္တာ၏ညီမ၊ တူ/တူမ လေးယောက်တို့၏ချစ်လှစွာသော အဒေါ်သည် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးစောနိုင် [B.A(Philo)]
**အသက် (၈၁)နှစ်**
**နယ်ပိုင်(ငြိမ်း)ထွေ/အုပ်၊ရေစကြိုမြို့နယ်၊ ဥက္ကဋ္ဌ(ငြိမ်း) ပါတီယူနစ်၊ ငပုတောမြို့နယ်၊ အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ်၊ ငပုတောမြို့နယ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ကိုးအင်းရွာနေ (ဦးဘိုးတင့်-ဒေါ်လှ)တို့၏သား၊ ဘက်ရဲတိုက်နယ်နေ (ဦးဘမှန်-ဒေါ်မြအိ)တို့၏ သားသမက်၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်(၄)လမ်း၊ တိုက်(၅၈)၊ အခန်း(၁၂)နေ ဒေါ်သန်းအေး၏ခင်ပွန်း၊ ဦးကောင်းနိုင်-ဒေါ်ခင်ခင်ဝေ၊ ဦးမိုးမြင့်ဦး-ဒေါ်မိမိနိုင်၊ ဦးထွန်းအောင်ကျော်-ဒေါ်ရည်ရည်မွန်တို့၏ ဖခင်၊ မောင်မြတ်ကိုကို၊ မသဥ္ဇာစိုးစံ၊ မောင်ကျော်ဇေယျာနိုင်တို့၏ အဘိုးသည် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဒေါက်တာဦးအေးကြည် အသက်(၉၀)
**မြို့နယ်ဆရာဝန်ကြီး(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၄၂)၊ ရေကျော်လမ်းမနေ (ဦးသိန်းမောင်-ဒေါ်သိန်းမြ)တို့၏သား၊ ဒေါ်ကြင်ကြူ(အလပြ၊ ငြိမ်း)၏ ခင်ပွန်း၊ ဦးရဲထွန်းဝင်း-ဒေါ်စိုးယဉ်မင်း၊ ဦးအောင်ကျော်စိုး၊ ဦးအေးချမ်းအောင်-ဒေါ်ဝင်းပပတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်မိုးယံမင်း၏အဘိုးသည် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတင်ဦး(ပုသိမ်မြို့) (၈၉)နှစ်
**လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်းနေ (ဦးမောင်ဟန်-ဒေါ်မြ)တို့၏သား၊ (ဒေါ်ခင်ကြည်)၊ (ဒေါ်ရီရီဟန်)တို့၏မောင်၊ ဒေါ်ခင်ဝင်းဖြူ၏အစ်ကို၊ (ဒေါ်မိုမိုအောင်)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စန္ဒီမိုးဦးဖြူ-Maurice Botter၊ မောင်အောင်မြင့်ဦး၊ မအောင်မာဦးတို့၏ချစ်လှစွာသောဖခင်၊ Meemee၊ Chan Piet တို့၏ချစ်လှစွာသောအဘိုး ဦးတင်ဦးသည် ၂၆-၁၀-၂၀၁၆ ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၆ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့်အချိန်အား ထပ်မံအကြောင်းကြားပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၆(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသာစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
### ဦးအုန်းဖေ(ဘုတလင်/မုံရွာ) (၈၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၄၆၇)၊ သစ္စာလမ်း၊ (၃) ရပ်ကွက်၊ အောင်မြေ မျက်စိအထူးကုဆေးခန်းနေ ဒေါ်သန်းနု၏ခင်ပွန်း၊ ဒေါက်တာ ဒေါ်အောင်မေကြည် (တွဲဖက်ပါမောက္ခ၊ မျက်စိအထူးကုဆရာဝန်ကြီး-ငြိမ်း)၊ (ဦးမြင့်စိုး)-ဒေါ်ဖြူဖြူ (သယ်န်းကျွန်းဈေးကြီး)၊ ဒေါ်မြင့်မြင့်အုန်း (ဥပဒေအရာရှိ-ငြိမ်း)၊ ဒေါ်မြမြအုန်း(နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)- ဦးဝေမင်း (နိုင်ငံခြားရေးဝန်ကြီးဌာန-ငြိမ်း)တို့၏ဖခင်ကြီး၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၁၀-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၅နာရီတွင် ရွှေဂုံတိုင်အထူးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်ခင်သန်းမြင့် (၈၄)နှစ်

မန္တလေးမြို့နေ (ဗိုလ်ကြီးနိုင်-ဒေါ် အေးဘုံ)တို့၏သမီးချွေးမ၊ ယောမြို့နေ [ဦးထူးမော်(ရွှေနေ)-ဒေါ်ကြည်ကြည် စော]တို့၏သမီး၊ ဦးစံမြင့်(၁) (မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ (ဦးဇော်ဝင်းမြင့်)-ဒေါ်ခင်ခင်လေး၊ [ဦးကျော်ဇော်မြင့်(လ/ထ မန်နေဂျာ)]-ဒေါ်သိန်းသိန်း၊ ဒေါ်ခင်ဝင်းမြင့် (အလပြ၊ ထ-၃၊ ငြိမ်း၊ မဟာမြကျွန်းသာ)၊ ဦးသန်းထွန်းမြင့် (ဒု-ညွှန်ကြားရေးမှူး၊ အဂတိတိုက်ဖျက်ရေး)-ဒေါ်မြတ်မွန်အေး၊ ဦးရန်အောင်မြင့် (လ/ထညွှန်မှူး၊ လဝက၊ မြဝတီ)-ဒေါ်မိမိအောင် (ဒု/ခရိုင်တရားသူကြီး၊ တောင်ပိုင်းခရိုင်)တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
### ဒေါ်သန်းမြင့် (၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်းနှင်းဆီလမ်း၊ အမှတ်(216/C)နေ (ဦးအောင်သန်း)-ဒေါ်ရွှေတင်တို့၏ သမီးကြီး၊ ဦးကြည်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)၊ (Managing Director (Royal Granite Mining Co., Ltd.)၏ ဇနီး၊ ဦးမျိုးမင်းသန်း-ဒေါ်ရွှေစင်ဝင်း၊ ဦးနေလင်းစိုး-ဒေါ်ခင်ချိုဝင်း၊ ဦးဝင်းမင်းသန်း-ဒေါ်သီတာဦး၊ ဒေါ်ဆုမွန်ဝင်း (Assistant Chief Accountant, Air Bagan Public Co., Ltd.)၊ ဦးဝင်းမင်းထွေး-ဒေါ်ရွှေဇင်ဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၆(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်မြင့်မြင့်ဦး (၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂၅)၊ လေးဒေါင့်ကန်လမ်း၊ (ဆ/က)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်နေ [ဦးကိုကိုလေး(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့အသေးစားငွေချေးလုပ်ငန်း-ရုံးချုပ်)၊ (မန်နေဂျင်းဒါရိုက်တာ-ငြိမ်း၊ အာရှရန်ကုန်ဘဏ်)-ဒေါ်စိန်ဝင်း(အထက-၃၊ သယ်န်းကျွန်း၊ ငြိမ်း)တို့၏သမီးကြီး၊ ဦးသန်းလွင်အောင်-ဒေါ်စိုးစိုးမူ၊ ဦးသန့်စင်-ဒေါက်တာဇင်သူဇာမောင်၊ ဒေါက်တာသီတာဝင်းကိုကို၊ ဦးစန်းယုအောင်-ဒေါက်တာဇင်ဇင်ဝင်းကိုကိုတို့၏ အစ်မကြီး၊ မချိုသွယ်ယုကို၏ကြီးကြီး ဒေါ်မြင့်မြင့်ဦးသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၁း၅၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၆ (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့၊ အမှတ်(၁၂၅)၊ လေးဒေါင့်ကန်လမ်း၊ (ဆ/က)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်မြင့်မြင့်ဦး (၅၂)နှစ်

ရန်ကုန်မြို့၊ အမှတ် (၁၂၅)၊ လေးဒေါင့်ကန်လမ်း၊ (ဆ/က)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်နေ (ဦးကျော်သိန်း-ဒေါ်နှင်းမြိုင်)၊ (ဦးသိန်း-ဒေါ်မြစိန်)၊ ဒေါ်တင်ရွှေတို့၏တူမ၊ ဗိုလ်မှူးကြီးခိုင်စိုး(ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဦးသန်းငွေ-ဒေါ်သင်းသင်းမော်၊ ဦးငွေဝင်း-ဒေါ်အေးအေးသွယ်၊ ဦးကျော်ဝင်း-ဒေါ်ရီရီတင့်တို့၏ညီမ ဒေါ်မြင့်မြင့်ဦးသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၁း၅၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဦးဒင်(ခ)ဦးမင်းဒင် (၈၄)နှစ်
**ကော့ဂိုးရွာ၊ ကော့ကရိတ်မြို့နယ်**

(ဦးခိုင်-ဒေါ်လှမင်း)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးသာလှိုင်)-ဒေါ်အေးကြည်၊ မော်လမြိုင်မြို့နေ (ဦးချစ်သန်း)-ဒေါ်ခင်ရွှေ၊ ဒေါ်သန်းကြည်၊ ဒေါ်သန်းမြင့် (New York)၊ ဦးမြတ်မိုး-ဒေါ်အေးမြင့်(ခ)မိချို (New York)၊ ရန်ကုန်မြို့နေ ဦးဇော်မင်းမောင်-ဒေါ်ညိုညိုအေးတို့၏ဖခင်၊ မနွယ်နီလှိုင်၊ မောင်မင်းသူဟန်၊ မဆုမွန်လှိုင်၊ မအေးမိုးဦး၊ မသွယ်သွယ်စန်း၊ မကြည်ဖြူစင်(ခ) Michelle Moe၊ မောင်အောင်ခန့်ပိုင်၊ မချောစုသင်းတို့၏အဘိုး ဦးဒင်(ခ)ဦးမင်းဒင်သည် ၂၄-၁၀-၂၀၁၆ရက် နံနက် ၈း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)
### ဦးစောနိုင် (၈၁)နှစ်
**နာယက၊ ကြံခင်းမြို့နယ်အသင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲတိုက်နယ်၊ ကိုးအင်းရွာနေ (ဦးဘိုးတင့်-ဒေါ်လှ)တို့၏သား၊ ဘက်ရဲမြို့၊ တံခွန်တိုင်ရပ်နေ (ဦးဘမှန်-ဒေါ်မြအိ)တို့၏သားသမက်၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်(၄)လမ်း၊ တိုက်(၅၈)၊ အခန်း(၁၂)နေ ဒေါ်သန်းအေး၏ခင်ပွန်း ဦးစောနိုင်သည် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ် မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့
ကြံခင်းမြို့နယ်အသင်း၊ ရန်ကုန်

### ဗိုလ်ကံမြင့်(ငြိမ်း) (၇၁)နှစ်
**ကြည်း-၁၁၅၆၆**
**D.S.A အမှတ်စဉ်(၁၁)**
**ဒုတိယညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နေ ဦးသိန်း-(ဒေါ်အေးကြည်)-ဒေါ်သိန်းညိုတို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြန်မာ့အသံဝင်း၊ နာနတ်တောဝန်ထမ်းအိမ်ရာ၊ တိုက်(၆)၊ အခန်း(၁၁)နေ ဒေါ်ခင်မျိုးဝင်း(ခ)ဒေါ်ဘေဘီ (ဆလရ-ငြိမ်း)၏ခင်ပွန်း၊ (ဦးအောင်ကျော်မြင့်)-ဒေါ်ခင်ဝင်းမော်၊ ဒေါ်မျိုးသီတာမြင့် (ဦးစီးအရာရှိ-စီမံ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)တို့၏ ဖခင်၊ မြေးနှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးကံမြင့်သည် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) ည ၉း၅၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်မတော်ဆေးရုံ ခုတင် (၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံရှိ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၆ရက် နံနက် ၇နာရီတွင် မြန်မာ့အသံ နာနတ်တောဝန်ထမ်းအိမ်ရာ၊ တိုက်(၆)၊ အခန်း(၁၁)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ဥမ္မာသျှား (၆၇)နှစ်
**တရားလွှတ်တော်ရှေ့နေ**
**အိမ်တွင်းမှုစာပေတိုက်**

ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ ယုဇနကွန်ဒိုတိုက်(67/C)၊ အခန်း(6/D)နေ (ဦးသန်းတင်-ဒေါ်စောနွဲ့နွဲ့ရီ)တို့၏တစ်ဦးတည်းသောသမီး၊ ဒေါ်တီတီချို၏ ညီမ၊ ဒေါ်မာလာမြင့်၏အစ်မ၊ ဦးကျော်ဇေယျ (အမြဲတန်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန) - ဒေါ်မွန်မွန်စိုးတို့၏ မွေးစားမိခင်ကြီး၊ ဦးသောင်းထိုက်-ဒေါ်ထက်ထက်၊ ဦးသောင်းထွန်း-ဒေါ်နီနီဝင်း၊ ဦးအောင်ဇော်မိုး (နိုင်ငံခြားဘာသာတက္ကသိုလ်)-ဒေါ်သက်သက်ထွန်း၊ ဦးကိုကိုအောင်-ဒေါ်ဝါဝါလှိုင်တို့၏အစ်မ ဒေါ်ဥမ္မာသျှားသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တ နန္ဒိယ
### သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာညောင်ကုန်းကျောင်းတိုက်၊ ပြာသာဒ်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနမဟာနာယက ဘဒ္ဒန္တနန္ဒိယ (ဓမ္မာစရိယ) အမှတ်(၂)ရပ်ကွက်၊ (သံဃနာယကဥက္ကဋ္ဌ) သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်သည် (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်) ၂၁-၁၀-၂၀၁၆ (သောကြာနေ့) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၇-၁၀-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အထက်ပါကျောင်းတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ညောင်ကုန်းကျောင်းတိုက်၊ ပြာသာဒ်ကျောင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ဈာပနကျင်းပရေးကော်မတီ

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တ ဒေဝိန္ဒ
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်**
### သိက္ခာတော် (၄၆)ဝါ၊ သက်တော် (၆၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်၊ သုခဝတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒသည် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို (၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်) ၂၉-၁၀-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁နာရီတွင် သာစုကီဋ္ဌနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း

အန္တိမအဂ္ဂိစျာပနဖြစ်မြောက်ရေးကော်မတီ
သုခဝတီစာသင်တိုက်၊ ကျောက်ပန်းတောင်းမြို့

### ဒေါ်စိန်တင်(မုဒုံမြို့)
### အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ အမှတ် (၃၂၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်နေ (ဦးငွေစိုး)၏ဇနီး၊ ဦးခင်မောင်စိုး-ဒေါ်မေမေယု၊ ဒေါ်အေးအေးစိုး၊ ဦးအောင်သန်းစိုး-ဒေါ်မာလာဆွေ၊ ဦးတင်မောင်စိုး-ဒေါ်မေသက်နွယ်၊ ဒေါ်ကြည်ကြည်စိုး၊ (ဒေါ်ရီရီစိုး)တို့၏မွေးသမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၁-၁၀-၂၀၁၆ (အင်္ဂါနေ့)တွင် နယူးယောက်မြို့စံတော်ချိန် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် နယူးယောက်မြို့၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဗိုလ်မှူးသာကျော်(ငြိမ်း) (၈၆)နှစ်
**(လေ/၁၅၂၅)**

စစ်တွေမြို့နေ (ဦးအောင်ထွန်းဦး-ဒေါ်မကျော့)တို့၏သား၊ (ဒေါ်လှဝင်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာတိုးတိုးလွင်-ဒေါက်တာမိုးဝင်းသာ(ခေတ္တ-ဂျမေကာ)၊ လေယာဉ်မှူးကြီး ဦးသိန်းဝင်းရွှေ(Air KBZ)-ဒေါ်မြဝင်းသာ၊ ဦးဉာဏ်ဝင်းအောင်-ဒေါ်မေမွန်မွန်(ခေတ္တ-ဂျမေကာ)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၁၀-၂၀၁၆ရက် မြန်မာစံတော်ချိန် နံနက် ၄နာရီတွင် ဂျမေကာနိုင်ငံ၊ မွန်တီဂိုဘေးလ်မြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးကျော်အုန်း (၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၁)လမ်း၊ အမှတ်(၅၂/ခ)နေ ဒေါ်ထားခင်၏ခင်ပွန်း၊ ဒေါ်ခင်သန့်ဆွေ၊ ဦးဝင်းမြင့်မော်-ဒေါ်မော်မော်၊ မောင်ဟန်စိုးတို့၏ဖခင်၊ မမေအိန္ဒြာထွန်း၊ မောင်လင်းသူအောင်တို့၏အဘိုး ဦးကျော်အုန်းသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၁-၂၀၁၆(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ဝင်းဖြူ
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ခြံအမှတ်(၆၇)၊ ပိုက်လုံးလမ်းနေ (ဦးလှမြင့်)၏ဇနီး၊ (ဦးမောင်ခ-ဒေါ်သန်း)တို့၏သမီး၊ ဦးစိုးမြင့်ဝင်း-ဒေါ်သီတာဆွေ၊ ဦးစိုးညွန့်ဝင်း (United Ocean Co., Ltd)-ဒေါ်မျိုးမျိုးဦး၊ ဦးအောင်မျိုးဝင်း၊ ဒေါ်အေးသီတာတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မအိမ့်မျက်ခြယ်၊ မောင်ရဲရင့်အောင်တို့၏ဘွားဘွားကြီးသည် ၂၅-၁၀-၂၀၁၆(အင်္ဂါနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးအောင်ကျော်နိုင် (၅၇)နှစ်
**AGTI(Civil)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၅၂)နေ (ဦးနီ)-ဒေါ်မမကြီးတို့၏သား၊ ဒေါက်တာဝင်းကိုကို-ဒေါ်မေရီမြင့်၊ ဦးသန့်စင်(ခ)ကိုချို(နယူးဇီလန်နိုင်ငံ)-(ဒေါ်သိင်္ဂီမြင့်)၊ ဒေါက်တာသိင်္ဂီ၊ (ဦးဗိုလ်ဗိုလ်)-ဒေါ်ခင်စန္ဒာတို့၏ညီ/မောင်၊ ဦးဆန်ဆန်-ဒေါ်အေးအေးမြင့်၊ ကိုအောင်မျိုးနိုင်-မသီတာကြင်၊ မမိုးချယ်ရီတို့၏အစ်ကို ဦးအောင်ကျော်နိုင်သည် ၂၅-၁၀-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၆ရက် နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်မြင့်မြင့်ဦး (၅၂)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ပဲကူကျေးရွာနေ (ဦးကိုကိုကြီး-ဒေါ်တင်ဥ)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်နေ [ဦးခင်မောင်တိုး (အထပြ)]-ဒေါ်ရီရီမြင့်(အလပြ၊ငြိမ်း)၊ ဦးခင်မောင်ကျော်-ဒေါ်ငယ်၊ ဦးစိုးလင်း-ဒေါ်ညိုညိုတို့၏တူမ၊ ကိုထွန်းမြင့်ဦး(အလပြ)-မအိနန္ဒာတိုး (မြန်မာ့စီးပွားရေးဘဏ်၊ မြင်းမူမြို့)တို့၏အစ်မ ဒေါ်မြင့်မြင့်ဦးသည် ၂၆-၁၀-၂၀၁၆ရက် နံနက် ၁၁း၅၀ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၆ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသား ၆၅ ဦးအား ကြိုဆိုလက်ခံ

**မြဝတီ အောက်တိုဘာ ၂၆**

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံ၌ ပြန်လည်နေထိုင်လိုသည့် မြန်မာနိုင်ငံသားများအား ကြိုဆိုလက်ခံခြင်း အခမ်းအနားကို မြဝတီမြို့နှင့်မဲဆောက်မြို့ဆက်သွယ်ထားသည့် ထိုင်း-မြန်မာချစ်ကြည်ရေးတံတားနှင့် မြဝတီမြို့ပြန်လည်ကြိုဆိုလက်ခံရေးစခန်း (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားရုံး)တို့၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံဘက်မှ ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဝီရအုရိုင်ရတ်က မြန်မာနိုင်ငံဘက်မှ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်လွင်ထံ နိုင်ငံသားများအား လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် မြဝတီမြို့ပြန်လည်ကြိုဆိုလက်ခံရေးနှင့် ယာယီတည်းခိုရေးစခန်း၌ ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ အမှတ်တရလက်ဆောင်များပေးအပ်ကာ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လူဦးရေစာရင်းများ လက်ခံရယူသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✪




ထိုင်း-မြန်မာ နယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မြန်မာနိုင်ငံသားများအား ကြိုဆိုလက်ခံစဉ်။ (သတင်းစဉ်)

# နေရပ်စွန့်ခွာလာသူများ နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မိမိတို့နေရပ်များသို့ပြန်လည်ထွက်ခွာ



ကယ်ဆယ်ရေးစခန်းများမှ နေရပ်ပြန်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

သတင်း - မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-နေလင်း

**စစ်တွေ အောက်တိုဘာ ၂၆**

စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောမြို့တို့ရှိကယ်ဆယ်ရေးစခန်းများတွင်ရောက်ရှိနေသူ အများစုသည် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသူဦးရေများလာကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ယနေ့ နံနက် ၇ နာရီခွဲတွင် စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်ခေတ္တစွန့်ခွာလာသူများ ယာယီထားရှိရာ ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၃၆ စုမှ လူဦးရေ ၁၁၀ သည် စစ်တွေမြို့ သင်္ဘောဆိပ်မှ ရွှေပြည်တန်အမြန်ရေယာဉ်ဖြင့်မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေပြီဖြစ်သည်။

“ဒီနေ့ပြန်တာကမောင်တောတောင်ပိုင်း မောရဝတီ၊ အောင်သာယာ၊ ကန်သာယာကျေးရွာတွေက ဒေသခံတွေပါ။ ဒီနေ့နဲ့ဆို သူတို့နေရပ်ပြန်တာ လေးသုတ်ရှိပါပြီ။ နေရပ်ပြန်တာအားလုံးပေါင်း လူဦးရေ ၃၀၀ ခန့် ရှိပါတယ်။ ပြည်နယ်အစိုးရအနေနဲ့လည်း ကျေးရွာတွေအထိ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

**အလယ်အလတ် အခွန်ထမ်းများ ကိုယ်တိုင်အခွန်စည်းကြပ်သည့် စနစ်ဖြင့် အခွန်များ ပေးဆောင်နိုင်မည်**

စာမျက်နှာ - ၁၁

**စပါးကို အနိုင်ရရှိခဲ့သည့် လီဗာပူး အီးအက်ဗ်အယ်လ်ကွာတားတက်ပြီး ပြိုင်ပွဲအရပ်ရပ်တွင် ၁၀ ပွဲ ဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်**

စာမျက်နှာ - ၁၃

